ကာလေန ဓမ္မသဝနံ တော် မင်္ဂလ မုတ္တမံ၊ သင့်လျော်သောအခါ၌ တရားနာခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။

Established 1914

၁၃၆၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၅ ရက်၊ ၂၀၀၃ ခုနှစ်၊ အောက်တိုဘာ ၂၉ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ(၄၁)၊ အမှတ်(၂၉)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်း သာယာရေး နှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများ ကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည် ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအား သည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများမပျောက် ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တူရကီနိုင်ငံအမျိုးသားနေ့ ဝမ်းမြောက်သဝဏ်လွှာပေးပို့

ရန်ကုန် အောက်တိုဘာ ၂၉

၂၀၀၃ ခုနှစ် အောက်တိုဘာ ၂၉ ရက်နေ့တွင်ကျရောက်သော တူရကီသမ္မတနိုင်ငံ၏ အမျိုးသားနေ့အတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံမှ တူရကီသမ္မတနိုင်ငံသမ္မတ မစ္စတာ အာမက်၊ နက်(ခ်)ဒက်၊စီဇာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ကမ္ဘောဒီးယား–လာအို–မြန်မာ–ထိုင်း လေးနိုင်ငံ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ အကောင်အထည်ဖော်ဆောင်ရွက်ရေးနှင့်ပတ်သက်သည့် အစည်းအဝေးသို့ တက်ရောက်ဆွေးနွေးမှာကြားစဉ်။ (သတင်းစဉ်)

ကမ္ဘောဒီးယား–လာအို–မြန်မာ–ထိုင်း လေးနိုင်ငံစီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာထိပ်သီးအစည်းအဝေး လေးနိုင်ငံအပြင်အာဆီယံဒေသတစ်ခုလုံးကိုပါအကျိုးဖြစ်ထွန်းစေမည့်အစည်းအဝေးကြီးဖြစ် အစည်းအဝေးကြီး မြန်မာနိုင်ငံ၌အောင်မြင်စွာကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်မှုများဆောင်ရွက်

ရန်ကုန် အောက်တိုဘာ ၂၈

ကမ္ဘောဒီးယား–လာအို–မြန်မာ–ထိုင်း လေးနိုင်ငံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ အကောင်အထည်ဖော်ဆောင်ရွက်ရေးနှင့်ပတ်သက်သည့် အစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဧယျာသီရိဗိမာန် အစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်ဆွေးနွေးမှာကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း၊ အတွင်းရေးမှူး(၂)ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းစိန်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

ထိပ်သီးအစည်းအဝေးကျင်းပမည်

ရှေ့ဦးစွာနိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကား ပြောကြားရာတွင် မြန်မာ–ထိုင်း–လာအို–ကမ္ဘောဒီးယား လေးနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ မဟာဗျူဟာ ချမှတ်ရေး ထိပ်သီးအစည်းအဝေးကို မြန်မာနိုင်ငံ၌ မကြာမီကျင်းပဖြစ်သည့်အတွက် ထိုအစည်းအဝေးတွင် ဆွေးနွေးမည့် ဘာသာရပ်များနှင့် ပတ်သက်ပြီး ကြိုတင်ညှိနှိုင်း ဆွေးနွေးကြရန်ဖြစ်ကြောင်း။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ယခုနှစ်ဧပြီလ ၂၉ရက်ကကျင်းပခဲ့သည့် ကူးစက်မြန်ပြင်းထန်အဆုတ်ရောင်ရောဂါနှင့်ပတ်သက်သည့် အာဆီယံထိပ်သီးအစည်းအဝေးကို တက်ရောက်ခဲ့ကြောင်း၊ ထိုအစည်းအဝေးတက်ရောက်စဉ်တွင် မြန်မာ–ထိုင်း–ကမ္ဘောဒီးယား–လာအို လေးနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ မဟာဗျူဟာချမှတ်ရေး *စာမျက်နှာ ၉ ကော်လံ ၁* ❑

ဧရာဝတီတိုင်းမိုးစပါးကော ၃၄ သိန်းကျော်စိုက်ပျိုးဖြစ်ထွန်း

ရန်ကုန် အောက်တိုဘာ ၂၈

ဧရာဝတီတိုင်း၌ ၂၀၀၃–၂၀၀၄ ခုနှစ်တွင် မိုးစပါးကော ၃၃၇၆၃၂၀ စိုက်ပျိုးရန်လျာထားရာ ယနေ့အထိကော ၃၄၀၃၃၀၀ စိုက်ပျိုးပြီးဖြစ်၍ လျာထားချက်ပြည့်မီကျော်လွန်အောင် စိုက်ပျိုးပြီးဖြစ်ကြောင်းနှင့် စိုက်ပျိုးပြီးစပါးများ ရှင်သန်ဖြစ်ထွန်းလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၃ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်)

တနင်္သာရီတိုင်းဒေသဖွံ့ဖြိုးရေးကြိုးပမ်း စီးပွားရေးလုပ်ငန်းများဖိဖိစီးစီးဆောင်ရွက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် အမျိုးသားရေး ရည်မှန်းချက်ပန်းတိုင်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးပေါ်ထွန်းလာရေးအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက် ၁၂ ရပ်ချမှတ်၍ နေ့မအား ညမနား ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ကြိုးပမ်းဆောင်ရွက်ရာတွင် ပြည်တွင်းတွင်ရှိသည့် အမျိုးသားရေးစွမ်းအားစုများ၏ စွမ်းပကားကို အားပြုပြီး တစ်မျိုးသားလုံး၏ ပူးပေါင်းပါဝင်မှုစွမ်းအားနှင့် စွမ်းဆောင်ခဲ့သဖြင့် ယခုအခါ ဖွံ့ဖြိုးတိုးတက်မှုရလဒ်ကောင်းများ ဖြစ်ထွန်းနေပြီ ဖြစ်သည်။

တစ်ချိန်က လမ်းပန်းဆက်သွယ်သွားလာမှု အခက်အခဲများကြောင့် ဖွံ့ဖြိုးတိုးတက်မှုနှေးကွေးခဲ့ရသည့် တနင်္သာရီတိုင်းကို နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်ချက်များနှင့်အညီ နိုင်ငံတော်အပိုင်းမှ တာဝန်ရှိသူများသည် အကြိမ်ကြိမ်ကွင်းဆင်းပြီး ပြုပြင် ဖန်တီးပေးသင့်သည်များကို ညှိနှိုင်းလုပ်ကိုင် ဆောင်ရွက်ပေးခဲ့ကြသည်။

တနင်္သာရီတိုင်းတွင် ထားဝယ်၊ မြိတ်၊ တနင်္သာရီ၊ ဘုတ်ပြင်း၊ ကော့သောင်းတို့အကြား ရေခြားမြေခြား ဖြစ်နေမှုကို တစ်သားတည်း ဆက်စပ်သွားအောင် မော်တော်ကားလမ်းများကို ဖောက်လုပ်ပေးနေသကဲ့သို့ ပေ၅၀၀နှင့်အထက် တံတားကြီးများဖြစ်သည့် ဝင်းဝတံတား၊ ပလောက်တံတား၊ ပုလောတံတား၊ တနင်္သာရီတံတား၊ ပသောင်းတံတား၊ လေညှာ-မဏ္ဍိုင်တံတား၊ ကွဲကူး-ကျောက်ဖျာတံတားတို့ကို တည်ဆောက်ပေးခဲ့သဖြင့် မြန်မာနိုင်ငံမြောက်ဘက်စွန်းမှ တောင်ဘက်အစွန်ဆုံး ကော့သောင်းမြို့အထိ တစ်ဆက်တစ်စပ်တည်း သွားလာနိုင်ပြီဖြစ်သည်။ မြိတ်လေဆိပ်၊ ကော့သောင်းလေဆိပ်တို့ကိုလည်း တိုးချဲ့တည်ဆောက်ပေးခဲ့သည့်အပြင် သင်္ဘောများ လွယ်ကူစွာ ဆိုက်ကပ်ရပ်နားနိုင်ရန် ဆိပ်ခံတံတားသစ်များကိုလည်း ဖြစ်နိုင်သည့်နေရာများ၌ တိုးချဲ့တည်ဆောက်ပေးလျက်ရှိသည်။

ယင်းကဲ့သို့ ကုန်းလမ်း၊ ရေလမ်း၊ လေကြောင်းလမ်းစသည့် လမ်းပန်းဆက်သွယ်မှုဆိုင်ရာ အခြေခံအဆောက်အအုံများ တိုးချဲ့တည်ဆောက်သကဲ့သို့ ဒေသဖွံ့ဖြိုးရေးအတွက် ဖြစ်နိုင်ခြေရှိသည့် စီးပွားရေးလုပ်ငန်းများကိုလည်း အားပေးပျိုးထောင်ပေးလျက်ရှိသည်။ မြိတ်နှင့်ကော့သောင်းအကြား ရေ၊ မြေ၊ ရာသီဥတုအခြေအနေအရ ဖြစ်ထွန်းအောင်မြင်နိုင်သည့် နှစ်ရှည်သီးနှံပင် ဆီအုန်းစိုက်ပျိုးရေးကို လက်တွေ့ကျကျ အားပေးခွင့်ပြုခဲ့သည်။

ထို့ကြောင့် ယခုအခါ ပုဂ္ဂလိကဆီအုန်းခြံကြီးများ ဧကထောင်ချီ၍ ဖြစ်ထွန်းလာနေပြီး ဆီအုန်းဆီကြိတ်စက်ရုံများကိုလည်း စတင်ထူထောင်နေပြီဖြစ်ရာ မကြာမီကာလအတွင်း တနင်္သာရီတိုင်းသည် နိုင်ငံတော်အတွက် စားအုန်းဆီထုတ်လုပ်ပေးသည့် ဆီအိုးကြီးအဖြစ် ရောက်ရှိလာတော့မည်ဖြစ်သည်။

ရေသယံဇာတ၊ မြေသယံဇာတပေါများသည့် တနင်္သာရီတိုင်းတွင် နိုင်ငံတော်၏ဆီအိုးကြီးဖြစ်လာရမည်ဟူသည့် မျှော်မှန်းချက်ဖြင့် ဆီအုန်းဧကေါသိန်းစိုက်ပျိုးရန် နိုင်ငံတော်က အားပေးဆောင်ရွက်ခဲ့ရာ ယခုအခါဆီအုန်းဧက တစ်သိန်းကျော်ခန့် စိုက်ပျိုးလာနိုင်ပြီ ဖြစ်သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် အောက်တိုဘာလ ၂၂ရက်နေ့က ကော့သောင်းမြို့နယ် ခမောက်ကြီးဒေသရှိ ယုဇနကုမ္ပဏီလီမိတက်၏ ဆီအုန်းစိုက်ပျိုးရေးစီမံကိန်းရှင်းလင်းဆောင်၌ ဆီအုန်းစိုက်ပျိုးရေး လုပ်ငန်းရှင်များအား တွေ့ဆုံမှာကြားသည်။

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက ဆွေးနွေးမှာကြားရာတွင်-

"တနင်္သာရီတိုင်း၌ မျှော်မှန်းထားသည့်အတိုင်း ဆီအုန်းများတိုးချဲ့စိုက်ပျိုးပြီး စားအုန်းဆီထုတ်လုပ်လာနိုင်သည်နှင့်အမျှ ပြည်တွင်း၌ စားသုံးဆီဖူလုံရုံသာမက ပိုလျှံသည်တို့ကို ပြည်ပဈေးကွက်သို့ တင်ပို့နိုင်မည်ဖြစ်ကြောင်း၊ ဆီအုန်းစိုက်ပျိုးမှုလုပ်ငန်းသည် သွင်းကုန် အစားထိုးလုပ်ငန်းအဖြစ်သာမက ပြည်ပပို့ကုန်လုပ်ငန်းအဖြစ်ပါ မျှော်မှန်းရရှိသည့် စီးပွားရေး လုပ်ငန်းဖြစ်ကြောင်း၊ နိုင်ငံတော်အတွက်လည်းအကျိုးရှိ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များအတွက်လည်း အကျိုးရှိသည့် လုပ်ငန်းဖြစ်၍လည်း မိမိတို့အားပေးပျိုးထောင်မှုများ ပြုလုပ်ခြင်းဖြစ်ကြောင်း" ပြောကြားသွားသည်။

နိုင်ငံတော်က တနင်္သာရီတိုင်းတွင် ဆီအုန်းစိုက်ပျိုးမှုအပါအဝင် စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာအောင် အခြေခံအားဖြင့် လိုအပ်သောလမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်ရေးနှင့် နယ်မြေလုံခြုံရေးကို အလေးထားဖြည့်ဆည်းပေးလျက်ရှိနေပေသည်။

တနင်္သာရီတိုင်း၏ ရေ၊ မြေ၊ အခြေအနေအရဆီအုန်းစိုက်ပျိုးမှုအပြင် ရော်ဘာစိုက်ပျိုးမှု၊ ငရုတ်ကောင်းစိုက်ပျိုးမှုတို့ကိုလည်း ထိထိရောက်ရောက် တိုးချဲ့လုပ်ကိုင်ကြရမည်ဖြစ်သည်။ ဒေသဆန်ဖူလုံခိုင်မာအောင် လုပ်ဆောင်ရမည်ဖြစ်သကဲ့သို့ သဘာဝအနေအထားအရ အောင်မြင်နေသော ငါး၊ ပုစွန်မွေးမြူရေးလုပ်ငန်းကိုလည်း ဆက်လက် တိုးချဲ့လုပ်ကိုင်သွားကြရမည် ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်၏ အားပေးပံ့ပိုးဖြည့်ဆည်းမှုများနှင့်အညီ တနင်္သာရီတိုင်း ဒေသဖွံ့ဖြိုးရေးကြိုးပမ်းဆောင်ရွက်ရင်း ဒေသခံပြည်သူများ၏ လူနေမှုအဆင့်အတန်းမြင့်မားရေးအတွက် တာဝန်ရှိသူအသီးသီးက ဖြစ်ထွန်းနိုင်သည့် စီးပွားရေး လုပ်ငန်းများကို ဖိဖိစီးစီး အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အမျိုးသားရေးဆောင်ပုဒ်၊ စာပေနှင့်ခေတ်ပုံပြိုင်ပွဲကျင်းပရေးကော်မတီ ဝတ္ထုတို၊ ဆောင်းပါးနှင့် ကဗျာပြိုင်ပွဲ ဆုရသူများကြေညာ

ရန်ကုန် အောက်တိုဘာ ၂၈

၂၀၀၃ခုနှစ် (၁၄)ကြိမ် အမျိုးသားရေးဆောင်ပုဒ် စာပေနှင့် ခေတ်ပုံပြိုင်ပွဲ ကျင်းပရေးကော်မတီက ဝတ္ထုတို၊ ဆောင်းပါးနှင့် ကဗျာပြိုင်ပွဲများ ကျင်းပပေးခဲ့ရာ ဆုရရှိသူများစာရင်းကို သက်ဆိုင်ရာက အောက်တိုဘာ ၂၆ရက်က ထုတ်ပြန်ကြေညာသည်။

ဝတ္ထုတိုပြိုင်ပွဲတွင် မြခြူးအိမ်၏ 'သစ္စာသွေးဖြင့်ဆေးခဲ့သည်'က ပထမ၊ သန်းမင်းထိုက်(မြန်မာစာ)၏ 'ရွှေဖလားကို ငွေအနားမကွပ်လိုတော့ပါ'က ဒုတိယ၊ သိန်းဇော်(ရွှေလီဦး)၏ 'အပင်စစ်သော်အမြစ်မြေမှာ'က တတိယ ရရှိသည်။

ဆောင်းပါးပြိုင်ပွဲတွင် စခင်လေးဦး၏ 'လေးရပ်လူမှုအခြေပြု၊ ရေးရှုလှမ်းချီပြည်သစ်ဆီ'က ပထမ၊ မလှသိန်း၏ 'လူမှုရေးမျက်နှာစာမှ ခံကတုတ်များ'က ဒုတိယ၊ ဖြူမေသော်(မြန်အောင်)၏ 'အမျိုးသားယဉ်ကျေးမှု ထိန်းသိမ်းရေး'က တတိယရရှိသည်။

ကဗျာပြိုင်ပွဲတွင် မင်းယဉ်စု၏ 'တုနှိုင်းမဲ့ရွှေနိုင်ငံ'က ပထမ၊ မင်းသွေးနွယ်(ဇီးကုန်း)၏ 'အောင်ပွဲတွေခံ အောင်လံတွေလွှင့် မျိုးမာန်ဝင့်လျက် ဂုဏ်ဆင့်လျက်'က ဒုတိယ၊ မောင်သင်းပျံ့ (ကျိုက်ထော်)၏ 'စခန်းအသင့်လမ်းအသင့်'က တတိယ ရရှိသည်။

ပထမ၊ ဒုတိယ၊ တတိယဆု ရရှိသူများကို နိုဝင်ဘာ ၂၄ ရက် တနင်္လာနေ့(နတ်တော်လဆန်း ၁ ရက်) စာဆိုတော်နေ့တွင် ရန်ကုန်မြို့၌ အခမ်းအနားဖြင့် ဆုများချီးမြှင့်မည်ဖြစ်သည်။

ပထမ၊ ဒုတိယ၊ တတိယဆု ရရှိသူများသည် နိုဝင်ဘာ ၂၁ ရက် ရုံးချိန်အတွင်း ဦးကိုကိုထွေး၊ အတွင်းရေးမှူး ပြိုင်ပွဲကျင်းပရေးကော်မတီ၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားထံ လူကိုယ်တိုင်သတင်းပို့ကြရမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အောက်တိုဘာ၂၅ရက်ကကျောင်းနှင့်ဝန်းကျင်သန့်ရှင်းရေးအစီအစဉ်အရ လှိုင်သာယာမြို့နယ် အမှတ် (၂) အခြေခံပညာ အထက်တန်းကျောင်းဝင်းအတွင်း၌ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ရွှေ ဦးဆောင်၍ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ စုပေါင်း၍ သန့်ရှင်းရေးဆောင်ရွက်ကြရာ မြို့နယ်ပညာရေးမှူး ဦးဖေမာန်က လိုက်လံကြည့်ရှုအားပေးစဉ်။ (က-ပ)

ကျောက်ကုန်း တောရ မေဓိနီကျောင်း ဘုံကထိန်ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂၈

ရန်ကုန်မြို့ ရန်ကင်းမြို့နယ် ကျောက်ကုန်းတောရ မေဓိနီကျောင်းတိုက်ကြီး၏ (၅၇) ကြိမ်မြောက် ဘုံကထိန်ပွဲတော်ကို နိုဝင်ဘာ ၈ရက် (တန်ဆောင်မုန်းလပြည့်)နေ့တွင် ကျင်းပမည်ဖြစ်သည်။

ဘုံကထိန်ပွဲတော်နှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဆက်ကပ်လှူဒါန်းသော မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ စာချဆရာတော် ဦးဝိလာသအား ဂုဏ်ပြုသိင်္ဃပူဇာသဘင်၊ စာအောင်သံဃာတော် ၅၅ပါးနှင့် စာချ နာယက ဆရာတော် ၁၀ပါးတို့အား ပူဇော်ကန်တော့ပွဲနှင့် ခုဒ္ဒသိက္ခာ မေဓိနီသုံးထပ်ကျောင်းဆောင် စုပေါင်းရေစက်ချ အခမ်းအနားများကိုပါ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

အင်္ဂလိပ်စကားပြော သင်တန်းဖွင့်မည်

ရန်ကုန် အောက်တိုဘာ ၂၈

လက်တွေ့ သဒ္ဒါနည်းကျကျ ရေး၊ ဖတ်၊ ပြော ကျွမ်းကျင်စေရန် ဆရာမကြီး ဒေါ်တင်လှိုင် B.A(Eng.)ဦးစီး၍ စနစ်တကျသင်ကြားမည့် အင်တာဗျူးတစ်ပတ်၊ ခရီးသွား တစ်လ၊ အခြေခံ အဆင့်မြင့်တစ်လ၊ Seamen Course, Tourism, Hotel, Company, Student Visa, Grammer, Phonetic အင်္ဂလိပ်စကားပြော သင်တန်းများကို တန်းခွဲသစ်များအဖြစ် ရုံးဝန်ထမ်းများအတွက် စနေ၊တနင်္ဂနွေ အထူးတန်းခွဲကို ဖွင့်လှစ်မည် ဖြစ်ရာ စုပါအေဝမ်း အင်္ဂလိပ်စကားပြော သင်တန်း ဖုန်း-၅၁၁၂၃၁ သို့ ဆက်သွယ် စုံစမ်းနိုင်ကြောင်း သိရသည်။

(က-ပ)

မင်္ဂလာဒုံဈေးနှင့် ခရေပင်လမ်းမကြီးကို ဆက်သွယ်ထားသော သပြေလမ်းမကြီးကို ကျပ်သိန်း ၁၈၀ အကုန်အကျခံကာကိုယ့်အားကိုယ်ကိုးနိုင်လွန်ကတ္တရာလမ်းမကြီး စတင်ခင်းလျက်ရှိရာ အောက်တိုဘာ ၂၆ရက်က လမ်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်နှင့်အဖွဲ့ဝင်များ ကြည့်ရှုစစ်ဆေးစဉ်။ (၃၆၃)

အောက်တိုဘာ ၂၅ ရက်က မြောက်ဥက္ကလာပမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၏ သားဖွားခန်း အရည်အသွေးမြှင့်တင်ရေး ဆင့်ပွားသင်တန်းကို မြို့နယ်အသင်း သားဖွားခန်း၌ ကျင်းပရာ မြို့နယ်အသင်းဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်စန်းတင့်က ဆွေးနွေးပို့ချစဉ်။ (၃၂၂)

မန္တလေးတိုင်းရှိ လူမှုဝန်ထမ်းလုပ်ငန်းများ ဝန်ကြီးဗိုလ်ချုပ်စိန်ထွား ကြည့်ရှုစစ်ဆေး

ရန်ကုန် အောက်တိုဘာ ၂၈

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားသည် အောက်တိုဘာ ၂၆ ရက်တွင် မန္တလေးတိုင်း လူမှုဝန်ထမ်းဦးစီးဌာနရုံး၌ မန္တလေးတိုင်းအတွင်းရှိ မီးသတ်ဦးစီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ ကယ်ဆယ်ရေး ဦးစီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ လိုအပ်သည်များ ဆွေးနွေးမှာကြားခဲ့သည်။

ဝန်ကြီးသည် ယမန်နေ့နံနက်ပိုင်းတွင် ပုသိမ်ကြီးမြို့နယ် ရှင်တော်ကုန်းကျေးရွာသို့ ရောက်ရှိပြီး အမျိုးသမီးစောင့်ရှောက်ရေးဌာန တည်ဆောက်မည့်မြေနေရာကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ ဝန်ကြီးသည် တာဝန်ရှိသူများလိုက်ပါလျက် မန္တလေးမြို့ လူမှုဝန်ထမ်းဦးစီးဌာနအောက်ရှိ ကလေးပြုစုရေးဌာန၊ အမျိုးသမီးကလေးများ သင်တန်းကျောင်းနှင့် အမျိုးသမီး ဖွံ့ဖြိုးတိုးတက်ရေးဌာနများသို့ ရောက်ရှိပြီး ကလေးငယ်များ၏ ကျန်းမာရေး၊ ပညာသင်ကြားနိုင်မှု၊ အလုပ်အကိုင် ရှာဖွေပေးနိုင်မှု၊ သက်သာချောင်ချိရေးကိစ္စရပ်များနှင့် ပတ်သက်ပြီး တာဝန်ရှိသူများအား အသေးစိတ်ဆွေးနွေးမှာကြားသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် နားမကြားသောကလေးများကျောင်းသို့ ရောက်ရှိပြီး ကလေးများ၏ သက်မွေးပညာသင်တန်းခန်းမ၊ ကွန်ပျူတာခန်းမ၊ စာသင်ခန်းမနှင့် အိပ်ဆောင်တို့ကို လှည့်လည်ကြည့်ရှု၍ နားမကြားသော ကလေးများကျောင်း၌ အသစ်ဆောက်လုပ်မည့် နှစ်ထပ်ကျောင်းဆောင်သစ် မြေနေရာကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား အဆောက်အအုံများကို စံချိန်စံညွှန်းပြည့်မီစွာဖြင့် သတ်မှတ်ချိန် အတွင်းပြီးစီးနိုင်ရေး လိုအပ်သည်များမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ

ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးနှင့် ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း မဇင်းစက်မှုလက်မှုကုန်ထုတ်သမဝါယမအသင်းလုပ်ငန်းများ စစ်ဆေးမှာကြား

ရန်ကုန် အောက်တိုဘာ ၂၈

သမဝါယမဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ဌေးဦးသည် ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းနှင့်အတူ သမဝါယမဝန်ကြီးဌာနမှ တာဝန်ရှိသူများ လိုက်ပါလျက် ယမန်နေ့နံနက် ၁၀ နာရီတွင် ပဲခူးတိုင်း ပဲခူးမြို့ မဟာစေတီလမ်း မဇင်းရပ်ကွက်ရှိ မဇင်းစက်မှုလက်မှုကုန်ထုတ်သမဝါယမအသင်းသို့ရောက်ရှိပြီး ယင်းအသင်းလီမိတက်၏ စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ရှင်းလင်းဆောင်၌ ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက အသင်းအမှုဆောင်အဖွဲ့နှင့် တာဝန်ရှိသူများအား တွေ့ဆုံပြီး လိုအပ်သည်များမှာကြားသည်။

ဆက်လက်၍ ရထားပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီးဗိုလ်ချုပ်အောင်မင်းက မဇင်းစက်မှုလက်မှုကုန်ထုတ်သမဝါယမအသင်း၏ လုပ်ငန်းဆောင်ရွက်မှုများအပေါ် အကြံပြုဆွေးနွေးမှာကြားသည်။

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် ပဲခူးမြို့ အမှတ်(၃) မင်းလမ်းမကြီးပေါ်ရှိ စက်မှုလက်မှုကုန်ထုတ် သမဝါယမအသင်းစုချုပ် လီမိတက်၏ အရောင်းဆိုင်သို့ရောက်ရှိပြီး အရောင်းဆိုင်တွင် ရောင်းချမည့် ဓာတုအင်ဂျင်နီယာ ကုန်ထုတ်သမဝါယမအသင်းလီမိတက်မှ ထုတ်လုပ်သည့် ရေပိုက်နှင့် ပိုက်ဆက်ပစ္စည်းများ၊ ပလတ်စတစ်ပုံးများ၊ မဟာမြေမြေသြဇာများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။ **(သတင်းစဉ်)**

သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးနှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း အောက်တိုဘာ ၂၇ ရက်က ပဲခူးမြို့ မဇင်းစက်မှုလက်မှု ကုန်ထုတ်သမဝါယမအသင်း လီမိတက်မှ ထုတ်လုပ်သော ပစ္စည်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သမဝါယမ)

အခြေခံရှေးဦးသူနာပြုသင်တန်းများဖွင့်

မောင်တော စက်တင်ဘာ ၃၀

မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၏ ရည်မှန်းချက်များအနက် လုပ်ငန်းတစ်ခုဖြစ်သော ကျန်းမာရေးမြှင့်တင်ရန် ဆိုသည့် ရည်ရွယ်ချက်ကို အကောင်အထည်ဖော်သည့်အနေဖြင့် လူတိုင်းကျန်းမာရေး အသိပညာရရှိစေရန်အတွက် လည်းကောင်း၊ အရေးပေါ်ပြုစု ကုသမှု တတ်သိနားလည်စေရန်အတွက်လည်းကောင်း ဘူးသီးတောင်မြို့နယ် သပိတ်တောင်ကျေးရွာအုပ်စုအတွင်းရှိ ဒေသခံပြည်သူ ၄၀ ကို စက်တင်ဘာ ၂၃ ရက်မှ ၂၄ ရက် အထိလည်းကောင်း၊ ရေရရှိရေးဆောင်ရွက်သည့်အဖွဲ့မှ ဝန်ထမ်း ၃၂ ဦးကို မောင်တောမြို့ (ACF)ရုံး၌ စက်တင်ဘာ ၂၅ ရက်မှ ၂၇ ရက်အထိ လည်းကောင်း ရှေးဦးသူနာပြု အခြေခံသင်တန်းများကို ဖွင့်လှစ်ပို့ချပေးခဲ့ကြောင်း သိရသည်။

(က-ပ)

အောက်တိုဘာ ၂၈ရက်က မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးကျင်းပသော ကျန်းမာရေးအသိပညာပေး ဟောပြောပွဲကို ကမာရွတ်မြို့နယ် ပြတိုက်အစည်းအဝေးခန်းမ၌ ကျင်းပရာ ရန်ကင်းမြို့နယ်မှ ဒေါက်တာဒေါ်ခင်သန်းနွဲ့က သားအိမ်ကင်ဆာရောဂါနှင့် သားမြတ်ကင်ဆာရောဂါအကြောင်းကို ဆွေးနွေးဟောပြောစဉ်။ (သတင်းစဉ်)

သာသနာ့ဗိမာန်ရိပ်သာ(အင်းစိန်) ဘုံကထိန်လျာသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂၈

နှစ်စဉ်ကျင်းပမြဲဖြစ်သော (၁၄)ကြိမ်မြောက် ဘုံကထိန်လျာသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို တန်ဆောင်မုန်းလပြည့်နေ့ (နိုဝင်ဘာ ၈ ရက်)တွင် အင်းစိန်မြို့နယ် ကြို့ကုန်းအရှေ့ရပ်ကွက် မဟာသုခိတာလမ်းရှိ မဟာစည်သြဝါဒခံ သာသနာ့ဗိမာန်ရိပ်သာ၌ (ဦးအောင်ခင်)-ဒေါ်ကြည်လေးမိသားစု မတည်လျက် သာသနာ့နုဂ္ဂဟအဖွဲ့ တရားဝင်ယောဂီများနှင့် စေတနာရှင်များက စုပေါင်းကျင်းပမည်ဖြစ်သည်။

အလှူရှင်များကိုယ်တိုင် သင်္ကန်းများ ဆက်ကပ်လှူဒါန်းနိုင်ရန် စီစဉ်ထားပြီး သာသနာ့ဗိမာန်ယောဂီများ၊ အလှူရှင်များပါဝင်ကုသိုလ်ရယူ လှူဒါန်းနိုင်ရန် သာသနာ့နုဂ္ဂဟအဖွဲ့ရုံး ဖုန်း-၆၄၁၃၂၄သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းနှင့် သာသနာ့ဗိမာန်ရိပ်သာ ဆရာတော် ဘဒ္ဒန္တဝါယာမာဝုဓ(မဟာကမ္မဋ္ဌာနာစရိယ)က အနုမောဒနာတရား ဟောကြားတော်မူမည်ဖြစ်ကြောင်းသိရသည်။ **(က-ပ)**

အိမ်တွင်းပြုစုစောင့်ရှောက်မှုလုပ်ငန်း နည်းပြသင်တန်းဖွင့်

ရန်ကုန် အောက်တိုဘာ ၂၈

မြန်မာနိုင်ငံ သူနာပြုအသင်းနှင့် Save the Children (UK) တို့ပူးပေါင်းဆောင်ရွက်လျက်ရှိသောလူထုအခြေပြု အိမ်တွင်းပြုစုစောင့်ရှောက်မှုလုပ်ငန်းနည်းပြသင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးရှိ သူနာပြုများအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာတိတ်ဝမ်း၊ Save the Children (UK) မှ အစီအစဉ်ပေါင်းစပ်ညှိနှိုင်းရေးမှူး ဒေါက်တာညွှန့်ညွှန့်သိန်း၊ မြန်မာနိုင်ငံ သူနာပြုအသင်း(ဗဟို)ဥက္ကဋ္ဌ ဒေါ်အိဘာဘာရီ၊ သူနာပြုအုပ်ကြီး ဒေါ်ခင်စန်းကြည်နှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ သူနာပြုအသင်း(ဗဟို)ဥက္ကဋ္ဌ ဒေါ်အိဘာဘာရီနှင့် ဆေးရုံအုပ်ကြီးဒေါက်တာ တိတ်ဝမ်တို့က အမှာစကားပြောကြားကြသည်။ သင်တန်းသို့ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)နှင့် မန္တလေးတိုင်းတို့မှ သင်တန်းသား ၁၆ ဦးတို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ သုံးရက်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၂၉-၁၀-၂၀၀၃ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ အဘိဓေအဂ္ဂမဟာသဒ္ဓမ္မ ဇောတိကတောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၅။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
- ၈:၀၅ ၆။ တေးသရုပ်ဖော်အစီအစဉ်
- ၈:၁၀ ၇။ အကပြိုင်ပွဲ
- ၈:၂၀ ၈။ သင်ပုန်းရေလှောင်တမံ
- ၈:၃၀ ၉။ International News
- ၈:၄၅ ၁၀။ Learning English the Easy and Happy Way for Children and Beginners
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၁၆:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ Practice in Reading
- ၁၆:၄၀ ၄။ ငယ်မူဟန်ပန်သူ့အသံ
- ၁၆:၅၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ် (ရုက္ခဗေဒအထူးပြု) (ရုက္ခဗေဒ)
- ၁၇:၀၅ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၁၇:၂၀ ၇။ သီချင်းကြီးပဒေသာ
- ၁၇:၃၅ ၈။ သံလွင်တံတား(မော်လမြိုင်)
- ၁၇:၄၅ ၉။ တေးဂီတအစီအစဉ်
- ၁၈:၀၀ ၁၀။ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
- ၁၈:၁၅ ၁၁။ Discovery
- ၁၈:၃၀ ၁၂။ ညနေခင်းသတင်း
- ၁၉:၀၀ ၁၃။ မိုးလေဝသအခြေအနေ
- ၁၉:၀၅ ၁၄။ Milo Success in Soccer
- ၁၉:၁၀ ၁၅။ ကော်ဖီ(အပိုင်း-၂)
- ၁၉:၂၅ ၁၆။ တေးဂီတအစီအစဉ်
- ၁၉:၄၀ ၁၇။ နိုင်ငံအဝန်းသစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်။
- ၂၀:၀၀ ၁၈။ ပြည်တွင်းသတင်း
- ၁၉။ နိုင်ငံတကာသတင်းများ
- ၂၀။ မိုးလေဝသအခြေအနေ
- ၂၁။ ၂၀၀၃ ခုနှစ် ဧကာဒသမအကြိမ် (၁၁ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ
- ၂၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **"မေတ္တာဟူသည်"**(အပိုင်း-၅)
- ၂၃။ နောက်တစ်နေ့အစီအစဉ်
- ၂၄။ အစီအစဉ်ပြီး၏။

အောက်တိုဘာ ၂၃ ရက်က ဗဟန်းမြို့နယ် ကျိုက္ကဆံရပ်ကွက် ဝက်သက်ကာကွယ်ဆေးထိုးနှံခြင်းကို ရပ်ကွက်ဓမ္မာရုံတွင် ကျင်းပရာ အသက် ကိုးလမှငါးနှစ်အရွယ် ကလေးများကို ဝက်သက်ကာကွယ်ဆေး ထိုးနှံပေးစဉ်။ (က-ပ)

အင်္ဂလိပ်စာသင်တန်းများဖွင့်မည်

ရန်ကုန် အောက်တိုဘာ ၂၈

OBF Language Center တွင် ကျောင်းသူ ကျောင်းသားများနှင့် လုပ်ငန်းခွင်ဝင်မည့်သူများအတွက် အင်္ဂလိပ်စာနှင့် စကားပြော သင်တန်းများဖြစ်သော Spoken English Courseသင်တန်းကို နိုဝင်ဘာ ၁ ရက်တွင် လည်းကောင်း၊ Grammar & Writing Course, Interactive General English Course, All-Rourd Development Course (Speaking-Listening-Reading-Writing)သင်တန်းများကို နိုဝင်ဘာ ၁ ရက်နှင့် ၅ ရက်များတွင် လည်းကောင်း၊ IELTS (International English Language Testing System)သင်တန်းကို နိုဝင်ဘာ ၁ ရက်နှင့် ၃ ရက်များတွင် လည်းကောင်း၊ TOEFL (TWE), BEC, Foreign Going English Course. သင်တန်းများကို လည်းကောင်း ဆရာတိုနီက သင်ကြားပို့ချပြီး လစဉ်တန်းခွဲသစ်များကို ဖွင့်လှစ်လျက်ရှိရာ အမှတ် ၂၃၃၊ ၃၅ လမ်း(အထက်)၊ ပထမထပ်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၂၈၆၀၁၇ သို့ ဆက်သွယ် စုံစမ်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

အမေရိကန်ပြည်ထောင်စုရှိ မြို့ကြီး ၁၄၅ မြို့ကျော်မှ ငြိမ်းချမ်းရေးလိုလားသူများ အီရတ်သိမ်းပိုက်မှုအဆုံးသတ်ရေး ဆိုင်းဘုတ်များကိုင်ဆောင်ပြီး ဝါရှင်တန်၌ဆန္ဒပြ

ဝါရှင်တန် အောက်တိုဘာ ၂၅

အမေရိကန်သမ္မတ ဂျော့ဒဗလျူဘုရှ်က အီရတ်စစ်ပွဲပြီးကြောင်း ကြေညာခဲ့ချိန်မှစပြီး ပထမဆုံးအကြိမ် ငြိမ်းချမ်းရေးဆန္ဒပြပွဲကြီးကိုဆင်နွှဲရန် အမေရိကန်ပြည်ထောင်စုရှိ မြို့ကြီး ၁၄၅မြို့ကျော်မှ ဆန္ဒပြသူများသည် ဝါရှင်တန်မြို့တွင်းသို့ စနေနေ့က တဖွဲဖွဲဝင်ရောက်လာခဲ့ကြသည်ဟု သိရသည်။

ဆန္ဒပြအုပ်စုငယ်များသည်အီရတ်ကိုအမေရိကန်သိမ်းပိုက်မှုအဆုံးသတ်ရေး တောင်းဆိုထားသည့် ဆိုင်းဘုတ်များကို သယ်ဆောင်လာကြကာ အမေရိကန်ကက်ပီတယ်လ် အဆောက်အအုံကြီး၏ အပြင်ဘက်၌ စုရုံးခဲ့ကြပြီး နောက် ဝါရှင်တန်မြို့လယ်သို့ဖြတ်၍ နေရှင်နယ်မောလ် ရှိရာသို့ ဦးတည်သွားရောက်ခဲ့ကြသည်။ နောက်ပိုင်း၌ အိမ်ဖြူရှိရာသို့ သွားရောက်ဝိုင်းခဲ့ကြသည်။ အလားတူ လူထုစုဝေးဆန္ဒပြပွဲကို ဆန်ဖရန်စစ္စကို၌လည်း ပြုလုပ်ရန် စီစဉ်ထားသည်ဟု သိရသည်။

မေ ၁ရက်၌ ဘုရှ်က အီရတ်တွင် စစ်ပွဲပြီးကြောင်း ကြေညာခဲ့ချိန်မှစပြီး အမေရိကန်ဦးဆောင်သိမ်းပိုက်မှုကို တိုက်ပွဲဝင်သော ပြောက်ကျားများ လက်ချက်ဖြင့် အမေရိကန်စစ်သား ၁၀၈ဦးသေဆုံးခဲ့ပြီးဖြစ်သည်။ အီရတ်တွင်ထိခိုက် သေဆုံးမှုများနှင့် ပတ်သက်၍ တိုးလာနေသော စိုးရိမ်ပူပန်မှုများကြောင့် လများစွာ ကြာအောင် ငြိမ်သက်နေခဲ့ရာမှ အမေရိကန်၌ စစ်ဆန့်ကျင်ရေးလှုပ်ရှားမှု ပြန်ပေါ်ပေါက်လာသည်ဟု ငြိမ်းချမ်းရေး လှုပ်ရှားသူများကပြောဆိုကြသည်။ မေ ၁ရက်မှစပြီး များပြားလှသော လူထုကြီးသည် အီရတ်ကို မသိမ်းပိုက်ရန်နှင့် ဘုရှ်အစိုးရ၏ နိုင်ငံခြားရေးမူဝါဒကို အလိုမရှိကြောင်းပြောဆိုရန်လမ်းမကြီးများသို့ပြန်ရောက်လာကြသည်ကို မိမိတို့ မြင်ရမည် ဖြစ်ကြောင်း နိုင်ငံတကာဆိုင်ရာ အန်ဆာအဖွဲ့ပြောရေးဆိုခွင့်ရှိသူဘရိုင်ယန်ဘက္ကာကပြောဆိုသည်။ **(အင်တာနက်)**

လှည့်လည်ဆန္ဒပြ

အောက်တိုဘာ ၂၇ရက်က အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့၌ စစ်ဆန့်ကျင်ရေးဆန္ဒပြသူ ထောင်ပေါင်းများစွာက ငြိမ်းချမ်းရေး စာတန်းပါ ဆိုင်းဘုတ်များကို ကိုင်ဆောင်၍ အိမ်ဖြူတော်အနီးဝန်းကျင်၌ လှည့်လည်ဆန္ဒပြနေသည်ကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဘဂ္ဂဒက်ရှိအမေရိကန်အုပ်ချုပ်မှုဗဟိုဌာနချုပ် ဗုံးပေါက်ကွဲမှုနှစ်ကြိမ်ဖြစ်ပွား

ဘဂ္ဂဒက် အောက်တိုဘာ ၂၇

အမေရိကန်အုပ်ချုပ်မှု၏ ပင်မဗဟိုဌာနဖြစ်သည့် ဘဂ္ဂဒက်မြို့လယ်တွင် နောက်ထပ်ပေါက်ကွဲမှုနှစ်ခုဖြစ်ပွားခဲ့ပြီး အခုလတ်တလောဖြစ်ပွားသည့် တိုက်ခိုက်မှုများသည် အမေရိကန်တပ်ဖွဲ့ဝင်များကို စိတ်ဓာတ်ရေးရာထိခိုက်စေခဲ့သည်။ အမေရိကန်တပ်ဖွဲ့ဝင်များသည် စိတ်ဖိစီးမှုခံစားနေရသည့် အခြေအနေ၌ စစ်ဆင်ရေးဆင်နွှဲနေရပြီး၊ နေ့စဉ်နှင့်အမျှ သေကျေထိခိုက်လျက်ရှိသည်။

ထို့ကြောင့် တပ်ဖွဲ့ဝင်များ၏ စိတ်ဓာတ်ရေးရာထိခိုက်နေမှုကို ကူညီပေးရန်အတွက် စိတ်ပိုင်းဆိုင်ရာကျွမ်းကျင်သူများကို အမေရိကန်စစ်ဘက်မှ ပိုမိုစေလွှတ်လျက်ရှိသည်။ ဆရာဝန်များသည် စိတ်ကျဝေဒနာနှင့်မိမိကိုယ်ကို သတ်သေလိုစိတ်ဖြစ်ပေါ်နေသည့်တပ်ဖွဲ့ဝင်များနှင့် ဆွေးနွေးနှစ်သိမ့်အားပေးကုသနေရသည်။

အီရတ်တပ်ဖွဲ့ဝင်များ၏ ခုခံတိုက်ခိုက်မှုခံရခြင်းသည် အမေရိကန်တပ်ဖွဲ့ဝင်များ နေ့စဉ်နှင့်အမျှရင်ဆိုင်နေရပြီး မထူးဆန်းကြောင်းသိရသည်။ တပ်ဖွဲ့ဝင်များ၏စိတ်ဓာတ်ကို ဆက်လက်ထိန်းသိမ်းထားနိုင်ရေးအတွက် အမေရိကန်အစိုးရသည် စိုးရိမ်ပူပန်မှုများ တိုးပွားလာလျက်ရှိသည်။ **(စီအက်ဖ်အိုင်)**

အီရတ်နိုင်ငံ မြို့ကြီးအချို့၌ အမေရိကန်တပ်များကို ခုခံတိုက်ခိုက်မှုများ ပြင်းထန်နေ

ဘဂ္ဂဒက် အောက်တိုဘာ ၂၇

ပြီးခဲ့သော ကြာသပတေးနေ့က ဘဂ္ဂဒက်မြို့မြောက်ပိုင်း တစ်နေရာရှိ အမေရိကန်စခန်းတစ်ခုကို စိန်ပြောင်းဖြင့် ပစ်ခတ်ခံခဲ့ရပြီး မိုဆိုးလ်မြို့၌လည်း အမေရိကန်တို့ကို ပစ်ခတ်တိုက်ခိုက်မှုဖြစ်ပွားခဲ့ကြောင်း အမေရိကန်စစ်ဘက် သတင်းများကဆိုသည်။ မော်တာဖြင့် ပစ်ခတ်ခံရသဖြင့် အမေရိကန်တပ်ဖွဲ့ဝင် နှစ်ဦးသေဆုံးသွားခဲ့ရပြီး မိုဆိုးလ်မြို့၌ ပစ်ခတ်မှုကြောင့် အခြားအမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး ထပ်မံသေဆုံးသွားသည်။

မော်တာဖြင့် ပစ်ခတ်တိုက်ခိုက်မှုတစ်ခုသည် ဘဂ္ဂဒက်မြို့၏ မြောက်ဘက် မိုင် ၇၀ခန့်အကွာရှိ ဆာမာရာမြို့တွင် မွန်းတည့်ချိန်၌ ဖြစ်ပွားခဲ့သည်။ ထိုပစ်ခတ်မှုသည် အမေရိကန် အမှတ်(၄) ကြည်းတပ်မ၏ ရှေ့တန်းစခန်းအနီးတွင် ဖြစ်ပွားခြင်းဖြစ်၏။

ထိုပစ်ခတ်မှုသည် အမှတ်(၄) ကြည်းတပ်မကို ရက်အတန်ကြာကာလအတွင်း ဒုတိယအကြိမ်အတိုက်ခံရခြင်းဖြစ်သည်။ ကြာသပတေးနေ့နှောင်းပိုင်းတွင် ဖြစ်ပွားသောစိန်ပြောင်းဖြင့်ပစ်ခတ်မှုတွင် အမေရိကန်တပ်စခန်းအတွင်းရှိ ကုန်လှောင်ရုံအဖြစ်အသုံးပြုထားသော အဆောက်အအုံကို ထိမှန်ရာ အမေရိကန်တပ်ဖွဲ့ဝင် ၁၃ဦး ဒဏ်ရာရရှိသွားသည်။ အခင်းဖြစ်ပွားသော နေရာသည် ဘဂ္ဂဒက်မြို့၏ အရှေ့မြောက်ဘက်မိုင် ၄၀ အကွာရှိ ဘာကူဘာ မြို့တွင်ဖြစ်သည်။

သောကြာနေ့အရုဏ်တက်ချိန်က မိုဆိုးလ်မြို့ရှိ သီးနှံသိုလှောင်ရာနေရာကို သေနတ်သမားများက ပစ်ခတ်တိုက်ခိုက်ခဲ့ကြသည့်အတွက် အမေရိကန်အမှတ်(၁၀၁)လေကြောင်းချီတပ်မမှ တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးသွားသည်ဟု စစ်ဘက်သတင်းများကဆိုသည်။ အမေရိကန်သမ္မတဘုရှ်က မေလ ၁ရက်တွင် တိုက်ပွဲများ နိဂုံးချုပ်သွားပြီဟု ကြေညာခဲ့သည်။ သို့သော်ထိုနောက်ပိုင်း ဆက်လက်ဖြစ်ပွားသော ခုခံရေးတိုက်ပွဲများအတွင်း သေဆုံးကြရသော အမေရိကန်တပ်ဖွဲ့ဝင် စုစုပေါင်းမှာ ၁၀၈ဦး ရှိသွားပြီဖြစ်သည်။

သီတင်းပတ်အတန်ကြာအောင် ငြိမ်သက်နေသောမိုဆိုးလ်မြို့တွင်ရဲစခန်းကို လက်ပစ်ဗုံးဖြင့် အတိုက်ခံရသောကြောင့် အသက်သုံးနှစ်အရွယ်နှင့် အသက်ရှစ်နှစ်အရွယ်ကလေးငယ်နှစ်ဦး သေဆုံးသွားခဲ့ရသည်ဟု ရဲဘက်ကဆိုသည်။

ပြီးခဲ့သောကြာသပတေးနေ့ ညပိုင်းက ဘာကူဘာမြို့တွင်လောင်ချာနှင့် လက်နက်ငယ်များအသုံးပြုပြီးတိုက်ခိုက်သည့် ပစ်ခတ်မှုနှင့် ကြုံခဲ့ရသေးသည်။ အခင်းဖြစ်ပွားမှုတွင် ကင်းလှည့်နေသော အမေရိကန်တစ်ဦး သေဆုံးခဲ့ရသည်။ အမေရိကန်တို့က တိုက်ခိုက်သူနှစ်ဦးနောက်သို့ လိုက်လံပြီးပစ်ခတ်ရာ သေနတ်သမားနှစ်ဦးသေဆုံးသွားသည်ဟုဆိုသည်။

(အင်တာနက်)

ဒီမိုကရက်တစ်ပါတီမှသမ္မတလောင်းများ ဂျော့ဒဗလျူဘုရှ်အားဝေဖန်ပြောကြား

နယူးယောက် အောက်တိုဘာ ၂၈

အမေရိကန်ပြည်ထောင်စု သမ္မတရွေးကောက်ပွဲတွင် ဒီမိုကရက်တစ်ပါတီမှ ဝင်ရောက်ယှဉ်ပြိုင်ရွေးချယ်ခံမည့်သူများက အီရတ်နိုင်ငံအပေါ် စစ်ပွဲဆင်နွှဲတိုက်ခိုက်ရာ၌ ဦးဆောင်လမ်းညွှန်ခဲ့သည့် အမေရိကန်သမ္မတဘုရှ်ကို ဝေဖန်ပြောကြားခဲ့ကြသည်။

၎င်းတို့က အီရတ်စစ်ပွဲဆင်နွှဲတိုက်ခိုက်ရန် သမ္မတဘုရှ်က ရှေ့တန်းမှ ဦးဆောင်စီမံဆောင်ရွက်နေခြင်းသည် မှားယွင်းကြောင်းဖြင့် သမ္မတဘုရှ်ကို ဝိုင်းဝန်းအပြစ်တင် ပြောကြားလျက်ရှိကြောင်း သတင်းရရှိသည်။ **(စီအင်န်အင်န်)**

စီအိုင်အေဝန်ထမ်း အမည်ဖော်ထုတ်မှု အရာရှိသုံးဦးကို ခေါ်ယူမေးမြန်း

ဝါရှင်တန် အောက်တိုဘာ ၂၆

အမေရိကန်သမ္မတအိမ်ဖြူတော်အရာရှိများထံမှ စီအိုင်အေဝန်ထမ်းတစ်ဦး၏ အမည်ပေါက်ကြားမှုနှင့် ပတ်သက်ပြီး စုံစမ်းလျက်ရှိရာ ထိပ်တန်းအစိုးရအရာရှိများကို မေးမြန်းနေပြီဖြစ်သည်။ ၎င်းစီအိုင်အေဝန်ထမ်းသည် အမေရိကန်သမ္မတဘုရှ်၏ အီရတ်လက်နက် စွမ်းရည်ဆိုင်ရာ ဖော်ပြချက်များနှင့် ပတ်သက်ပြီး ဝေဖန်ခဲ့သည့် သံအမတ်ဟောင်း၏ ဇနီးဖြစ်သည်။ ဝါရှင်တန်မြို့၌ ဒီမိုကရက်ပါတီဝင်အမတ်များနှင့် ဥပဒေပြုအမတ်အချို့တို့ တွေ့ဆုံဆွေးနွေးပြီး အရာရှိအချို့ကို ခေါ်ယူမေးမြန်းခဲ့သည်။

မေးမြန်းခံရသူ သုံးဦးစလုံးသည် သမ္မတကို ထောက်ခံသူများဖြစ်သော်လည်း စီအိုင်အေအမှုထမ်းဟောင်းများဖြစ်ကြရာ ယခုလိုနာမည်ထုတ်ဖော်ပြောကြားမှုအပေါ် မကျေမနပ်ဖြစ်နေကြသည်။

ထောက်လှမ်းရေးဆိုင်ရာ ဝန်ထမ်းတစ်ဦး၏ အမည်ကို ဘုရှ်အစိုးရအဖွဲ့ဝန်ထမ်းတစ်ဦးက ထုတ်ဖော်ပြောကြားခြင်းသည် နိုင်ငံတော် လုံခြုံရေးကို ချိုးဖောက်ရာရောက်သည်ဟု ၎င်းတို့က ယုံကြည်နေကြသည်။ **(စီအင်န်အင်န်)**

အီရတ်အတွက် ဘုရှ်အစိုးရ၌ အစီအစဉ်ကောင်းမရှိ နယူးစ်ဝိခ်မဂ္ဂဇင်း၏လူထုသဘောထားစစ်တမ်း၌ တွေ့ရှိ

ဘလွမ်းဘာ့ဂ် အောက်တိုဘာ ၂၆

အီရတ်နိုင်ငံတွင် အမေရိကန်ပြည်ထောင်စုသည် ငွေကြေးအမြောက်အမြားကို သုံးဖြုန်းပစ်နေကြောင်း အမေရိကန်အများစုက ပြောဆိုကြပြီး စစ်ပြီးကာလအီရတ်နိုင်ငံအတွက် ဘုရှ်အစိုးရတွင် ကောင်းစွာချင့်ချိန်ထားသော အစီအစဉ်မရှိကြောင်း အမေရိကန်နိုင်ငံသားထက်ဝက်နီးပါးက ပြောဆိုကြသည်ဟု နယူးစ်ဝိခ်မဂ္ဂဇင်းက ကောက်ယူသည့် သဘောထား စစ်တမ်းအရသိရသည်။

အီရတ်၌ဖြစ်သော စစ်ပွဲနှင့် အမေရိကန်စီးပွားရေးနှင့် စပ်လျဉ်းသည့် စိုးရိမ်ပူပန်မှုများက သမ္မတ ဂျော့ဒဗလျူဘုရှ် ပြန်အရွေးခံရမည်၊ မခံရမည်ဆိုခြင်းအပေါ် ဆန္ဒပေးသူများ၏ ကွဲပြားခြားနားမှုများရှိနေချိန်တွင် နိုင်ငံရေးပြဿနာဖြစ်လာဖွယ်ရှိကြောင်း သဘောထားကောက်ယူချက်များက ပြသခဲ့သည်။

လူထုသဘောထား ကောက်ယူချက်၌ အမေရိကန်ပြည်ထောင်စုသည်အီရတ်ပြန်လည်တည်ဆောက်ရန် ငွေကြေးမည်မျှသုံးစွဲမည်ဆိုခြင်းကြောင့် ၂၀၀၄ ခုနှစ်တွင် ဘုရှ်ကို ၄၉ရာခိုင်နှုန်းက မဲမပေးလိုကြကြောင်း တွေ့ရှိရသည်။

ထို့ပြင်ဘုရှ်ပြန်လည်အရွေးခံရရန်အတွက် ၄၀ ရာခိုင်နှုန်းက မဲပေးလိုဖွယ်မရှိကြောင်းကို လူထုသဘောထား ကောက်ယူချက်၌ တွေ့ရသည်။ **(အင်တာနက်)**

ဘဂ္ဂဒက်မြို့ နိုင်ငံတကာကြက်ခြေနီရုံးအဆောက်အအုံနှင့် ရဲစခန်းများတွင် အသေခံဗုံးဖောက်ခွဲ အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦးအပါအဝင် လူ ၄၀ခန့်သေဆုံး၊ ၂၀၀ကျော် ဒဏ်ရာရ

ဘဂ္ဂဒက် အောက်တိုဘာ ၂၈

အီရတ်နိုင်ငံမြို့တော် ဘဂ္ဂဒက်တွင် တနင်္လာနေ့က အသေခံဗုံးဖောက်ခွဲမှုများဖြစ်ပွားခဲ့သည်။ ပေါက်ကွဲမှုမှာ နိုင်ငံတကာကြက်ခြေနီရုံး အဆောက်အအုံနှင့် ရဲစခန်းများတွင် ဖြစ်ပွားခဲ့ကြောင်း၊ အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး အပါအဝင် လူ ၄၀ ခန့် သေဆုံးပြီး ၂၀၀ ကျော် ဒဏ်ရာရရှိခဲ့ကြောင်းအေပီနှင့် ကျိုးဒိုသတင်းများက ဖော်ပြသည်။

အမေရိကန်တပ်ဖွဲ့မှ ဗိုလ်မှူးချုပ် မတ်ဟက်လင်းက ယင်းဗုံးဖောက်ခွဲ တိုက်ခိုက်မှုများ၏ နောက်ကွယ်တွင် နိုင်ငံခြားတိုက်ခိုက်ရေးသမားများ ပါဝင်ပုံရသည်ဟုဆိုသည်။ ပေါက်ကွဲမှုအားလုံးသည် အသေခံတိုက်ခိုက်မှုများ ဖြစ်ကြောင်း၊လုပ်ဆောင်မှုများသည် ဟန်ချက်ညီညီ ကျွမ်းကျွမ်းကျင်ကျင်နှင့် စနစ်တကျလုပ်ကိုင်ပုံရကြောင်း၊ ဗုံးဖောက်ခွဲတိုက်ခိုက်မှုအားလုံး နံနက် ၈နာရီခွဲနှင့် ၁၀နာရီ ၁၅မိနစ်ကြား ဖြစ်ပွားခဲ့ကြောင်းဖြင့် အမေရိကန် ဦးဆောင်သည့် ပူးပေါင်းအဖွဲ့နှင့် အီရတ်ဆေးရုံ အရာရှိများက ပြောကြားသည်။

ဘဂ္ဂဒက်မြို့လယ်ရှိ နိုင်ငံတကာကြက်ခြေနီကော်မတီရုံးတွင်ဖြစ်ပွားသည့် တိုက်ခိုက်မှုကြောင့် လူ ၁၀ ဦးခန့် သေဆုံးပြီး ၂၀ကျော် ဒဏ်ရာရရှိကြောင်း အရာရှိများက ပြောကြားသည်။

ယင်းကဲ့သို့ တိုက်ခိုက်ခြင်းသည် လူများကြောက်လန့်အောင် ခြောက်လှန့်ခြင်းဖြစ်ပြီး လုံခြုံမှုမရှိသည်ကိုပြသခြင်း ဖြစ်ကြောင်းဖြင့်လည်း အမေရိကန်တို့ခန့်ထားသည့် အီရတ်အုပ်ချုပ်ရေးကောင်စီမှ ဆာမီယာဆာမီဒီက ပြောကြားသည်။

(အင်တာနက်)

အယ်လ်ခါဒရာရဲစခန်းပေါက်ကွဲမှု

အောက်တိုဘာ ၂၇ ရက်က ဘဂ္ဂဒက်မြို့အရှေ့မြောက်ပိုင်းရှိ အယ်လ်ခါဒရာရဲစခန်းရှေ့၌ ဗုံးပေါက်ကွဲမှု မြင်ကွင်းကိုတွေ့ရစဉ်။ ယင်း ဗုံးခွဲတိုက်ခိုက်မှုတွင် လူလေးဦးသေဆုံးပြီး ၅၀ ဒဏ်ရာရရှိသွားကာ ကား ၁၀ စီး ပျက်စီးသွားကြောင်း အီရတ်ရဲအဖွဲ့က ပြောသည်။

(ဓာတ်ပုံ–အင်တာနက်)

အောက်တိုဘာ ၂၇ ရက်က ဘဂ္ဂဒက်မြို့ ရှာအက်ဘ်ဆင်ခြေဖုံးရှိ ဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားရာအနီးမှ အမေရိကန် တပ်ဖွဲ့ဝင်တစ်ဦးက အီရတ်တစ်ဦးကို တွန်းထုတ်နေစဉ်။

(ဗုံးခွဲတိုက်ခိုက်ရေးသမားများသည် နိုင်ငံတကာကြက်ခြေနီရုံးအဆောက်အအုံနှင့် ရဲစခန်းများကို တနင်္လာနေ့က ဗုံးခွဲတိုက်ခိုက်ခဲ့သည်)

(ဓာတ်ပုံ–အင်တာနက်)

အောက်တိုဘာ ၂၇ ရက်က ဘဂ္ဂဒက်မြို့ရှိနိုင်ငံတကာ ကြက်ခြေနီရုံးအဆောက်အအုံ ကားဗုံးခွဲ တိုက်ခိုက်ခံရပြီးနောက် အမေရိကန် အထူးတပ်ဖွဲ့ဝင်များစစ်ဆေးရန် ရောက်ရှိလာစဉ်။

ယင်းဗုံးခွဲ တိုက်ခိုက်မှုကြောင့် ၁၀ ဦးခန့် သေဆုံးသွားကြောင်း အမေရိကန်စစ်ဘက်က ပြောဆိုသည်။

(ဓာတ်ပုံ–အင်တာနက်)

ကြက်ခြေနီဌာနချုပ်ရုံးပေါက်ကွဲမှု

အောက်တိုဘာ ၂၇ ရက်က ဘဂ္ဂဒက်ရှိ နိုင်ငံတကာကြက်ခြေနီရုံး အဆောက်အအုံ ဗုံးခွဲတိုက်ခိုက်ခံရပြီးနောက် အမေရိကန်တပ်ဖွဲ့ဝင်များ လုံခြုံရေးစောင့်ကြပ်နေစဉ်။

ဘဂ္ဂဒက်မြို့၌ တနင်္လာနေ့က နိုင်ငံတကာကြက်ခြေနီရုံးအဆောက်အအုံနှင့် ရဲစခန်းများ တိုက်ခိုက်ခံရမှုကြောင့် အနည်းဆုံး လူ ၄၀ သေဆုံးသွားကြောင်း သိရသည်။

(ဓာတ်ပုံ–အင်တာနက်)

ဘာရားရဲစခန်းပေါက်ကွဲမှု

အောက်တိုဘာ ၂၇ရက်က ဘဂ္ဂဒက်မြို့အနောက်ပိုင်း ဘာရားရဲစခန်းအပြင်ဘက်၌ အီရတ်အမျိုးသမီးကြီးတစ်ဦး ဝမ်းနည်းငိုကြွေးနေစဉ်။

တနင်္လာနေ့ကအဆိုပါရဲစခန်း ကားဗုံးခွဲ တိုက်ခိုက်ခံရသဖြင့် အနည်းဆုံးအီရတ်သုံးဦးသေဆုံးပြီး အများအပြား ဒဏ်ရာရရှိသွားသည်။

(ဓာတ်ပုံ–အင်တာနက်)



မြန်မာ့အလင်း နိုင်ငံခြား သတင်းများ

အီရတ်၌ အမေရိကန်တို့ ဝင်ရောက်စွက်ဖက်တိုက်ခိုက်နေမှု ပြဿနာများတိုးပွားနိုင်ကြောင်း အမေရိကန်ထောက်လှမ်းရေးဒုတိယညွှန်ကြားရေးမှူး ပြောကြား

ဘဂ္ဂဒက် အောက်တိုဘာ ၂၇

အီရတ်နိုင်ငံ၌ အမေရိကန်က စစ်ရေးအရ ဝင်ရောက်စွက်ဖက်တိုက်ခိုက်နေမှုသည် ပြဿနာများတိုးပွားလာစေနိုင်ကြောင်း အမေရိကန်ထောက်လှမ်းရေး ကော်မတီ ဒုတိယဥက္ကဋ္ဌက ဝေဖန်ပြောကြားလိုက်သည်။

ထို့အပြင် ယင်းကဲ့သို့တိုက်ခိုက်ခံရမှုကြောင့် အမေရိကန်တို့သည် အီရတ်နိုင်ငံ၌ ပြောက်ကျားစစ်ပွဲနှင့် ရင်ဆိုင်နေရခြင်းမှာ သိသာလာစေသည်ဟု တချို့သော ဝါရင့်အမေရိကန်အရာရှိများက ထင်မြင်ယူဆလာကြသည်။

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ရှိ အယ်ရာရှစ်ဟိုတယ် အကြိမ်ကြိမ်တိုက်ခိုက်ခံရမှုကြောင့် ဘဂ္ဂဒက်မြို့သည် လုံခြုံသည့်နေရာ ဟုတ်ပါ့မလားဟု မေးမြန်းချက်များ ထွက်ပေါ်လာသည်။ အယ်ရာရှစ်ဟိုတယ် ဦးစွာတိုက်ခိုက်ခံရမှု၌ အမေရိကန် ဗိုလ်မှူးကြီးတစ်ဦး သေဆုံးခဲ့ရပြီးအခြားလူ ၁၅ ဦးဒဏ်ရာရရှိသွားခဲ့ရ ယင်းကဲ့သို့ ဖိအားပေး မေးမြန်းခံလာရခြင်းဖြစ်သည်။

သို့သော် အမေရိကန်အမှတ် (၁) သံချပ်ကာ တပ်မဟာမှ ဗိုလ်မှူးချုပ် မာတင်ဒမ်စီက ဘဂ္ဂဒက်မြို့သည် လုံခြုံရေးအခြေအနေ တိုးတက်လာပြီဟု အတင်းအကျပ်ပြောဆိုနေသည်။ ထို့အပြင် ယခုတိုက်ခိုက်မှုသည် အချိန်ယူ စီစဉ်ရမည်ဖြစ်ခြင်းကြောင့် ဟိုတယ်၌တည်းခိုနေသော ပေါလ်ဝိုဖိုဝစ်ဇ်ကို လုပ်ကြံသတ်ဖြတ်ရန် ရည်ရွယ်ခြင်းမဖြစ်နိုင်ဘဲ ဘဂ္ဂဒက်မြို့၏ တောင်နှင့်မြောက် ဆက်သွယ်ထားသော တံတားကြီးပြန်လည်ဖွင့်လှစ်ခြင်းနှင့် ကာဖျူးအမိန့် ပယ်ဖျက်ခြင်းကို နှောင့်ယှက်ဖျက်ဆီးရန် ကြိုးစားသည့်လုပ်ရပ်သာ ဖြစ်မည်ဟု ငြင်းဆို ပြောကြားသည်။ **(စီစီတီဗွီ)**

ကိုယ့်အလုပ်ကိုယ်လုပ်၊ ကိုယ့်လမ်းကိုယ်လျှောက် နိုင်ငံကိုတည်ဆောက် ဝန်ကြီးချုပ်မဟာသီက မလေးရှားပြည်သူများကို တိုက်တွန်း

ကွာလာလမ်ပူ အောက်တိုဘာ ၂၇

ယနေ့၊ ယခုအချိန်အခါအထိ အောင်မြင်မှုရရှိနေသည့် မလေးရှားအမျိုးသား တိုးတက်မှုကို ဆက်လက်ထိန်းသိမ်းထားနိုင်ရေးအတွက် ကိုယ့်လမ်းကိုယ်လျှောက်ပြီး အလုပ်လုပ်ရာတွင် ကိုယ့်လမ်းစဉ်အတိုင်း ကိုယ်လုပ်သွားကြဖို့ မလေးရှားဝန်ကြီးချုပ် မဟာသီမိုဟာမက်က မလေးရှားပြည်သူများကို တနင်္ဂနွေနေ့က တိုက်တွန်းဆော်ဩသွားသည်။

မိမိတို့သည် မလေးရှားပြည်သူများအား သာယာဝပြောသည့် လူနေမှုဘဝကို ပေးစွမ်းနိုင်ပြီး နိုင်ငံတော်ကို ဂုဏ်ယူဖွယ် အောင်မြင်စွာ တည်ဆောက်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ မိမိတို့ ဂုဏ်ယူဝင့်ကြွားနိုင်လောက်သည့် အနေအထားမျိုးအထိ မြှင့်တင်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ ထိုအခြေအနေမျိုးကို လူတိုင်းက လေးစားကြရပြီဖြစ်ကြောင်း၊ မိမိတို့သည် မိမိတို့ကိုယ်ပိုင်နည်းလမ်းမျိုးစုံဖြင့် အားလုံးကို အကောင်အထည်ဖော် ဆောင်ရွက်ပြီးခဲ့ပြီဖြစ်ကြောင်း၊ နောင်တွင်လည်း နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် ယင်းနည်းလမ်းအတိုင်း မဆုတ်မနစ်ဆက်လက် ဖော်ဆောင်သွားကြရလိမ့်မည်ဖြစ်ကြောင်း၊ သို့မှသာ မလေးရှား ပြည်သူတို့ မတောင့်မတ မကြောင့်မကြဖြင့် ဆက်လက်နေထိုင်သွားနိုင်လိမ့် မည်ဖြစ်ကြောင်းဖြင့်လည်း ပြောကြားသွားသည်။

ကွာလာလမ်ပူမြို့တွင် ကျင်းပသည့် ပြည်သူ့တိုးတက်ရေးပါတီ(ပီပီပီ) အထွေထွေညီလာခံဖွင့်ပွဲတွင် ဝန်ကြီးချုပ် မဟာသီမိုဟာမက်က ယင်းကဲ့သို့ ပြောကြားသွားခြင်းဖြစ်သည်။ ဝန်ကြီးချုပ် မဟာသီမိုဟာမက်သည် သောကြာနေ့တွင် ဝန်ကြီးချုပ်ရာထူးမှ အနားယူတော့မည်ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ

ဆန္ဒပြ

ဂျပန်နိုင်ငံတွင် အောက်တိုဘာ ၂၇ ရက်က ဂျပန် အမျိုးသမီးများက အမေရိကန် သမ္မတ ဂျော့ဒဗလျူဘုရှ်နှင့် သူ၏ အီရတ်ဆိုင်ရာ မူဝါဒကို ဆန့်ကျင် ကန့်ကွက်သည့် ဆိုင်းဘုတ်များကို ကိုင်ဆောင်ကာ ဆန္ဒပြနေကြစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်စစ်ပွဲသည် ဗီယက်နမ်စစ်ပွဲနှင့် ဆင်တူနေဟု ဆီးနိတ်အမတ်တစ်ဦး ပြောကြား

ဝါရှင်တန် အောက်တိုဘာ ၂၈

အမေရိကန်တို့ ယခုဆင်နွှဲနေသောအီရတ်စစ်ပွဲသည် ဗီယက်နမ်စစ်ပွဲကဲ့သို့ပင် အခြေအနေအရပ်ရပ်တွင် တူညီသောအချက်များ အများအပြားရှိနေသည်ဟု ဦးဆောင်ရီပတ်ဗလီကန် ဆီးနိတ်အမတ်တစ်ဦးက ပြောကြားခဲ့သည်။ ဗီယက်နမ်စစ်ပွဲသည် အမေရိကန်တို့ကျဆုံးမှုနှင့်ကြုံတွေ့ခဲ့ရသော စစ်ပွဲတစ်ခုဖြစ်သည်။

ဆီးနိတ်အမတ်မက္ကိန်းသည် အထက်ပါစကားများကို တနင်္ဂနွေနေ့က နယူးစ်ဝိခ်မဂ္ဂဇင်းနှင့် တွေ့ဆုံမေးမြန်းရာ၌ပြောကြားခဲ့ခြင်းဖြစ်၏။ ယခု အီရတ်စစ်ပွဲအခြေအနေများကို သတင်းဆိုင်ရာအချက်အလက်များ ရှုထောင့်မှ ကြည့်လျှင် ပထမဦးဆုံးအကြိမ်အဖြစ် ဗီယက်နမ်စစ်ကာလများကနှင့်တူညီသည့် သဘောရှိကြောင်းတွေ့မြင်ရသည်။

ထိုသို့ပြောကြားသဖြင့် အီရတ်စစ်ပွဲသည် ဗီယက်နမ်စစ်ပွဲကကဲ့သို့ အခြေအနေဆိုးရွားနေပြီဟု မဆိုလိုပါ၊ ကျွန်ုပ်တို့သည် အီရတ်နိုင်ငံ ဆွန်နီတြိဂံဒေသ၌ ပြဿနာများနှင့်ကြုံတွေ့နေရသည်။ ထိုပြဿနာကို ရင်ဆိုင်ပြီး အမေရိကန်ပြည်သူများကို အသိပေးဖို့လိုအပ်သည်။

အမေရိကန်စစ်ဘက်ဆိုင်ရာများသည် ဘဂ္ဂဒက်မြို့မြောက်ပိုင်း ဆွန်နီတြိဂံဒေသတွင် တိုက်ခိုက်မှုများ မြင့်တက်လာသည်ကိုကြုံနေရသည်။ တစ်ဖက်တွင် အမေရိကန်အကျအဆုံးများ တိုးပွားလာနေသော်လည်း အမေရိကန် အုပ်ချုပ်ရေးပိုင်းက အီရတ်၌ရင်ဆိုင်နေရသော အခြေအနေသည် ဗီယက်နမ်စစ်ပွဲဖြစ်စဉ်ကကဲ့သို့ စစ်ညွှန်အတွင်း နစ်ခြင်းမရှိပါဟူ၍ ပြင်းပြင်းထန်ထန် ငြင်းဆိုနေကြဆဲပင်ဖြစ်သည်။

ဆီးနိတ်အမတ် မက္ကိန်းက အမေရိကန်အစိုးရသည် အီရတ်၌ အောင်ပွဲအလျင်အမြန် ရရှိစေရန်အတွက် လိုအပ်လျက်ရှိသော တပ်ကူအင်အားကို မြန်ဆန်စွာဖြည့်ဆည်းရန် ပျက်ကွက်ခဲ့သည်ဟု ပြောကြားသွားသည်။

(အင်တာနက်)

အီရတ်သို့တပ်ဖွဲ့ဝင်များစေလွှတ်မှု ကိုရီးယားပြည်သူများကန့်ကွက်ဆန္ဒပြ

ဆိုးလ် အောက်တိုဘာ ၂၆

အီရတ်နိုင်ငံသို့ တောင်ကိုရီးယားတပ်ဖွဲ့ဝင်များ စေလွှတ်ပေးရန် တောင်ကိုရီးယားအစိုးရ၏ ဆုံးဖြတ်ချက်ကို တောင်ကိုရီးယားပြည်သူများက ပြင်းပြင်းထန်ထန်ဆန့်ကျင်ကန့်ကွက် ဆန္ဒပြလျက်ရှိကြရာ ဆန္ဒပြသူများနှင့် ရဲတပ်ဖွဲ့ဝင်များအကြား ဆိုးလ်မြို့၌ ယမန်နေ့က ပဋိပက္ခဖြစ်ပွားခဲ့ကြောင်း သိရသည်။

ယခုလိုဆန့်ကျင်ကန့်ကွက်ဆန္ဒပြပွဲများ ဖြစ်ပွားခဲ့ခြင်းသည် ပြီးခဲ့သော သီတင်းပတ်အတွင်း၌ အီရတ်နိုင်ငံသို့ တပ်ဖွဲ့ဝင်များစေလွှတ်ပေးရန် တောင်ကိုရီးယားသမ္မတက ဆုံးဖြတ်ချက်ချပြီးကတည်းက ဖြစ်ကြောင်း၊ ယခုအခါ အီရတ်နိုင်ငံ၌ တောင်ကိုရီးယားတပ်ဖွဲ့ဝင် ခုနစ်ရာခန့်ရောက်ရှိနေသည့်အတွက် ပြည်သူများ အစိုးရအပေါ် မကျေမနပ်ဖြစ်နေကြပြီး ယခုအခါ တပ်ဖွဲ့ဝင်များ ထပ်မံစေလွှတ်ပေးရန် ဆုံးဖြတ်လိုက်ခြင်းကြောင့် တောင်ကိုရီးယားပြည်သူများကို ပိုမိုပြီး ဒေါသဖြစ်စေခဲ့ကြောင်း သိရသည်။ အီရတ်နိုင်ငံသည် အန္တရာယ်များသော နိုင်ငံတစ်နိုင်ငံဖြစ်နေသည့်အတွက် မိမိတို့တပ်ဖွဲ့ဝင်များ စေလွှတ်ခြင်းကို တောင်ကိုရီးယားပြည်သူများက အလွန် စိုးရိမ်ပူပန်ကာ အစိုးရကိုဆန့်ကျင်ကန့်ကွက်နေကြခြင်းဖြစ်သည်။ **(စီအင်န်အင်န်)**

အီရတ်အား အမေရိကန်တို့တိုက်သည့်စစ်ပွဲသည် မတရားသောစစ်ပွဲဖြစ် အီရတ်ပြန်လည်တည်ဆောက်ရေး၌ အမေရိကန်တို့သာအကုန်အကျခံသင့်

ဘရပ်ဆယ် (ရိုက်တာ) အောက်တိုဘာ ၂၇

အီရတ်နိုင်ငံအား အမေရိကန် ဦးဆောင်တိုက်ခိုက်သည့်စစ်ပွဲသည် မတရားသောစစ်ပွဲ ဖြစ်ကြောင်း၊ အီရတ်နိုင်ငံပြန်လည်တည်ဆောက်ရေးအတွက် အမေရိကန်တို့သာ အကုန်အကျခံသင့်ကြောင်း ဥရောပသမဂ္ဂမှ သုံးပုံ နှစ်ပုံက ယူဆထားသည်။

ဥရောပကော်မရှင်အတွက် ကောက်ယူသည့် သဘောထားစစ်တမ်းတွင် ယင်းကဲ့သို့ ဖော်ပြထားခြင်းဖြစ်သည်။ မက်ဒရစ်မြို့တွင် လွန်ခဲ့သည့် သီတင်းပတ်က အလှူရှင်များညီလာခံသို့ တက်ရောက်ကြသည့် ဥရောပကော်မရှင်အဖွဲ့ဝင်နိုင်ငံ ၁၅ နိုင်ငံတွင် ဆန္ဒကောက်ခံခဲ့သည့်စစ်တမ်းတွင် အထက်ပါအတိုင်း ဖော်ပြနေသည်။

အီရတ်ပြန်လည်တည်ဆောက်ရေးအတွက် စီစဉ်ရာတွင် အမေရိကန်မပါဝင်ဘဲ ကုလသမဂ္ဂနှင့် အီရတ်ယာယီအစိုးရတို့ကသာ ဆောင်ရွက်ရန် ဥရောပတိုက်သားအများစုက လိုလားနေကြသည်။

ထို့အပြင် အီရတ်နိုင်ငံ၌ ငြိမ်းချမ်းမှုထိန်းသိမ်းရေးအတွက် တပ်ဖွဲ့ဝင်စေလွှတ်ရေးကိစ္စကိုလည်း ဥရောပသားအများစုက ဆန့်ကျင်ကန့်ကွက်လျက်ရှိသည်။ **(အင်တာနက်)**

ဆက်ဒမ်၏တားမြစ်လက်နက်များသတင်း တိုနီဘလဲ တမင်လိမ်ညာခဲ့ဟု ဗြိတိန်နိုင်ငံသား ၄၀ ရာခိုင်နှုန်းကျော် ယုံကြည်

လန်ဒန် အောက်တိုဘာ ၂၆

ဆက်ဒမ်ဟူစိန်၏ အဖျက်စွမ်းအားကြီးမားသော တားမြစ်လက်နက်များနှင့် ပတ်သက်သည့်သတင်းကို ဗြိတိန်ဝန်ကြီးချုပ် တိုနီဘလဲသည် တမင်တလွဲတချော် လိမ်ညာတင်ပြခဲ့သည်ဟု ဗြိတိန်နိုင်ငံသား ၄၀ ရာခိုင်နှုန်းကျော်က ယုံကြည်ကြကြောင်း လူထုသဘောထားကောက်ချက်အရ သိရသည်။

အီရတ်ကိုကျူးကျော်မှု မှန်ကန်သည်ဟု ထင်မှတ်ကြသူဦးရေသည် ယခုအခါ ဗြိတိန်လူဦးရေ၏ ထက်ဝက်မျှပင် မရှိကြောင်း ဗြိတိန်နိုင်ငံ၏ လွတ်လပ်သော အိုင်တီဗွီရုပ်မြင်သံကြားအတွက် ယူဂေါ့ဗ်က ပြုလုပ်ပေးသည့် စူးစမ်းလေ့လာချက်က ဆိုသည်။

မတ်လထဲ၌ အမေရိကန်ပြည်ထောင်စုနှင့် ဗြိတိန်တို့က စစ်ရေးအရ လုပ်ဆောင်ခြင်းသည် တရားမျှတမှုရှိ မရှိမေးမြန်းရာ၌ ၄၆ ရာခိုင်နှုန်းက ရှိကြောင်း ပြောဆိုကြပြီး ၄၁ ရာခိုင်နှုန်းက မှားကြောင်း ပြောဆိုခဲ့ကြသည်။

ဆက်ဒမ်၏လက်နက်များစွမ်းအင်နှင့် ပတ်သက်၍ ဘလဲ၏ စစ်ကြိုကာလထုတ်ပြန်ချက်ကို မေးမြန်းသည့်အခါ ၄၉ ရာခိုင်နှုန်းက ဘလဲ အမှန်ပြောသည်ဟု ထင်ကြပြီး ၄၁ ရာခိုင်နှုန်းက သတင်းကို ဘလဲ တမင်ရည်ရွယ်ချက်ဖြင့် လိမ်ညာခဲ့သည်ဟု ထင်မှတ်ကြသည်။

(အင်တာနက်)

(၈၃)နှစ်မြောက်အမျိုးသားနေ့ကျင်းပရေးဗဟိုကော်မတီအစည်းအဝေးကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၈

၂၀၀၃ ခုနှစ် (၈၃)နှစ်မြောက် အမျိုးသားနေ့ကျင်းပရေး ဗဟိုကော်မတီ ပထမအကြိမ်အစည်းအဝေးကို ယနေ့ နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ ဝန်ကြီးများရုံးရှိ အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသားနေ့ ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌပညာရေးဝန်ကြီးဌာနဝန်ကြီး ဦးသန်းအောင်တက်ရောက်၍ အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ အမျိုးသားနေ့ ကျင်းပရေး ဗဟိုကော်မတီဝင်ဒုတိယ ဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ အထူးဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ အစည်းအဝေးတွင် ၂၀၀၂ခုနှစ် (၈၂)နှစ်မြောက် အမျိုးသားနေ့ အခမ်းအနားကျင်းပပြီးစီးမှုအစီရင်ခံစာကို ဗဟိုကော်မတီတွဲဖက်အတွင်းရေးမှူး(၁) အမှတ်(၃) အခြေခံပညာဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးအေးမြင့်က လည်းကောင်း၊ ၂၀၀၃ခုနှစ် (၈၃)နှစ်မြောက် အမျိုးသားနေ့ အခမ်းအနားကျင်းပရေးစီမံချက်ကို ဗဟိုကော်မတီအတွင်းရေးမှူး ပညာရေး စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဘိုဝင်းက လည်းကောင်း ရှင်းလင်းတင်ပြကြရာ အစည်းအဝေးတက်ရောက်လာကြသည့် ဗဟိုကော်မတီဝင်များက ကျင်းပရေး စီမံချက်ပါလုပ်ငန်းရပ်များကို တင်ပြဆွေးနွေးကြသည်။

ဆက်လက်၍ ဝန်ကြီးဦးသန်းအောင်က ၂၀၀၃ခုနှစ် နိုဝင်ဘာ ၁၈ ရက်တွင် ကျရောက်မည့် (၈၃)နှစ်မြောက် အမျိုးသားနေ့အခမ်းအနားများကို မြို့နယ်အလိုက် အောင်မြင်စွာကျင်းပ သွားနိုင်ရေးအတွက် ဒေသအာဏာပိုင်များနှင့်သက်ဆိုင်ရာလုပ်ငန်းဌာနများက ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

စက်မှုစွမ်းအား ခေတ်ကျော်လွှား ၂၀

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်အစည်းအဝေးကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၈

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်း အဖွဲ့ ဗဟိုအမှုဆောင် အစည်းအဝေး (၁၀/၂၀၀၃)ကို ယနေ့ မွန်းလွဲ ၁နာရီတွင် အမှတ် ၅၂၉ ကုန်သည်လမ်း စာပေဗိမာန်အဆောက်အအုံ ဒုတိယထပ်ရှိ အစည်းအဝေးခန်းမဆောင်၌ ကျင်းပသည်။**(အောက်ပုံ)**

ဗဟိုအမှုဆောင် အစည်းအဝေးသို့ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်း အဖွဲ့ ဥက္ကဋ္ဌ ဦးလှမြိုင် (ကိုဆောင်း)၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဦးသန်းမောင် (သန်းမောင်)နှင့် ဦးမြင့်သိန်း (မြင့်သိန်းအောင်)၊ အတွင်းရေးမှူး ဦးလှထွန်း(လှထွန်း–တွံတေး)၊ တွဲဖက်အတွင်းရေးမှူးများ၊ ဗဟိုအမှုဆောင် ကော်မတီဝင်များ တက်ရောက်ကြသည်။

ရှေ့ဦးစွာ သဘာပတိ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)က အဖွင့်အမှာစကားပြောကြားပြီး အဖွဲ့အတွင်းရေးမှူး ဦးလှထွန်း(လှထွန်း–တွံတေး)က ဗဟိုအမှုဆောင်အစည်းအဝေး(၉/၂၀၀၃) ဆုံးဖြတ်ချက်များ ဆောင်ရွက်ပြီးစီးမှုကိုတင်ပြသည်။

ဆက်လက်၍ရုံးအဖွဲ့၊စည်းရုံးရေးလုပ်ငန်းအဖွဲ့၊ဘဏ္ဍာရေးအဖွဲ့၊စာအုပ်ထုတ်ဝေရေးနှင့် ဟောပြောဆွေးနွေး လေ့လာရေးလုပ်ငန်းအဖွဲ့၊ ရန်ပုံငွေရှာဖွေရေးလုပ်ငန်းအဖွဲ့၊ သက်သာချောင်ချိရေးလုပ်ငန်းအဖွဲ့၊နိုင်ငံတကာ ဆက်သွယ်ရေးလုပ်ငန်းအဖွဲ့၊ စာရင်းစစ်အဖွဲ့၊ စာပေရန်ပုံငွေကြီးကြပ်ရေး အဖွဲ့တို့၏ အဖွဲ့ခေါင်းဆောင်များက အဖွဲ့လုပ်ငန်းဆောင်ရွက်ထားမှုများကို တင်ပြကြပြီး တက်ရောက် လာကြသည့် ဗဟိုအမှုဆောင်ကော်မတီဝင်များက အကြံပြုဆွေးနွေးကာ အစည်းအဝေးသဘာပတိ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)က နိဂုံးချုပ် အမှာစကားပြောကြားပြီး အခမ်းအနားကို ညနေ ၃နာရီတွင် ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

မြန်မာ့ဆေးပညာကျမ်းထွက်ပြီ

ရန်ကုန် အောက်တိုဘာ ၂၈

မြန်မာ့ပေစာဆေးကျမ်းများမှ တိုက်ရိုက် ရေးကူး၍ ပါဠိစာပေပညာရှင်များ ဘာသာပြန်ဆို ညှိနှိုင်းပြုစုပြီး တိုင်းရင်းဆေးပညာရှင်ကြီးများ စိစစ်တည်းဖြတ်ထားသည့် “ပေစာကျမ်းလာ မြန်မာ့ဆေးပညာ” ကျမ်းစာအုပ်ကို သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနက နိုဝင်ဘာ ၁ ရက်တွင် စတင် ရောင်းချမည်ဖြစ်ရာ အုပ်ရေ ကန့်သတ်ထားသဖြင့် သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ဖုန်း–၆၆၅၃၈၁၊ ၆၆၅၃၆၀ သို့ တိုက်ရိုက်ဆက်သွယ်မှာကြားနိုင်ကြောင်း သိရသည်။ **(က–ပ)**

စာရင်းကိုင်သင်တန်းဖွင့်မည်

ရန်ကုန် အောက်တိုဘာ ၂၈

အခြေခံပညာအောင်မြင်ပြီးသူများ LCCI စာရင်းကိုင်ပညာရပ်လေ့လာလိုသူများအတွက် အမှတ်၂၆၈၊ ဒုတိယထပ်၊ ပန်းဆိုးတန်း(အထက်)၊ ခုံကျော်တံတားထိပ်တွင်ဖွင့်လှစ်ထားသော ဆရာဦးအောင်နိုင်၏ Aung Naing LCCI Training Centre တွင် LCCI Level I,II, III Diploma စာရင်းကိုင်သင်တန်းသစ်ကို ဒီဇင်ဘာ ၆ရက်(စနေနေ့)တွင် စတင်ဖွင့်လှစ်မည်ဖြစ်ရာဖုန်း–၇၂၁၁၄၃၊ ၀၉–၅၀–၂၀၅၂၈နှင့် သင်တန်းခန်းမသို့ ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်း(တီတီစီ) အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂၈

ရန်ကုန်မြို့ ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်း(တီတီစီ) ပြည်လမ်း၏ ၁၉၇၀ မှ ၁၉၇၃ခုနှစ် ကျောင်းသား ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲကို နိုဝင်ဘာ ၁၅ ရက်(စနေနေ့)နံနက် ၁၀ နာရီတွင် ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ကျောင်းသူကျောင်းသားဟောင်းများသည် ဦးမြင့်သူ ဖုန်း–၀၁–၂၅၆၆၂၁၊ ၀၉–၈၀–၂၁၄၆၆၊ ဦးမြင့်သိန်းတင် ဖုန်း–၀၁–၂၈၅၁၄၁၊၀၉–၅၀–၀၉၆၄၂၊ ဒေါက်တာသီတာဖြူ ဖုန်း–၀၁–၅၃၅၄၁၁၊၇၀၆၁၇၆၊ ဦးခွန်သာမြင့် ဖုန်း–၀၁–၆၆၀၂၇၅၊ ဦးသန်းစိန် ဖုန်း–၀၁–၂၀၂၀၇၁တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က–ပ)**

ကံထူးရှင်ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၈

Peace Myanmar Group Co., Ltd.က ၂၀၀၂ ဇူလိုင်မှစတင်၍ သုံးစွဲသူများအတွက် ကျပ်သိန်း ၁၀၀၀ အဖုံးတွင်းကံစမ်းပွဲတော်အစီအစဉ်တွင် အထူးဆုကြီး စိန်လက်စွပ်ငါးဆုနှင့် (ကျပ် ၁၀ သိန်း)ဆုကြီး ၁၀ဆုအနက်မှ တတိယမြောက် စိန်လက်စွပ်ကံထူးရှင် ဆုချီးမြှင့်ခြင်းအခမ်းအနားကို အောက်တိုဘာ ၂၆ ရက် နံနက်ပိုင်းက ဒဂုံမြို့နယ် Olympic Dining Hall တွင်ကျင်းပရာ ဈေးကွက်ဒါရိုက်တာ ဦးသိန်းဝင်းက နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် တတိယမြောက် စိန်လက်စွပ်ကံထူးရှင် ဦးသောင်းညွှန့် (မြစ်ကြီးနားမြို့)အား ပီအမ်ဂျီကုမ္ပဏီ မှဒါရိုက်တာဦးမင်းအောင်က ဆုချီးမြှင့်ပေးအပ်သည်။**(အပေါ်ပုံ)** **(က–ပ)**

ဒေးဒရဲမြို့နယ်အသင်း(ရန်ကုန်) ဒေးဒရဲမြို့သို့နေ့ချင်းပြန်သွားမည်

ရန်ကုန် အောက်တိုဘာ ၂၈

ဒေးဒရဲအသင်း(ရန်ကုန်)ကကြီးမှူး၍ နိုဝင်ဘာ ၈ရက်(တန်ဆောင်မုန်းလပြည့်နေ့)တွင် ဒေးဒရဲမြို့ ကျိုက်ဒေးယျုံဘုရားကြီး ဆွမ်းလုံးချပွဲသို့ စင်းလုံးငှား သင်္ဘောကြီးဖြင့် နေ့ချင်းပြန် သွားရောက်ရန်စီစဉ်ထားရာ သင်္ဘော လက်မှတ်များကို နီးစပ်ရာ အသင်း၊ အလုပ်အမှုဆောင်များနှင့် အသင်းရုံး ဖုန်း–၃၇၁၅၃၁၊ ဦးမျိုးလွင် ဖုန်း– ၅၄၄၂၇၃၊ ဦးဇော်လွင် ဖုန်း– ၅၄၀၃၄၈၊ ဦးစိုးသိန်း ဖုန်း–၂၄၅၉၂၃၊ ဦးကြိုင်မြင့် (ဝါမိုးအောင်စာပေ) ဖုန်း– ၂၉၅၉၈၈ တို့ထံတွင် ဆက်သွယ် ဝယ်ယူနိုင်ကြောင်းနှင့်ယင်းနေ့ နံနက် ၆နာရီခွဲတွင် မော်တင်ဆိပ်ကမ်းမှ သင်္ဘောထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။ **(က–ပ)**

ဝတ္ထုရှည်မြန်မာနှစ်တစ်ရာပြပွဲကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂၈

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ကကြီးမှူး၍ ၁၃၆၅ ခုနှစ် စာဆိုတော်နေ့ အထိမ်းအမှတ်အဖြစ် အသက် (၈၀)နှင့်အထက် စာပေပညာရှင်ကြီးများ ပူဇော်ကန်တော့ပွဲ၊ စာအုပ်ဈေးပွဲတော်နှင့် စာအုပ်ထုတ်ဝေခြင်းဆိုင်ရာ နှီးနှောဖလှယ်ပွဲများအပြင် ၁၉၀၄ခုနှစ်က စတင်ထုတ်ဝေခဲ့သော မောင်ရင်မောင်–မမယ်မ ဝတ္ထုရှည်၊ ချဉ်ပေါင်ရွက်သည် မောင်မှိုင်းဝတ္ထုရှည်များ၊ နှစ်တစ်ရာပြည့်အမှတ်တရ ဝတ္ထုရှည် မြန်မာနှစ်တစ်ရာပြပွဲကို ၂၀၀၃ ခုနှစ် နိုဝင်ဘာ ၂၁ ရက်မှ ၂၈ ရက်အထိ ရန်ကုန်မြို့ ကုန်သည်လမ်းနှင့် ၃၇ လမ်းထောင့်ရှိ စာပေဗိမာန် ဒုတိယထပ်၌ နံနက် ၁၀ နာရီမှ ညနေ ၅ နာရီ အထိ ပြသမည်ဖြစ်ပြီး မည်သူမဆို အခမဲ့လေ့လာကြည့်ရှုနိုင်ကြောင်း သတင်းရရှိသည်။

အဆိုပါပြပွဲတွင် ၁၉၄၈ ခုနှစ်မတိုင်မီမှ ယနေ့အထိ အောင်မြင်ကျော်ကြားလူသိများခဲ့သော ဝတ္ထုရှည်များ၊ နိုင်ငံတော်အဆင့် ဆုရဝတ္ထုရှည်များ၊ အထူးကဏ္ဍအဖြစ် အာဆီယံနိုင်ငံများမှ စာအုပ်များအား ကဏ္ဍလေးမျိုးခွဲ၍ ပြသမည်ဖြစ်ရာ လွတ်လပ်ရေးမရမီကာလနှင့် လွတ်လပ်ရေးရပြီး ယနေ့အထိ အောင်မြင်ကျော်ကြားလူသိများခဲ့သော ဝတ္ထုရှည်စာအုပ်များအား အဆိုပါပြပွဲတွင် ထည့်သွင်းပြသနိုင်ရန်အတွက် အဖွဲ့အစည်းများကဖြစ်စေ၊ ပုဂ္ဂလိကတစ်ဦးချင်းဖြစ်စေ ၂၀၀၃ ခုနှစ် နိုဝင်ဘာ၁၀ရက် နောက်ဆုံးထား၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(ရုံးချုပ်)ညွှန်ကြားရေးမှူး ဦးထွန်းမင်း ဖုန်း–၂၅၂၄၅၇ထံသို့ ဆက်သွယ်၍ လှူဒါန်းခြင်း၊ ငှားရမ်းခြင်းဖြင့် ပံ့ပိုးကူညီနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အီလက်ထရောနစ်စက်ပြင်သင်တန်း

ရန်ကုန် အောက်တိုဘာ ၂၈

TV,Videoကို အခြေခံ၍ မည်သည့်အီလက်ထရောနစ် စက်များကိုမဆို ပြုပြင်နိုင်ရန် ဦးခင်မောင်သန်း၏ THANTRONICအီလက်ထရောနစ် စက်ပြုပြင်မှု လုပ်ငန်းခွင်သင်တန်း ဖွင့်လှစ်မည်ဖြစ်သည်။ ယင်းသင်တန်းတွင် စာတွေ့၊ လက်တွေ့များကို ဝါရင့်စက်ပြင်ဆရာများက အနီးကပ်ကြီးကြပ်သင်ပေးမည်ဖြစ်ပြီး သင်တန်းပြီးကာလတွင် စက်ပြင်အတွေ့အကြုံများကို ယင်းသင်တန်းမှ ဖွင့်လှစ်ထားသော အီလက်ထရောနစ် စက်ပြင်လုပ်ငန်းစင်တာတွင် ဆက်လက်ဆည်းပူးနိုင်သည်။ သင်တန်းတွင် အခြေခံမှအဆင့်မြင့်ထိ သင်ကြားပေးသွားမည်ဖြစ်ပြီး နေ့သင်တန်း၊ ညနေအထူးသင်တန်းများဖြင့် ပုံမှန်သင်တန်း၊ အထူးစခန်းသွင်း အနီးကပ်သင်တန်းပါ လက်ခံသင်ကြားပေးမည်ဖြစ်ရာ အမှတ် ၃၅၊ လှည်းတန်းလမ်းမကြီး၊ လှည်းတန်းဈေးရှေ့၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်၊ ဖုန်း–၅၃၄၂၂၂ ထံ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

နယ်လှည့်စာကြည့်တိုက်ဖွင့်

ရန်ကုန် အောက်တိုဘာ ၂၈

ရွှေပြည်သာမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက နယ်လှည့်စာကြည့်တိုက်ဖွင့်ပွဲ၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲများကို မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများတွင်ကျင်းပရာ အောက်တိုဘာ ၁၄ ရက်တွင် ဘုံရှည်ကုန်းကျေးရွာ၊ ၁၇ ရက်တွင် အမှတ် (၆) ရပ်ကွက် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်၊ ၂၁ ရက်တွင် အမှတ် (၉) ရပ်ကွက် ခမ္ဘပါလ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်နှင့် အလက(၃)၌ လည်းကောင်း၊ ၂၄ ရက်တွင် အမှတ် (၁၄) နှင့် (၁၅) ရပ်ကွက်များတွင် ကွင်းဆင်းဆောင်ရွက်ခဲ့ပြီး မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးမှူး ဒေါ်ခင်မြအေးက စာဖတ်ခြင်း၏ အကျိုးရလဒ်ကောင်းများ အကြောင်း ဟောပြောခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မဟာသတင်းဂျာနယ်ဖြန့်ချိ

ရန်ကုန် အောက်တိုဘာ ၂၈

မဟာသတင်းဂျာနယ် အတွဲ(၂)၊ အမှတ်(၉)တွင် စွန်ရဲ၏တွေ့ကြုံခဲ့ရလူ့ဘဝ(၄၃)၊ ဒေါက်တာမတင်ဝင်း (ပညာရေးတက္ကသိုလ်)၊ ဆူဒိုနင်တို့၏ ဆောင်းပါးများပါဝင်ပြီး မြတ်ခိုင်၏ မေးခွန်း၁၀၀၀၊ အင်္ဂါစကားဝိုင်းတို့အပြင် ပြည်တွင်းပြည်ပအားကစားသတင်း၊ အနုပညာသတင်း၊ 3D လက်ဆောင်တို့ဖြင့် ဖြန့်ချိလိုက်ကြောင်း သိရသည်။ **(က–ပ)**

အင်းစိန် အလက(၁)မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို စက်တင်ဘာ ၂၇ရက်က ကျောင်းခန်းမ၌ကျင်းပရာ ကျောင်းအုပ်ဆရာမကြီးဒေါ်ရီရီမြက ပထမတန်းမှ အဋ္ဌမတန်းအထိ ရှစ်နှစ်ဆက်တိုက် ပထမဆုရ နော်ခင်ဆွေဆွေအောင်အား ဆုချီးမြှင့်စဉ်။(ဝ၄၆)

ချင်းပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေး မြင်ကွင်းများ

ချင်းပြည်နယ် ဟားခါးမြို့ ပြည်သူ့ဆေးရုံရှိ ပြင်ပလူနာဌာနကို တွေ့ရစဉ်။



ချင်းပြည်နယ် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် တောင်ပေါ်မြေပြန့်ဆက်သွယ်နိုင်ရန် ဖလမ်းမြို့တွင် တည်ဆောက်ထားသည့် မိုက္ကရိုဝေ့ဗ် ဆက်သွယ်ရေးစခန်း။

ချင်းပြည်နယ် ဟားခါးမြို့ရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာန၏ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်းကို တွေ့ရစဉ်။

ကပ်တဲလ်ကြိုးတံတား

ချင်းပြည်နယ် တီးတိန်မြို့နယ် တီးတိန်–ကပ်တဲလ်–ရိဒ်ရေကန် ကားလမ်းပေါ်မှ အရှည်ပေ ၄၈၀ ရှိသော ကပ်တဲလ်ကြိုးတံတားကို တွေ့ရစဉ်။

ချင်းပြည်နယ် ကလေး–ဟားခါး လမ်းပေါ်တွင် ၁၃–၃–၉၈ ရက်နေ့က ဖွင့်လှစ်ပေးခဲ့သည့် မဏိပူရမြစ်ကူး ဗားရိတံတား။

ချင်းပြည်နယ် ဟားခါးမြို့ရှိ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းကို တွေ့ရစဉ်။

ချင်းပြည်နယ်တောင်ပိုင်းရှိ မတူပီ–မင်းတပ်လမ်း၊ မင်းတပ်–ကန် ပက်လက်လမ်း၊ မင်းတပ်–ကျောက် ထု–ပေါက်–ပခုက္ကူလမ်း၊ မင်းတပ်–ဆော–ဆိပ်ဖြူလမ်း တို့မှာ ယခုအခါတိုးတက်ကောင်းမွန်လာ ပြီဖြစ်၍ ပြည်မနှင့် ကူးသန်း ဆက်သွယ်မှုများ တိုးတက်များပြားလျက်ရှိသည်။

ချင်းပြည်နယ်လမ်းမကြီး(၄)သွယ် အခြေပြမြေပုံ



❑ *ကမ္ဘောဒီးယားမှ*

ထိပ်သီးအစည်းအဝေးကို မြန်မာနိုင်ငံ၌ကျင်းပရန် သဘောတူခဲ့ခြင်းဖြစ်ကြောင်း။

ယခုအစည်းအဝေး အောင်အောင်မြင်မြင် ချောချောမွေ့မွေ့ကျင်းပနိုင်ရန်အတွက်လိုအပ်သော စီမံခန့်ခွဲရေးဆိုင်ရာ ကြိုတင်ပြင်ဆင်မှုများကို တစ်ဖက်က ဆောင်ရွက်လျက်ရှိပါကြောင်း။

ထိပ်သီးအစည်းအဝေးရည်ရွယ်ချက်

ယခုထိပ်သီးအစည်းအဝေး ကျင်းပရခြင်း၏ ရည်ရွယ်ချက်မှာ လေးနိုင်ငံနယ်စပ်ဒေသများတွင် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုပိုမိုရရှိစေရန်နှင့် စွမ်းဆောင်ယှဉ်ပြိုင်နိုင်မှုမြင့်မားလာစေရန်၊ လယ်ယာစိုက်ပျိုးရေးနှင့် ကုန်ထုတ်လုပ်မှုကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုများ တစ်နိုင်ငံမှတစ်နိုင်ငံ ပြောင်းရွှေ့လုပ်ကိုင်သည့်အခါ အဆင်ပြေချောမွေ့စေရန်၊ အလုပ်အကိုင်များဖန်တီးပေးပြီး ဒေသတွင်း ဝင်ငွေကွာဟမှု လျော့နည်းစေရန်၊ ဒေသတွင်း တည်ငြိမ်မှုတိုးတက်ဖြစ်ပေါ်စေရန်နှင့် လေးနိုင်ငံစလုံးတွင် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်လာစေရန်တို့ဖြစ်ကြောင်း။

ပူးပေါင်းညှိနှိုင်းဆောင်ရွက်

ကမ္ဘောဒီးယား-လာအို-မြန်မာ-ထိုင်း လေးနိုင်ငံ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစည်းအဝေးကို ကျင်းပခြင်းကြောင့် အဆိုပါလေးနိုင်ငံအပြင် အာဆီယံဒေသတစ်ခုလုံးကိုပါ အကျိုးဖြစ်ထွန်းစေမှာဖြစ်သဖြင့် အစည်းအဝေးကြီးအောင်မြင်စေရန် သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများက ပူးပေါင်းညှိနှိုင်းဆောင်ရွက်ကြရေး မှာကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်က မြန်မာနိုင်ငံတွင်ကျင်းပမည့် ကမ္ဘောဒီးယား-လာအို-မြန်မာ-ထိုင်း လေးနိုင်ငံ ထိပ်သီးအစည်းအဝေးတွင် ဆွေးနွေးမည့်ကဏ္ဍများနှင့် ပတ်သက်၍ သက်ဆိုင်ရာဝန်ကြီးဌာနများက ကြိုတင်ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဝင်းအောင်က ကမ္ဘောဒီးယား-လာအို-မြန်မာ-ထိုင်း လေးနိုင်ငံ ထိပ်သီးအစည်းအဝေး၌ ဆွေးနွေးကြမည့် ကဏ္ဍများနှင့် ပတ်သက်၍ ရှင်းလင်း တင်ပြစဉ်။ (သတင်းစဉ်)

ဆက်လက်၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ပြည့်စုံက အောက်တိုဘာ ၂၇ ရက်က ဗန်ကောက်မြို့၌ ကျင်းပသော ကမ္ဘောဒီးယား-လာအို-မြန်မာ-ထိုင်း လေးနိုင်ငံ စီးပွားရေးဝန်ကြီးများအစည်းအဝေး သဘောတူညီချက်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် အစည်းအဝေး တက်ရောက်လာကြသည့် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများက ကမ္ဘောဒီးယား-လာအို-မြန်မာ-ထိုင်း လေးနိုင်ငံစီးပွားရေးပူးပေါင်းဆောင်ရွက်ရေး အစည်းအဝေးများတွင် မိမိတို့သက်ဆိုင်ရာကဏ္ဍအလိုက် ပါဝင်ဆွေးနွေးသွားမည့် အကြောင်းအရာများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တင်ပြချက်များကို ပြန်လည်ရှင်းလင်းဆွေးနွေးပြီး နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

တွေ့ဆုံမှာကြား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း စစ်တွေတပ်နယ်တပ်နယ်အတွင်းရှိ တပ်ရင်း၊ တပ်ဖွဲ့အသီးသီးမှ တပ်မတော်သားများနှင့် မိသားစုဝင်များအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

စီးပွားကူးသန်း ရှေ့သို့လှမ်း

ပုသိမ်မြို့ အလက(၁)မြို့မ အာစရိယပူဇော်ပွဲကျင်းပမည်

ပုသိမ် အောက်တိုဘာ ၂၇

ပုသိမ်မြို့ အလက(၁) မြို့မ ကျောင်းသူကျောင်းသားဟောင်းများ၏ ဒုတိယအကြိမ် အာစရိယပူဇော်ပွဲအတွက် ညှိနှိုင်းအစည်းအဝေးကို အဆိုပါကျောင်း အားကစားခန်းမ၌ နိုဝင်ဘာ ၂ ရက် (တနင်္ဂနွေ)နေ့ မွန်းတည့် ၁၂ နာရီတွင် ကျင်းပမည်ဖြစ်ရာ ရပ်ဝေးရပ်နီးမှ ကျောင်းသူကျောင်းသားဟောင်းများ မပျက်မကွက် တက်ရောက်ကြပါရန် နှိုးဆော်ဖိတ်ကြားထားကြောင်း သိရသည်။ **(က-ပ)**

✻ စစ်တွေမြို့မှ

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယ ဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်ဦး၊ စစ်တွေတပ်နယ်မှဗိုလ်မှူးကြီးသန်းထွန်းအောင်နှင့် အဖွဲ့ဝင်များ လိုက်ပါလျက် ဆက်လက်ထွက်ခွာလာရာ စစ်တွေမြို့ မန်ကျည်းမြိုင်ရပ်ကွက် လေယာဉ်ကွင်းလမ်းရှိ အောင်မြေဗောဓိ ဓမ္မရိပ်သာ အလိုတော်ပြည့်ကျောင်းတိုက်သို့ရောက်ရှိကြပြီး ပြည်တွင်းပြည်ပ သာသနာပြု အလိုတော်ပြည့်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဂန္ထဝါစကပဏ္ဍိတ ပရိယတ္တိ သာသနဟိတရေဘဒ္ဒန္တ အရိယဝံသအား ဖူးမြော်၍ သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ဆက်ကပ်လှူဒါန်း

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူး ဗိုလ်ချုပ်မောင်ဦးနှင့် အဖွဲ့ဝင်များသည် အလိုတော်ပြည့်ဆရာတော် အမှူးပြုသည့် စစ်တွေမြို့ပေါ်ရှိ ကျောင်းတိုက်များမှ ဆရာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ အလိုတော်ပြည့် ဆရာတော်ထံမှ ဩဝါဒကထာကို နာကြားကြပြီး ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူး ဗိုလ်ချုပ်မောင်ဦးနှင့် ရခိုင်ပြည်နယ် စက်မှုလက်မှုနှင့် ကုန်သည်ကြီးများအသင်း ဥက္ကဋ္ဌ ဦးဦးဘိုးသိန်းတို့က အလိုတော်ပြည့်ဆရာတော် အမှူးပြုသည့် စစ်တွေမြို့ပေါ်ရှိကျောင်းတိုက်များမှ ဆရာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ကြည့်ရှုစစ်ဆေး

မွန်းလွဲပိုင်းတွင် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူး ဗိုလ်ချုပ်မောင်ဦးနှင့်အဖွဲ့ဝင်များသည် စစ်တွေတပ်နယ်သို့ ရောက်ရှိကြပြီး တပ်ရင်း၊ တပ်ဖွဲ့များအတွင်း အရိပ်ရပင်များ စိုက်ပျိုးထားရှိမှု၊ မိသားစုဝင်များ၏ တစ်ပိုင်တစ်နိုင် သီးပင်၊ စားပင်နှင့် ဟင်းသီးဟင်းရွက်များ စိုက်ပျိုးထားရှိမှုနှင့် တပ်တွင်း စိမ်းလန်းစိုပြည် သာယာလှပရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့်အဖွဲ့သည် ရန်ကုန်-စစ်တွေလမ်းမတစ်လျှောက် ဒေသဖွံ့ဖြိုးတိုးတက်မှု အခြေအနေများ၊ မိုးစပါးများ အောင်မြင်ဖြစ်ထွန်းနေမှုများနှင့် ရိတ်သိမ်းရန်အသင့်ဖြစ်နေသည့် စပါးခင်းများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် မွန်းလွဲ၂နာရီ မိနစ် ၅၀တွင်စစ်တွေတပ်နယ်ခန်းမသို့ရောက်ရှိပြီး တပ်နယ်အတွင်းရှိ တပ်ရင်း၊ တပ်ဖွဲ့အသီးသီးမှ တပ်မတော်သားများနှင့် မိသားစုဝင်များအား တွေ့ဆုံကာ မိသားစုတစ်နိုင်တစ်ပိုင် စိုက်ပျိုးမွေးမြူရေး၊ ကလေးငယ်များ၏ ပညာရေးနှင့် ကျန်းမာရေး၊ မိသားစုဝင်များ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများတိုးချဲ့ ဆောင်ရွက်ကြရေး မှာကြားပြီး တပ်မတော်သားများနှင့် မိသားစုဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

(သတင်းစဉ်)

အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး အစိုးရ၏စေတနာမှန်ကိုသိမြင် တောတွင်းလက်နက်ကိုင်အဖွဲ့ဝင်များ လက်နက်နှင့်ငြိမ်းချမ်းရေးလဲလှယ်ဝင်ရောက်

ရန်ကုန် အောက်တိုဘာ ၂၈

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ဒို့တာဝန်အရေးသုံးပါးကိုဦးထိပ်ထား၍ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို ထိထိရောက်ရောက်ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး နိုင်ငံတစ်ဝန်း အကြားအလပ်မရှိ မျှမျှတတဖွံ့ဖြိုးတိုးတက်ရေးအတွက် အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်လျက်ရှိခြင်းကြောင့် နိုင်ငံတော်အစိုးရ၏လုပ်ရပ်နှင့် စေတနာမှန်ကို သိမြင်လာကြသော တောတွင်းလက်နက်ကိုင်အဖွဲ့အစည်းများသည် ၎င်းတို့၏မှားယွင်းသောလုပ်ရပ်များအပေါ် နားလည်သဘောပေါက်ကာ နိုင်ငံတော်၊ တပ်မတော်နှင့် ပြည်သူတို့၏ရင်ခွင်သို့ တစ်ဦးချင်းမှအစ အစုအဖွဲ့အလိုက် လက်နက်နှင့်ငြိမ်းချမ်းရေးလဲလှယ်ဝင်ရောက်လျက်ရှိရာ ၂၀၀၃ခုနှစ် ဩဂုတ်လနှင့် စက်တင်ဘာလအတွင်း အရှေ့တောင်တိုင်းစစ်ဌာနချုပ်နယ်မြေတွင် ကေအင်န်ယူတောတွင်းလက်နက်ကိုင်အဖွဲ့ တပ်မဟာ(၁) ရင်း(၁) ခွဲ(၁)မှ ဒုဗိုလ်အဆင့်ရှိ ဖားနော်ချို့သည် အမ်-၁၆ မောင်းပြန်ရိုင်ဖယ်တစ်လက်နှင့် ပွိုင့် ၃၀ ကာဘိုင်တစ်လက်တို့ဖြင့် လည်းကောင်း၊ တပ်မဟာ(၁) ဒေါက်ရပ်ကျေးနယ်အဖွဲ့မှ ကျေးနယ်မှူး စောချစ်ထွေးသည် အေကေ-၄၇မောင်းပြန်ရိုင်ဖယ်တစ်လက်၊ ၎င်းကျည်အိမ်တစ်ခု၊ ၎င်းကျည် ၁၇ တောင့်တို့ဖြင့် လည်းကောင်း၊ တပ်မဟာ(၁) ဘီးလင်းမြို့နယ်အုပ်ချုပ်ရေးအဖွဲ့မှ ကျေးနယ်မှူး ပါလာမာ(ခေါ်)ကော့တိုး၊ တပ်ကြပ်အဆင့်ရှိ ကျော်ဝင်းနိုင်နှင့် တပ်သားညွန့်ဝင်းတို့သည် အမ်-၁၆ မောင်းပြန်ရိုင်ဖယ်တစ်လက်နှင့် လမ်းလျှောက်စကားပြောစက်တစ်လုံးတို့ဖြင့်လည်းကောင်း၊ မွန်ခွဲထွက် တောတွင်းလက်နက်ကိုင်အဖွဲ့မှ တပ်သားကျော်ဆန်းသည် အမ်အေ-၁၁ သေနတ်တစ်လက်၊၎င်းကျည်အိမ်နှစ်ခု၊ ၎င်းကျည် ၃၂ တောင့်တို့ဖြင့် လည်းကောင်း။

အနောက်မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေတွင် စီအင်န်အေတောတွင်းလက်နက်ကိုင်အဖွဲ့မှ ဗိုလ်အဆင့်ရှိ ငွန်ခုန်းသည် လုပ်သေနတ်တစ်လက်၊ ၎င်းကျည် လေးတောင့်ဖြင့်လည်းကောင်း။

အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်နယ်မြေတွင် ကေအင်န်ပီပီ တောတွင်းလက်နက်ကိုင်အဖွဲ့မှ မြို့နယ်မှူးဒါးရယ်(ခေါ်)ဒါးယာသည်လည်းကောင်း။

တောင်ပိုင်းတိုင်း စစ်ဌာနချုပ်နယ်မြေတွင် ကေအင်န်ယူတောတွင်းလက်နက်ကိုင်အဖွဲ့ တပ်မဟာ(၃) ရင်း(၈)မှ စာရေးစောတော(ခေါ်)စောပေါသည်လည်းကောင်း။

ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်နယ်မြေတွင် ကေအင်န်ယူတောတွင်းလက်နက်ကိုင်အဖွဲ့ ရင်း(၁၀) ခွဲ(၃)မှ တပ်စုမှူးအဆင့်ရှိ စောပတ်ကားနှင့် စောသာဝေ၊ တပ်သားကိုအောင်နှင့် ညီညီတို့သည် အမ်-၁၆မောင်းပြန်ရိုင်ဖယ်နှစ်လက်၊ အေကေ-၄၇ မောင်းပြန်ရိုင်ဖယ်တစ်လက်၊ ကျည်အိမ်မျိုးစုံသုံးခု၊ ကျည်မျိုးစုံ၁၅တောင့်တို့ဖြင့်လည်းကောင်း၊ နယ်မြေခံ ယဉ်လှအောင်သည်လည်းကောင်း၊ ရင်း(၁၁) ခွဲ(၃)မှ နယ်မြေခံတင်စိုး(ခေါ်)ဆေးပိုင်သည် ရိုင်ဖယ်တစ်လက်၊ ၎င်းကျည်အိမ်တစ်ခု၊ ၎င်းကျည်၁၃တောင့်ဖြင့်လည်းကောင်း၊ နယ်မြေခံဦးဒါပီသည် ရိုင်ဖယ်တစ်လက်၊ ၎င်းကျည် နှစ်တောင့်ဖြင့် လည်းကောင်း၊ ဗကပ တောတွင်းလက်နက်ကိုင်အဖွဲ့မှ တပ်သားကော့မူ၊ အေးဝင်းနှင့် အောင်ရွှေတို့သည် အိပ်ချ်ကေ-၃၃သေနတ်တစ်လက်၊ ၎င်းကျည်အိမ်နှစ်ခု၊ ၎င်းကျည်၂၀တောင့်၊ လက်ပစ်ဗုံးတစ်လုံးတို့ဖြင့်လည်းကောင်း အသီးသီးလက်နက်နှင့်ငြိမ်းချမ်းရေးလဲလှယ်ဝင်ရောက်ခဲ့ကြသည်။

အဆိုပါရက်များအတွင်း လက်နက်နှင့်ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်ခဲ့ကြသူ၁၉ဦးအား သက်ဆိုင်ရာတပ်စခန်းအသီးသီးမှ တာဝန်ရှိသူများက လိုက်လံပျူငှာစွာ ကြိုဆိုခဲ့ကြပြီး လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်းနှင့် အလားတူ လက်နက်နှင့်ငြိမ်းချမ်းရေးလဲလှယ်ဝင်ရောက်ရန် ရှိနေသေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အောက်တိုဘာ ၂၆ ရက် နံနက်က သင်္ဃန်းကျွန်းမြို့နယ် အခြေခံပညာအလယ်တန်းကျောင်းအမှတ်(၄) ၂၀၀၂-၂၀၀၃ ပညာသင်နှစ် မိဘဆရာအသင်းညီလာခံတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် ပညာရေးမှူးဒေါ်မြတ်မြတ်မူက ခြောက်ဘာသာဂုဏ်ထူးရှင် မသန္တာအောင်အား ဆုချီးမြှင့်စဉ်။ (က-ပ)

အင်္ဂလိပ်စာသင်တန်းများဖွင့်မည်

ရန်ကုန် အောက်တိုဘာ ၂၈

လက်တွေ့ပြောဆိုနိုင်မည့် နည်းစနစ်များဖြင့် ဆရာအာသာဘီအေ(အင်္ဂလိပ်စာ)၊ ဒီပလိုမာ(အင်္ဂလိပ်စာသင်ကြားရေးဘွဲ့)နှင့် အင်္ဂလိပ်စာဘွဲ့ရဆရာများက ပို့ချပေးမည့် Spoken English, Intermediate Level General English Proficiency သင်တန်းများကို နိုဝင်ဘာ ၃၊၁၀၊၂၄ ရက်နှင့် ဒီဇင်ဘာ ၁၊၁၅၊၂၀၊၃၀ ရက်တို့တွင် စတင်ဖွင့်လှစ်မည်ဖြစ်သည်။

ကျောင်းသားဟောင်းများအတွက် တစ်နှစ်ပတ်လုံးဖွင့်လှစ်လေ့ကျင့်ပေးနေသည့် Member Club အဖွဲ့ဝင်အဖြစ် လေ့ကျင့်ခွင့်၊ စာအုပ်များအခမဲ့ငှားရမ်းခွင့်များ ရရှိမည်ဖြစ်ရာ Success Language Academy ၄၅၇(တတိယထပ်)၊ ကုန်သည်လမ်း(ဘိုကလေးဈေးလမ်းထောင့်)၊ ဂမုန်းပွင့်ကုန်တိုက်ရှေ့၊ ဖုန်း-၂၉၅၇၂၄ သို့ ဆက်သွယ်စုံစမ်းနိုင်သည်။ **(က-ပ)**

နေပြည်တော်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနက နိုင်ငံသားအရည်အချင်းပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲကို အောက်တိုဘာ ၁၇ ရက်က သပြုကျေးရွာအုပ်စု၌ ကျင်းပရာ မြို့နယ်ဦးစီးဌာနမှူး ဦးဌေးဝင်းက နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်စဉ်။ (က-ပ)

အနုပညာသတင်းများ၊ ရသကဗျာဝတ္ထုများ၊ အမျိုးသမီးတို့ သိမှတ်ဖွယ်ရာများ၊ ကျန်းမာရေးဆိုင်ရာဆောင်းပါးများကို အပြင်အဆင်ကောင်းကောင်း၊ စက္ကူအချောစားဖြင့် ဝေဝေဆာဆာ တင်ဆက်ထားသော သီရိသန္တာမီဒီယာအဖွဲ့ အေ-၀၀၂၊ ရွှေဂုံပလာဇာဝင်း၊ ရွှေဂုံတိုင်၊ ဗဟန်းမြို့နယ်ကထုတ်ဝေသည့် ကေရီ EMPRESS မဂ္ဂဇင်း နိုဝင်ဘာလထုတ် မျက်နှာဖုံး။ (က-ပ)



ပထမအကြိမ် မဟာဘုံကထိန် ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂၈

ရန်ကုန်တိုင်း ဒဂုံမြို့သစ်(အရှေ့ပိုင်း)(၄)ရပ်ကွက် ဗိုလ်မှူးဗထူးလမ်းမကြီး၊ အာသာဝတီလမ်းနှင့်ယောမင်းကြီး(၂)လမ်းတွင် စစ်ကိုင်းတောင်ရိုးဝါးချက် ဓိဝိတဒါနသံဃာ့ဆေးရုံ ကြီးကြပ်ထောက်ပံ့ရေးအဖွဲ့များ၏ ပဓာနဦးဆောင် ဆရာတော် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တလက္ခဏာဦးစီးပြီး တည်ထောင်သော 'သိရီလက္ခဏာရာမဒဂုံ သာသနာ့ရိပ်သာတွင်' ပထမအကြိမ် မဟာဘုံကထိန်ပွဲတော်ကို နိုဝင်ဘာ၂ရက်(တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

သားငါးပွံ့ဖြိုး ပြည်အကျိုး

နှစ်(၇၀)ပြည့် နှင်းဆီကုန်းဘိုးဘွားရိပ်သာ

ရွှေစွန်ညို

နှင်းဆီကုန်းဘိုးဘွားရိပ်သာ နှစ်(၇၀)ပြည့် အထိမ်းအမှတ်အခမ်းအနားနှင့် ရိပ်သာတည်ထောင်သူ ဒေါ်ဦးဖွန်းနှင့် မြန်မာ့အလင်းဦးတင်တို့အား ဂုဏ်ပြုဆောက်လုပ်ထားသည့် သမိုင်းပြတိုက်ဖွင့်ပွဲကို ၂၀၀၃ခုနှစ် နိုဝင်ဘာလ ၁ရက်နေ့တွင် ကျင်းပမည်ဖြစ်သည်။

နှင်းဆီကုန်းဘိုးဘွားရိပ်သာ နှစ်(၇၀)ပြည့် အထိမ်းအမှတ်အခမ်းအနားနှင့် ရိပ်သာတည်ဆောက်သူ ဒေါ်ဦးဖွန်းနှင့် မြန်မာ့အလင်းဦးတင်တို့အား ဂုဏ်ပြု ဆောက်လုပ်ထားသည့် သမိုင်းပြတိုက်ဖွင့်ပွဲကို ဂုဏ်ပြုသောအားဖြင့် နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့က နှင်းဆီကုန်းဘိုးဘွားရိပ်သာကို စတင်တည်ထောင်သူ ဘွားဦးဖွန်း အတ္ထုပ္ပတ္တိ၊ ရန်ကုန်မြို့ နှင်းဆီကုန်းဘိုးဘွားရိပ်သာ၏ ပထမဥက္ကဋ္ဌ သတိုးသီရိသုဓမ္မဘွဲ့ရ မြန်မာ့အလင်း ဦးတင် အတ္ထုပ္ပတ္တိစာအုပ်နှင့် နှင်းဆီကုန်းဘိုးဘွားရိပ်သာ သမိုင်းဖြစ်စဉ်စာအုပ်တို့ကို ထုတ်ဝေခဲ့သည်။

ထိုစာအုပ်သုံးအုပ်သည် နှင်းဆီကုန်းဘိုးဘွားရိပ်သာ၏ နှစ်(၇၀)ပြည့်ခရီး သမိုင်းဖြစ်စဉ်ကို အပိုင်းကဏ္ဍအလိုက် မီးမောင်းထိုးပြသလျက်ရှိပေသည်။ နှင်းဆီကုန်း ဘိုးဘွားရိပ်သာကြီး၏ သမိုင်းရေစီးကြောင်းကို ငဲ့စောင်းလေ့လာနိုင်ရန် ထိုစာအုပ်သုံးအုပ်က လက်ကမ်းဖိတ်ခေါ်လျက်ရှိသည်။

မန္တလေးမြို့မှ ပတ္တမြားအုတ်ကျောင်း ကျောင်းအမကြီး တိုင်းကျိုးပြည်ကျိုးဆောင် လူမှုရေးအာဇာနည် ဒေါ်ဦးဖွန်းသည် ၁၉၃၃ခုနှစ်တွင် ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် နှင်းဆီကုန်းရပ်ကွက်၌ နှင်းဆီကုန်းလူအိုရုံကို စတင်တည်ထောင်ခဲ့သည်။

ထိုလူအိုရုံကို ဒေါ်ဦးဖွန်း၏ လွှဲပြောင်းပေးအပ်ချက်အရ မြန်မာ့အလင်းဦးတင်က ဆက်လက်ပြုစုပျိုးထောင်ခဲ့သည်။ မြန်မာ့အလင်းဦးတင်၏ ကြိုးပမ်းအားထုတ်မှုကြောင့် ၁၉၃၃ ခုနှစ်မှစတင်ခဲ့သော သင်္ဃန်းကျွန်းနှင်းဆီကုန်းလူအိုရုံသည် ယခု ၂၀၀၃ ခုနှစ်သို့ ရောက်ရှိသောအခါ လက်ရှိဗဟန်း နှင်းဆီကုန်း ဘိုးဘွားရိပ်သာအဆင့်သို့ ရောက်ရှိလာခဲ့ပြီဖြစ်သည်။ တစ်နှစ်ထက်တစ်နှစ် နှစ်ပေါင်း ၇၀ တိုင်အောင် အရှိန်အဟုန်မပျက် ဆက်လက်တိုးတက်အောင်မြင်လျက်ရှိသည်။



သမိုင်းပြတိုက်တွင် ထားရှိသည့် ဘွားဦးဖွန်းရုပ်တု

ပထမတည်ထောင်သူ ဘွားဦးဖွန်းနှင့် ဒုတိယ လက်ဆင့်ကမ်း တည်ထောင်သူ မြန်မာ့အလင်း ဦးတင်တို့သည် မမေ့မပျောက်လေးစားစွာ ဂုဏ်ပြုမှတ်တမ်းတင်ထိုက်သော ပုဂ္ဂိုလ်ကြီးများဖြစ်ရာ ဤပုဂ္ဂိုလ်ကြီးနှစ်ဦးတို့၏ အမှတ်တရ အထိမ်းအမှတ်ရုပ်တုများကို ထုလုပ်ပြသ၍လည်းကောင်း၊ အတ္ထုပ္ပတ္တိစာအုပ်များရေးသားပြုစုထုတ်ဝေ၍လည်းကောင်း ခံ့ညားထည်ဝါသည့် သမိုင်းပြတိုက်အဖြစ် ထားရှိပြသ နိုင်ရေးအတွက် စီမံဆောင်ရွက်ခဲ့ရာ မကြာမတင် ကာလတွင် ရုပ်တုများနှင့် သမိုင်းပြတိုက်ဖွင့်ပွဲကို ပြုလုပ်နိုင်တော့မည် ဖြစ်သည်။

နှင်းဆီကုန်းဘိုးဘွားရိပ်သာကို စတင်တည်ထောင်ခဲ့သူ ဘွားဦးဖွန်း၏ အတ္ထုပ္ပတ္တိတွင် မျိုးရိုးဇာတိ၊ စိတ်နေစိတ်ထားနှင့် ပတ္တမြားအုတ်ကျောင်းအမဘဝ ခံယူပုံ ရန်ကုန်သို့ ရောက်ရှိလေ့လာပြီး အမြင်သစ်များတိုးပွားလာပုံနှင့် မန္တလေးလူအိုရုံအသင်းကို ၁၂၈၀ ပြည့်နှစ်တွင် စတင်တည်ထောင်ပုံတို့ကို ဖော်ပြထားသည်။

ထို့နောက် ဒေါ်ဦးဖွန်း၊ ဦးမောင်ကြီးနှင့် ဦးလှထွန်းတို့သည် ၁၂၈၉ ခုနှစ်တွင် သထုံမြို့ မြသပိတ်တောင်ခြေ၌ လည်းကောင်း၊ ၁၂၉၀ ပြည့်နှစ်တွင် ပေါင်းတည်မြို့၌ လည်းကောင်း၊ ၁၂၉၅ ခုနှစ်တွင် ရန်ကုန်မြို့ သင်္ဃန်းကျွန်း နှင်းဆီကုန်းအရပ်၌လည်းကောင်း၊ ၁၂၉၉ ခုနှစ်တွင် ပခုက္ကူ၌လည်းကောင်း လူအိုရုံများဆောက်လုပ်လှူဒါန်းခဲ့သည်။

ဆက်လက်၍ ဒုတိယကမ္ဘာစစ်မီးနှင့် နှင်းဆီကုန်းလူအိုရုံ၊ ဂျပန်ခေတ်အတွင်း နှင်းဆီကုန်းလူအိုရုံ၊ နှင်းဆီကုန်းလူအိုရုံ စောင့်ရှောက်ရေးအဖွဲ့ ဖွဲ့စည်း၍ ဆက်လက်စောင့်ရှောက်ခြင်း၊ ဘွားဦးဖွန်း ဘွဲ့ထူးဂုဏ်ထူးရရှိခြင်း၊ ဘွားဦးဖွန်း ကွယ်လွန်ခြင်းနှင့် ဘွားဦးဖွန်း၏ ကြေးရုပ်ကို ထုလုပ်၍ မင်းကွန်းလူအိုရုံ၌ ဂုဏ်ပြုထားရှိကြောင်း တို့ကို ရှင်းရှင်းလင်းလင်း ရေးသားဖော်ပြထားသည်။

ရန်ကုန်မြို့ နှင်းဆီကုန်းဘိုးဘွားရိပ်သာ၏ ပထမဥက္ကဋ္ဌ သတိုးသီရိသုဓမ္မဘွဲ့ရ မြန်မာ့အလင်းဦးတင်



သမိုင်းပြတိုက်တွင် ထားရှိသည့် ဘိုးဦးတင်ရုပ်တု

အတ္ထုပ္ပတ္တိတွင်မှု နိဒါန်း၊ မြန်မာ့အလင်းဦးတင်၏ ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိအကျဉ်း၊ မြန်မာ့အလင်းတွင် ဆောင်ရွက်ခဲ့သော ကာလ၊ တိုင်းကျိုးပြည်ကျိုး သယ်ပိုးသောကာလ၊ နှင်းဆီကုန်းလူအိုရုံကို စောင့်ရှောက်သောကာလ၊ ဘဝနိဂုံးဟူ၍ အပိုင်းခြောက်ပိုင်းခွဲခြားကာ ဂုဏ်သိက္ခာလွန် မြင့်မားထူးခြားသည့် ပုဂ္ဂိုလ်ဖြစ်သော ဥက္ကဋ္ဌ ဦးတင်၏ ဘဝဖြစ်စဉ်ကို ရိုးရိုးစင်းစင်း ထင်ထင်ပြတ်ပြတ် ဖော်ပြထားသည်။

အထူးအားဖြင့် နှင်းဆီကုန်းဘိုးဘွားရိပ်သာကို စတင်တာဝန်ယူခဲ့သည့် ၁၉၄၃ ခုနှစ် ဧပြီလ ၄ ရက်နေ့မှစ၍ ကွယ်လွန်သည့် ၁၉၇၈ ခုနှစ်အောက်တိုဘာ လ ၃ ရက်နေ့ အထိနှစ်ပေါင်း ၃၅ နှစ်ကျော်ကာလအတွင်း နှင်းဆီကုန်းဘိုးဘွားစောင့်ရှောက်ရေးအဖွဲ့တွင် ပထမဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး အစဉ်တစိုက် တိုးတက်အောင် ကြိုးပမ်းအားထုတ်ခဲ့ပုံများကို မီးမောင်းထိုးဖော်ပြထားသည်။

အလားတူပင် ဥက္ကဋ္ဌ ဦးတင်အား သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့ဖြင့် ပြည့်စုံ၍ အများကြည်ညိုချစ်ခင်လေးစားခြင်း ခံရသော သတင်းစာဆရာကြီး၊ တိုင်းကျိုးပြည်ပြု ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး အဖြစ် ဆောင်ရွက်ခဲ့သည့် ဘဝဖြစ်စဉ်များကိုလည်း အားပါးတရ လေ့လာနိုင်ပေသည်။

နှင်းဆီကုန်းဘိုးဘွားရိပ်သာ သမိုင်းဖြစ်စဉ်စာအုပ်တွင်မူ ဘွားဦးဖွန်းမှ ယနေ့တိုင်ကာလအထိ ဘွားဦးဖွန်း၊ မြန်မာ့အလင်းဦးတင်၊ အငြိမ်းစားသစ်တောမင်းကြီး ဦးထွန်းကျော်၊ အငြိမ်းစား တရားဝန်ကြီးချုပ် ဦးချန်ထွန်းအောင်၊ ဗိုလ်မှူးမောင်လွင် (ငြိမ်း)တို့နှင့် လက်ရှိဥက္ကဋ္ဌ ဗိုလ်ကြီးမောင်တင်(ငြိမ်း)တို့ တာဝန်ယူဆောင်ရွက်လျက်ရှိသော နှင်းဆီကုန်း ဘိုးဘွားရိပ်သာ သမိုင်းစဉ်များကို ဆစ်ပိုင်းဖော်ပြထားသည်။

အထူးအားဖြင့် ၁၉၇၈ ခုနှစ်ကာလမှ ၂၀၀၀ ပြည့်နှစ်ကာလတိုင် နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီး၏ ဖွံ့ဖြိုးတိုးတက်လာမှုအဆင့်ဆင့်ကို လုပ်ငန်းကဏ္ဍများအလိုက် ပိုင်းခြားဖော်ပြထားသည်။

ဤစာအုပ်သုံးအုပ်သည် နှစ်(၇၀)ပြည့် နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီး၏ သမိုင်းမော်ကွန်းများပင် ဖြစ်ပေတော့သည်။

'အသင်လည်း အိုရအံ့၊ ရောက်သူတိုင်း စိတ်ချမ်းသာသည်'ဟူသော နှင်းဆီကုန်းဘိုးဘွားရိပ်သာ၏ သမိုင်းဝင်ဆောင်ပုဒ်သည် လူ့ဘဝခရီးကို ဖြတ်သန်းရင်း စိတ်ချမ်းသာလိုသူများအတွက် အစဉ်ဖိတ်ခေါ်လျက်ရှိသည်။

နှင်းဆီကုန်းဘိုးဘွားရိပ်သာ နှစ်(၇၀)ပြည့် အထိမ်းအမှတ်အခမ်းအနားနှင့် ရိပ်သာတည်ထောင်သူ ဒေါ်ဦးဖွန်းနှင့် မြန်မာ့အလင်းဦးတင်တို့အား ဂုဏ်ပြုဆောက်လုပ်ထားသည့် သမိုင်းပြတိုက်ဖွင့်ပွဲကို ဤဆောင်းပါးဖြင့် ကြိုတင်ကြိုဆိုဂုဏ်ပြုအပ်ပါသည်။ ။

အောက်တိုဘာ ၁၈ရက်က ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးအုန်းသွင် မြန်အောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၃-၂၀၀၄ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်လျက်ရှိသော ဆရာပုလမ်း ကတ္တရာခင်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (က-ပ)

စိန့်ပေါလ်ကျောင်းသားဟောင်းများ၏(၂၄)ကြိမ်မြောက်အာစရိယပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဗိုလ်တထောင် အထက(၆) အောင်ဆန်းခန်းမ၌ပြုလုပ်ရာ မိဘဆရာအသင်းသို့ လှူဒါန်းသည့် ငွေနှစ်သိန်းကို ကျောင်းသားဟောင်းများ ကိုယ်စား ရေကြောင်းပညာသိပ္ပံ ကျောင်းအုပ်ဆရာကြီး ဦးဝင်းသိန်းက အထက(၆) ကျောင်းအုပ်ဆရာကြီးဦးခင်မောင်စိုးထံ ပေးအပ်စဉ်။ (၃၅၂)

မြဝတီရုပ်မြင်သံကြား

၂၉-၁၀-၂၀၀၃
(ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနှာဝင်
၇း၄၀	၆။	ဆို၊က၊ရေး၊တီး၊ပြိုင်ပွဲအစီအစဉ်
၇း၅၅	၇။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀	၈။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၉။	ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၁၅	၄။	လက်စွမ်းပြဟန်ဂီတသံ
၄း၂၀	၅။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၃၀	၆။	မျိုးချစ်တပ်မတော်
၄း၄၀	၇။	ကျန်းမာခြင်းသည် နိုင်ငံ့ခွန်အား
၄း၅၀	၈။	ရင်ခုန်စီးဆင်းအချစ်သီချင်း
၅း၀၀	၉။	အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် (က)ဒုတိယနှစ်(ဥပဒေပညာ) (ခ)တတိယနှစ် (ဒဿနိကဗေဒ)
၅း၃၅	၁၀။	မြတ်နိုးကြစေအမျိုးသားအမွေ
၅း၄၅	၁၁။	သာယာသီကြွေးခေတ်ဆန်းတေး
၆း၀၀	၁၂။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၃။	နိုင်ငံတကာသတင်း
၆း၂၀	၁၄။	မိုးလေဝသသတင်း
၆း၂၅	၁၅။	မြန်မာ့ရှုခင်း
၆း၄၀	၁၆။	လျှပ်တစ်ပြက်
၇း၀၀	၁၇။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ဖန်ခြေနင်းနဲ့ယမင်းရွှေစင်"** (အပိုင်း-၁၁)
၈း၀၀	၁၈။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၉။	ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
	၂၀။	လျှပ်တစ်ပြက်
	၂၁။	ရှင်ဇနကာဘိဝံသ ထေရုပ္ပတ္တိမှတ်တမ်း **"သီလ၊ သမာဓိ၊ ပညာ၊ ဝီရိယ၊ စေတနာဂုဏ် အဖြာဖြာ"**
	၂၂။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မုန်တိုင်းကြားက မြစ်တစ်စင်း"** (အပိုင်း-၃၇)

စတုဘုမ္မိကမဟာသတိပဋ္ဌာန်ကျောင်း စုပေါင်းဘုံကထိန်

ရန်ကုန် အောက်တိုဘာ ၂၈

ဗဟန်းမြို့နယ် ဆရာစံမြောက် အနောက်ရပ်ကွက် အနောက်မြို့ပတ်လမ်းရှိ စတုဘုမ္မိကမဟာသတိပဋ္ဌာန်ကျောင်း (ဘုန်းတော်ကြီးသင်ပညာရေးမူလတန်းကျောင်း)၌ OD.Tours အဆင့်မြင့်ခရီးသွားလုပ်ငန်းမိသားစုက မတည်၍ စုပေါင်းမဟာဘုံကထိန်ပွဲကြီးကို ၁၃၆၅ခုနှစ် တန်ဆောင်မုန်းလပြည့်နေ့ နိုဝင်ဘာ ၈ရက်တွင် စည်ကားသိုက်မြိုက်စွာ လှူဒါန်း ကျင်းပမည်ဖြစ်သည်။

ကထိန်ပွဲ ဆင်ယင်ကျင်းပပြီးနောက် အဆိုပါဘုန်းတော်ကြီးသင်ပညာရေးမူလတန်းကျောင်းရှိ ကိုရင်လေးများနှင့် ကျောင်းသားစုစုပေါင်း ၆၀တို့အား နိုဝင်ဘာ ၁၄ရက်တွင် ဘုရားဖူး ပို့ဆောင်ရန်စီစဉ်ထားရာ ကုသိုလ်ပါဝင်လှူဒါန်းလိုသူများရှိပါက အထက်ပါကျောင်းနှင့် ဦးအေးသိန်း ဖုန်း -၅၀၄၈၀၈ (OD°-°°Tours) ဦးလှမြင့် ဖုန်း - ၅၄၄၆၅၃ တို့ထံ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းမည်

ရန်ကုန် အောက်တိုဘာ ၂၈

ရွှေတိဂုံစေတီတော် (စနေထောင့်)ရှိ ရခိုင်တန်ဆောင်း ထိန်းသိမ်းစောင့်ရှောက်ရေးအသင်း၏ ဆဌမအကြိမ်မြောက် ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို နိုဝင်ဘာ ၁ရက်(စနေနေ့) နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်ပါ၍ အသင်းသူ အသင်းသားများအားလုံး မပျက်မကွက် ကြွရောက်ကြပါရန် ဖိတ်ကြားထားကြောင်း သိရသည်။ **(က-ပ)**

မြိုးမြေချော၊ ထိန်းပါလေလှ၊ ထုတ်ကုန်မြှင့်

ပဲခူးတိုင်းဆီမှ ရေလှောင်တမံဘက်စုံစီမံကိန်းများ

မြင့်ဝေလှိုင်

ပဲခူးတိုင်းသည် ပင်ကိုအားဖြင့် စိုက်ပျိုးသီးနှံဖြစ်ထွန်းသောဒေသဖြစ်သည်။ ပဲခူးရိုးမကိုအခြေခံစီးဆင်းလျက်ရှိသော မြစ်များ၊ ချောင်းများကလည်း စိုက်ပျိုးသီးနှံ ရေရရန်အတွက် အကြောင်းဖန်လျက်ရှိသည်။ သည်ရေကို ဆည်တမံတုတ်လျှင်ဖြင့်၊ လယ်ယာမြေအမှန် ရေအလျှံရစေကာ၊ နွေဂိမာန်ပင်ဖြစ်လင့်ကစား၊ စပါးနှင့်အခြားသီးနှံတို့၊ မိုးယံထက် ဝင့်ဝင့်ကြွားလိမ့်မယ်၊ ကဲ-သည်ရေကို ဆည်တမံတုတ်လို့ရယ်၊ တည်ဆောက်မယ် ရေထိန်းတံခါး၊ ပဲခူးနယ်ခွင်တစ်လွှားဟု ဆိုရမလောက်ပင် ပဲခူးတိုင်းတစ်ခွင် လယ်ယာမြေသီးနှံတွေ အထွက်တိုးစေဖို့ ရေလှောင်တမံများနှင့် ရေထိန်းတံခါးများကို နိုင်ငံတော်က တည်ဆောက်ပေးခဲ့သည်။

ပဲခူးတိုင်း ကျောက်တံခါးမြို့နယ် ရဲနွယ်ရေလှောင်တမံ ဘက်စုံစီမံကိန်း ပင်မတမံမြေသားလုပ်ငန်းကို တွေ့ရစဉ်။

အချို့သော ရေလှောင်တမံများကို ဘက်စုံစီမံကိန်းများအဖြစ် အကောင်အထည်ဖော်လျက်ရှိသည်။ ဘက်စုံစီမံကိန်းများတွင် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံပါဝင်သည်။

ရဲနွယ်ရေလှောင်တမံဘက်စုံစီမံကိန်းသည် ရဲနွယ်ချောင်းကို အခြေခံ၍ တည်ဆောက်သည့် စီမံကိန်းကြီးဖြစ်သည်။ ပဲခူးတိုင်း ကျောက်တံခါးမြို့နယ် မြို့ချောင်းကျေးရွာအနီးတွင် တည်ရှိသည်။

မြေသားတမံအမျိုးအစားဖြစ်ပြီး ရေလှောင်တမံအလျားမှာ ပေ ၁၀၅၀၊ အမြင့်မှာ ၂၅၁ ပေရှိမည်ဖြစ်သည်။ ဆည်ရေ ပေးဝေနိုင်မည့် ဧရိယာမှာ ဧက ၁၁၈၅၀၀ ဖြစ်သည်။

ရေအားလျှပ်စစ်စက်ရုံတွင် ၁၂ ဒသမ ၅ မဂ္ဂါဝပ်ရှိ စက်နှစ်လုံးဖြင့် စုစုပေါင်း ၂၅ မဂ္ဂါဝပ်ထုတ်လုပ်နိုင်မည်ဖြစ်ပြီး စီမံကိန်းလုပ်ငန်းများ ပြီးစီးပါက လျှပ်စစ်ဓာတ်အား တစ်နှစ်လျှင် ၁၂၃ ကီလိုဝပ် နာရီသန်းပေါင်း ထုတ်လုပ်ပေးနိုင်မည်ဟု သိရှိရသည်။

ယခုအခါ ရဲနွယ်ရေလှောင်တမံ ဘက်စုံစီမံကိန်းတွင် ယာယီ ရေတားတမံတည်ဆောက်ခြင်း၊ ရေလွှဲဥမင်လိုဏ်တည်ဆောက်ခြင်း၊ ရေပိုလွှဲတည်ဆောက်ခြင်း၊ ရေလှောင်တမံတည်ဆောက်ခြင်း လုပ်ငန်းများနှင့်အတူ ရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းများဖြစ်သည့် ရေယူအဆောက်အအုံ (Power Intake) ဆောက်လုပ်ခြင်း၊ Gate Shaft တည်ဆောက်ခြင်း၊ ဂိတ်များတပ်ဆင်ခြင်း၊ ဒိုက်ကာသံဆန်ကာ (Trash Rack) တပ်ဆင်ခြင်း၊ ရေယူဥမင်လိုဏ်ဖောက်လုပ်ခြင်း၊ သံကူကွန်ကရစ်လိုင်နာ၊ သံမဏိပိုက်လိုင်နာများ တပ်ဆင်တည်ဆောက်ခြင်း၊ ဖိအားမြင့်သံမဏိပိုက်လိုင်းတည်ဆောက်ခြင်း၊ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ပဲခူးတိုင်း တောင်ငူခရိုင် ဖြူးမြို့၏ အနောက်တောင်ဘက် ကိုးမိုင်ခန့်အကွာ ကွန်းချောင်ပေါ်တွင် ရေလှောင်တမံ ဘက်စုံစီမံကိန်းတစ်ခု တည်ဆောက်လျက်ရှိရာ စီမံကိန်းပြီးစီးပါက လျှပ်စစ်ဓာတ်အား တစ်နှစ်လျှင် ကီလိုဝပ် နာရီသန်းပေါင်း ၁၉၀ထုတ်လုပ်နိုင်မည် ဖြစ်သည်။ ရေအားလျှပ်စစ်စက်ရုံတွင် ၂၀မဂ္ဂါဝပ်ရှိ စက်သုံးလုံးတပ်ဆင်မည်ဖြစ်ပြီး စုစုပေါင်း မဂ္ဂါဝပ် ၆၀ ထုတ်လုပ်နိုင်မည်ဖြစ်သည်။

ကွန်းချောင်းရေလှောင်တမံမှာမူ ကျောက်ဖြည့်တမံအမျိုးအစား ဖြစ်ပြီး တမံအလျားပေ ၉၉၀၊ အမြင့်ပေ ၂၄၀ ရှိမည်ဖြစ်သည်။

ယခုအခါ တမံဧရိယာအပေါ်ယံ မြေသားဖယ်ရှားခြင်း၊ တမံ အုကြောင်းတစ်လျှောက် ဘိလပ်မြေဖိသွင်းခြင်း၊ ရေလွှဲရေထုတ်ပြွန် ကျောက်သား တူးဖော်ခြင်း၊ ရေထိန်းမျှော်စင် တည်ဆောက်ခြင်း၊ ရေပိုလွှဲအပေါ်ယံမြေသားဖယ်ရှားခြင်း၊ ရေယူအဆောက်အအုံနေရာ ပြုပြင်ခြင်း၊ ဖိအားနိမ့်ပိုက်လိုင်းတစ်လျှောက် မြေပြုပြင်ခြင်းနှင့် ဥမင်လိုဏ်တူးဖော်ခြင်း၊ ဖိအားမြင့်ပိုက်လိုင်းနှင့် ဓာတ်အားပေးစက်ရုံဧရိယာ မြေပြုပြင်ခြင်း အပါအဝင် တမံဖို့ကျောက်ထုတ်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ပဲခူးတိုင်းတွင်ပင် ဖြူးမြို့အနောက်ဘက် ခုနစ်မိုင်အကွာ တွင် ဖြူးချောင်းကို အခြေခံ၍ ဖြူးရေလှောင်တမံ ဘက်စုံစီမံကိန်းကို အကောင်အထည်ဖော်လျက်ရှိသည်။

ဧက ၁၂၀၀၀၀ (တစ်သိန်းနှစ်သောင်း)ကို အကျိုးပြုနိုင်မည့် ဖြူးရေလှောင်တမံတွင် ယခုအခါ ပင်မတမံလုပ်ငန်း၊ ရေလွှဲဥမင်လုပ်ငန်း၊ ရေပိုလွှဲတည်ဆောက်ခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင်ရေအားလျှပ်စစ်ဆိုင်ရာလုပ်ငန်းများအဖြစ် ရေယူအဆောက်အအုံ (Power Intake)တည်ဆောက်ခြင်း၊ ဖိအားမြင့်သံမဏိပိုက်လိုင်းလုပ်ငန်းများ၊ ရေသွယ်ရေလွှဲဥမင် တည်ဆောက်ခြင်းလုပ်ငန်း၊ ဓာတ်အားပေးစက်ရုံနှင့် ၃၃ကေဗွီလိုင်း တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ ဖြူးချောင်းရေအားလျှပ်စစ်စီမံကိန်းမှ ၆၅မဂ္ဂါဝပ်ထုတ်လုပ်ရန် လျာထားကြောင်း သိရသည်။

ပဲခူးတိုင်းတွင် ရဲနွယ်ရေလှောင်တမံဘက်စုံစီမံကိန်း၊ ကွန်းချောင်း ရေအားလျှပ်စစ်စီမံကိန်း၊ ဖြူးရေလှောင်တမံဘက်စုံစီမံကိန်းအပြင် ခပေါင်းရေလှောင်တမံ ဘက်စုံစီမံကိန်းကိုလည်း တည်ဆောက်လျက်ရှိရာ မကြာမီ အဆိုပါဘက်စုံစီမံကိန်းများသည် ရှေ့ဆင့်နောက်ဆင့် အကောင်အထည်ပေါ် ဖြစ်ထွန်းလာတော့မည် ဖြစ်သည်။

ယင်းစီမံကိန်းများအားလုံးပြီးစီးပါက ဒေသအတွင်း လယ်မြေများ တစ်ဆက်တစ်စပ်တည်း ကျယ်ပြန့်စွာ တိုးတက် ပေါ်ထွန်းလာမည်ဖြစ်ပြီး ဒေသ၏ လျှပ်စစ်စွမ်းအား လိုအပ်ချက်ကိုလည်း တိုးတက်ဖြည့်ဆည်းပေးနိုင်တော့မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပဲခူးတိုင်း ဖြူးမြို့ရှိ ဖြူးရေလှောင်တမံ ဘက်စုံစီမံကိန်းလုပ်ငန်းခွင်၌ ပင်မတမံတည်ဆောက်ခြင်းလုပ်ငန်းကို တွေ့ရစဉ်။

နိုင်ငံသားအရည်အချင်းပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲကို အောက်တိုဘာ ၁၈ ရက်က ကျောက်တံခါးမြို့နယ် အမှတ် (၉၁) သစ်စက် ဖဒိုဦ၌ ကျင်းပရာ မြို့နယ်ဦးစီးဌာနမှူး ဦးထင်အောင်က နိုင်ငံသားစိစစ်ရေးကတ်ပြားများကို စက်ရုံမှူး ဦးအောင်သိန်းထံ ပေးအပ်စဉ်။ (က-ပ)

အင်္ဂလိပ်နှင့်မလေး စကားပြောဖွင့်လှစ်မည်

ရန်ကုန် အောက်တိုဘာ ၂၈

Aung Language Centre မှ အင်္ဂလိပ်စာ ဦးကိုဦး (B.Sc) က အင်္ဂလိပ်စကားပြောလေ့ကျင့်ခန်းသင်ရိုးသစ်များဖြင့် လစဉ်ပုံမှန်သင်တန်းကို စနေနှင့် တနင်္ဂနွေနေ့များတွင် အပတ်စဉ် နံနက် ၈ နာရီခွဲမှ ၁၀ နာရီအထိ၊ ညနေ ၃ နာရီခွဲမှ ၅နာရီအထိ တစ်ရက်နှစ်ကြိမ် လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။ ထို့အပြင် မလေးစကားပြောကို အလွယ်တကူ ကျွမ်းကျင်တတ်မြောက်စေရန် တစ်ပတ်သုံးရက်သင်ကြားပေးမည် ဖြစ်ရာ အရှေ့ရန်ကင်း တိုက် (၂၈၂) အခန်း(၁) ရန်ကင်း ကြားမှတ်တိုင်အနီး(ရန်ကင်းသဲကွင်းအနီး)သို့ ဆက်သွယ် စုံစမ်းတက်ရောက်နိုင်သည်။

(က-ပ)

တစ်ချက်တည်းနှင့်ကျင်းဝင်

ရန်ကုန် အောက်တိုဘာ ၂၈

နိုင်ငံခြားရေး ဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ဦးသန်းထွန်းသည် အောက်တိုဘာ ၂၄ ရက်တွင် ဥက္ကလာဂေါက်ကွင်း၌ ကစားဖော်များဖြစ်ကြသည့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်၊ ဒုတိယညွှန်ကြားရေးမှူးများဖြစ်ကြသည့် ဦးမောင်မောင်၊ ဦးစိုးလှိုင်တို့နှင့် ကစားနေစဉ် ကိုက် ၁၅၅ အရှည်ရှိသော ကျင်းအမှတ် ၂၅ ၌ တစ်ချက်တည်းဖြင့် ကျင်းဝင်အောင်ကစားခဲ့သည်။ ကစားခဲ့သည့် တုတ်နှင့်ဘောလုံးမှာ Callaway X-12 Iron No.5 နှင့် Titalist No.4 ဘောလုံးဖြစ်သည်။ **(က-ပ)**

မော်လမြိုင်အသင်း(ရန်ကုန်) ကထိန်သင်္ကန်းကပ်လှူမည်

ရန်ကုန် အောက်တိုဘာ ၂၈

မော်လမြိုင်အသင်း(ရန်ကုန်)၏ (၇၈)ကြိမ်မြောက် ဘုံကထိန်သင်္ကန်းကပ်လှူပွဲကို (တန်ဆောင်မုန်းလပြည့်) နိုဝင်ဘာ ၈ ရက် နံနက် ၈ နာရီခွဲတွင် ရွှေတိဂုံစေတီတော်အနောက်ဘက်မုခ် မော်လမြိုင်ဓမ္မာရုံ၌ သံဃာတော်အပါး ၃၀အား ဘုံကထိန်သင်္ကန်းကပ်လှူမည်ဖြစ်ရာ မြို့နယ်သူမြို့နယ်သားများနှင့် အသင်းဝင်များကြွရောက်ပါရန်နှင့် သင်္ကန်းနှင့် ပဒေသာပင်ပစ္စည်းများကို အသင်းဓမ္မာရုံ အုပ်ချုပ်ရေးမှူး ဖုန်း- ၂၅၆၁၅၇သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

အောက်တိုဘာ ၅ ရက်က သံဖြူဇရပ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးဆန်း ၂၀၀၂-၂၀၀၃ ဘဏ္ဍာရေးနှစ်အတွင်း ကျေးလက်ဒေသနှင့် ကျောင်းများတွင် အဝီစိတွင်းတူးဖော်ခြင်း၊ ရေရရှိရေး ဆောင်ရွက်ခြင်းနှင့် ရေထွက်ရှိမှု အခြေအနေနှင့် ၂၀၀၃-၂၀၀၄ ဘဏ္ဍာရေးနှစ်အတွင်း တည်ဆောက်သွားမည့် အဝီစိတွင်း မြေနေရာများကိုကွင်းဆင်း ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ် ပြန်/ဆက်)

အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တနန္ဒောဘာသ၏ အန္တိမအဂ္ဂိဈာပနကျင်းပ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်ပရိသတ်များ တက်ရောက်ကြည်ညို

ရန်ကုန် အောက်တိုဘာ ၂၈

သာသနာတော်အကျိုးသယ်ပိုးထမ်းဆောင်တော်မူရင်း သက်တော်(၈၂)နှစ်၊ သိက္ခာတော်(၆၃)ဝါအရ (၁၃၆၅ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၁၀ရက်) အောက်တိုဘာ ၂၀ ရက် (တနင်္လာနေ့) နံနက် ၄ နာရီ ၃၅ မိနစ်တွင် ဘဝနတ်ထံပျံလွန်တော်မူခဲ့သည့် မန္တလေးတိုင်း ပြင်ဦးလွင်မြို့ ညောင်ပင်အိုင်တောရကျောင်းတိုက်နှင့် စစ်ကိုင်းတိုင်း ဆားလင်းကြီးမြို့ ညောင်ပင်အိုင်တောရကျောင်းတိုက်တို့၏ ဦးစီးပဓာနနာယကဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တနန္ဒောဘာသ၏ သာဓုကီဠနအန္တိမအဂ္ဂိဈာပန ပူဇော်ပွဲအစီအစဉ်ကို အောက်တိုဘာ၂၆ရက် မွန်းလွဲ၁နာရီတွင် မန္တလေးတိုင်း ပြင်ဦးလွင်မြို့ ညောင်ပင်အိုင်တောရကျောင်းတိုက်ရှိ စံကျောင်းတော်၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် တက်ရောက်ကြည်ညို၍ ဓမ္မသံဝေဂကထာ လျှောက်ထားလွှာကို ဖတ်ကြားလျှောက်ထားသည်။ (အပေါ်ပုံ)

ရှေးဦးစွာ ဆရာတော်၊ သံဃာတော်များနှင့် ပရိသတ်များက နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်သည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယ ဗိုလ်ချုပ်ကြီးရဲမြင့် အမှူးပြုသော သာသနာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်၊ ပြင်ဦးလွင် တပ်နယ်မှူး ဗိုလ်မှူးချုပ်မင်းအောင်လှိုင်နှင့် တပ်မတော်အရာရှိကြီးများက ညောင်ပင်အိုင်တောရကျောင်းတိုက် ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်အား စိန်ကတ္တီပါ သင်္ကန်းတော်ဖြင့် လွှမ်းခြုံ ပူဇော်ကြသည်။

ဆက်လက်၍ မုံရွာမြို့ ဇောတိတစ်ထောင်ကျောင်းတိုက်ဦးစီးပဓာနနာယကဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တနာရဒထံမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များ၊ ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် တစ်ဘဝဇာတ်ချုပ်ငြိမ်းတော်မူသော ညောင်ပင်အိုင်တောရကျောင်းတိုက် ဆရာတော်ကြီး၏ ထေရုပ္ပတ္တိအကျဉ်းချုပ်ကို ဆားလင်းကြီးမြို့ တောင်ပေါ်ကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တအာဒိစ္စဝံသက ဖတ်ကြားပူဇော်သည်။

ယင်းနောက်စစ်ကိုင်းမြို့သုဗောဓာရုံကျောင်းတိုက်ဆရာတော် ဒေါက်တာနန္ဒမာလာဘိဝံသ ကိုယ်တိုင်ရေးသားပူဇော်အပ်သော ညောင်ပင်အိုင်တောရကျောင်းတိုက်ဆရာတော်ကြီး၏ 'ဂုဏကိတ္တန ပူဇနိယ ပစ္ဆိမဝန္ဒနာဂါထာ'ကို ဖတ်ကြားပူဇော်သည်။

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်ကဓမ္မသံဝေဂကထာလျှောက်ထားလွှာကို ဖတ်ကြားလျှောက်ထားသည်။ ထို့နောက် မဟာဝိသုဒ္ဓါရုံတိုက်သစ်ဝါဆိုကျောင်းဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တ အဂ္ဂိယအား ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်ကလှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ဆရာတော် သံဃာတော်များအား သာသနာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်နှင့် တပ်နယ်မှူး၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် အလှူရှင်များက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်သြဝါဒစရိယ ရွှေကျင်နိကာယ ရွှေကျင်သာသနာပိုင် မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ်ဝါဆိုကျောင်း ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တအဂ္ဂိယက ဓမ္မသံဝေဂကထာဟောကြားတော်မူပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များ၊ ပရိသတ်များက လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ဆက်လက်၍ညောင်ပင်အိုင်တောရကျောင်းတိုက် ဆရာတော်ကြီး၏ ရုပ်ကလာပ်တော် ပင့်ဆောင်ရေး အစီအစဉ်ကို ကျင်းပရာ စံကျောင်းတော်မှ ကျောင်းတိုက်တောင်ဘက်အပြင်အဝ အထိ ဆရာတော်ကြီး၏ တပည့်ရဟန်းများက ပင့်ဆောင်ကြသည်။

ကျောင်းတိုက် တောင်ဘက်အပြင်ဝမှ မြောက်ဘက်အပြင်ဝအထိ ဆရာတော်ကြီး၏ ဆွေတော်မျိုးတော်များက ပင့်ဆောင်ကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များ၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ တိုင်း၊ ခရိုင်/မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ရုပ်ကလာပ်တင် ကရဝိက်ဖောင်တော်ယာဉ်အထိ ပင့်ဆောင်ကြသည်။

ဆက်လက်၍ ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်အား ဆရာတော်ကြီး၏ တပည့်ရဟန်းများက ရုပ်ကလာပ်တင် ကရဝိက်ဖောင်တော်ယာဉ်ပေါ်သို့ ပင့်ဆောင်ကြသည်။

ထို့နောက် ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်အား ကရဝိက်ဖောင်တော်ယာဉ်ဖြင့် ရှေ့ဆုံးမှ သာသနာ့အလံများ ကိုင်ဆောင်အဖွဲ့က လည်းကောင်း၊ ယင်းနောက်မှ ဆရာတော် သံဃာတော်များ ကြွချီတော်မူ၍ လည်းကောင်း၊ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်တို့က ဆရာတော်ကြီး၏ ပုံတော်ကို ကိုင်ဆောင်၍ လည်းကောင်း၊ တပ်နယ်မှူးနှင့် တာဝန်ရှိသူများကဘွဲ့တံဆိပ်တော် အဆောင်အယောင်များကို ကိုင်ဆောင်၍လည်းကောင်း၊ တပည့်ရဟန်းသံဃာတော်များ၊ ဆွေတော်မျိုးတော်များ၊ တပည့်ဒါယကာ ဒါယိကာမများ၊ အန္တိမ အဂ္ဂိဈာပန ပူဇော်ပွဲ ဦးစီးကော်မတီနှင့် ဆပ်ကော်မတီဝင်များ၊ မြို့သူမြို့သားများ လိုက်ပါ၍ လည်းကောင်း ပြင်ဦးလွင်မြို့ ရုပ်ကွက်ကြီးကိုးခု၊ နန္ဒဝန်ရပ်ကွက် ပွေးတောင် ဆက်သွယ်ရေး တာဝါတိုင်ရှေ့ရှိ အန္တိမ အဂ္ဂိဈာပနကျင်းပမည့် ကွင်းပြင်သို့ အစီအစဉ်အတိုင်းပင့်ဆောင်ကြသည်။

ထိုသို့ဆရာတော်ကြီး၏ရုပ်ကလာပ်တော်အား အန္တိမအဂ္ဂိဈာပနကျင်းပမည့် ကွင်းပြင်သို့ ကရဝိက်ဖောင်တော်ယာဉ်ဖြင့် ပင့်ဆောင်ရာ လမ်းတစ်လျှောက်၌ မြို့သူမြို့သားများ၊ရပ်ကွက်သူရပ်ကွက်သားများက ရှိခိုးပူဇော် ကန်တော့ကြသည်။

အန္တိမ အဂ္ဂိဈာပန ကွင်းပြင်သို့ ဆရာတော်ကြီး၏ ရုပ်ကလာပ်တော် ညနေ ၃ နာရီတွင် ရောက်ရှိသည့်အခါ တပည့်ရဟန်းများက ရုပ်ကလာပ်တော်တင် ကရဝိက်ဖောင်တော်ယာဉ်ပေါ်မှ ပင့်ဆောင်ပြီး အန္တိမ အဂ္ဂိဈာပန ကျင်းပမည့် ကွင်းပြင်သို့ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် သာသနာရေးဝန်ကြီး၊ တပ်နယ်မှူးနှင့် တပ်မတော် အရာရှိကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဆွေတော်မျိုးတော်တို့က လောင်တိုက်တော်သို့ ပင့်ဆောင်ကြသည်။

ထို့နောက် ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်ကို တပည့်ရဟန်းများက လောင်တိုက်တော်ပေါ်သို့ ပင့်ဆောင်ကြသည်။

ယင်းနောက် ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်အား အဂ္ဂိဈာပနပြုရန် ဆားလင်းကြီးမြို့ တောင်ပေါ်ကျောင်း ဆရာတော် အမှူးပြုသော ဆရာတော် သံဃာတော်များက သဗ္ဗေသင်္ခါရအနိစ္စ သုံးဂါထာကို ရွတ်ဆိုပူဇော်ကြသည်။

သဗ္ဗေသင်္ခါရ အနိစ္စသုံးဂါထာ ရွတ်ဆိုပူဇော်မှု ပြီးဆုံးသည့် ညနေ ၃ နာရီ ၁၅ မိနစ်တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်အား စက်ခလုတ်နှိပ်၍ အန္တိမအဂ္ဂိဈာပနမှု ပြုပေးသည်။ **(သတင်းစဉ်)**

ဝါးချက်ပြက္ခဒိန်ထွက်ပြီ

ရန်ကုန် အောက်တိုဘာ ၂၈

စစ်ကိုင်း တောင်ရိုးဝါးချက်ဇိဝိတဒါန သံဃာ့ဆေးရုံ ဖွင့်လှစ်တည်ထောင်ခဲ့သည့်(၁၉)နှစ်မြောက်အထိမ်းအမှတ် ၂၀၀၄ခုနှစ် ပြက္ခဒိန်ကို ဓာတ်ပုံပညာရှင်များဖြစ်ကြသော မောင်မောင်ကြီး(မန်း)၊ညောင်ဦးဖိုးချိုနှင့်မျိုးမြင့်ဆွေ(နေခြည်)တို့၏ကျောင်းတော်ရာစေတီတော်၊ ပုဂံဗူးဘုရား၊ ကောင်းမှုတော်စေတီတော်၊ ဓမ္မရာဇကစေတီတော်၊ တန့်ကြည့်တောင်စေတီတော်၊ စစ်ကိုင်းတောင်ရိုးစေတီပုထိုး ပုံတော်များဖြင့် အရွယ်ကြီးဆိုက်ကြီး လှပခံ့ညားစွာပုံနှိပ်ထားသည်။

ပြက္ခဒိန် အရောင်းဆိုင်များတွင် အောက်တိုဘာလဆန်းမှစ၍ ဆိုင်တင်ရောင်းချလျက်ရှိပြီး ဒေါ်မြင့်မြင့်ကြည် (အတွင်းရေးမှူး) ရုံးဖုန်း-၂၉၄၂၄၁၊ အိမ်ဖုန်း-၂၂၀၅၁၉ ထံတွင်လည်း ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။ **(က-ပ)**

ရွှေတိဂုံစေတီတော် မသိုးသင်္ကန်းရက်လုပ်ကပ်လှူပူဇော်မည်

ရန်ကုန် အောက်တိုဘာ ၂၈

လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော် မြတ်ကြီး၏ (၁၉)ကြိမ်မြောက် မသိုးသင်္ကန်းရက်လုပ်ကပ်လှူပူဇော်ပွဲကို ၁၃၆၅ ခုနှစ် တန်ဆောင်မုန်းလပြည့်နေ့ အရုဏ်တက်ချိန်တွင် ကျင်းပပူဇော်မည်ဖြစ်ရာ အာရုံခံတန်ဆောင်းများအတွင်းရှိ ဘုရားလေးဆူနှင့်တကွ အထက်ပစ္စယာ ပတ္တမြားမျက်ရှင် ရုပ်ပွားတော်၊ ရင်ပြင်တော်ပေါ်ရှိ ဘုရားရုပ်ပွားတော်များအား မသိုးသင်္ကန်းတော်များ ဆက်ကပ်လှူဒါန်း ပူဇော်မည်ဖြစ်သည်။

၁၃၆၅ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၄ ရက် (နိုဝင်ဘာ ၇ ရက်) ညနေ ၅ နာရီတွင် မသိုးသင်္ကန်းတော်များ ယှဉ်ပြိုင်ရက်လုပ်ပွဲ အခမ်းအနားကို စတင်ဖွင့်လှစ်ကျင်းပမည်ဖြစ်သည်။ တန်ဆောင်မုန်းလပြည့်နေ့ (၂၀၀၃ ခုနှစ် နိုဝင်ဘာ ၈ ရက်) နံနက် ၁ နာရီတွင် မသိုးသင်္ကန်း ရက်လုပ်ပြိုင်ပွဲတွင် ဆုရရှိသောအသင်းများနှင့် ပါဝင်ယှဉ်ပြိုင်သော အသင်းများအား ဆုချီးမြှင့်ပွဲ အခမ်းအနားကို ကျင်းပမည်ဖြစ်သည်။

တန်ဆောင်မုန်း လပြည့်နေ့ အရုဏ်တက်ချိန်တွင် စေတီတော်မြတ်ကြီးအား ဂေါပကအဖွဲ့ဝင်များက ဦးဆောင်၍ ဘာသာရေးအသင်းအဖွဲ့များက မသိုးသင်္ကန်းတော်များဖြင့် လှည့်လည်ပူဇော်ပြီး ရုပ်ပွားတော်အသီးသီးအား ဆက်ကပ်လှူဒါန်းပူဇော်ကြမည်ဖြစ်သည်။ ယင်းနေ့နံနက်ပိုင်းတွင် ရင်ပြင်တော်ပေါ်ရှိ ရှေးဟောင်း ဗုဒ္ဓရုပ်ပွားတော်များတန်ဆောင်း၌ ရွှေတိဂုံစေတီတော် သြဝါဒစရိယ ဆရာတော်ကြီးများအား အရုဏ်ဆွမ်းဆက်ကပ်၍ လှူဖွယ်ပစ္စည်းများဖြင့် ပူဇော်ပြီး ရေစက်ချအနုမောဒနာအခမ်းအနား ကျင်းပမည်ဖြစ်သည်။ **(သတင်းစဉ်)**

မော်လမြိုင် ကုန်စည်ပြပွဲ ကျင်းပမည်



ရန်ကုန် အောက်တိုဘာ ၂၈

မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ ခွင့်ပြုလမ်းညွှန် ကူညီပံ့ပိုးမှုဖြင့် Alpha Group က မော်လမြိုင်မြို့ မြိုင်ရတနာလေးထပ်ဈေးတွင် နိုဝင်ဘာ၂၆ရက်မှ ၃၀ ရက်အထိ မော်လမြိုင် ကုန်စည်ပြပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ကုန်စည်ပြပွဲတွင် အလှကုန်ပစ္စည်းအမျိုးမျိုး၊ ကြိမ်နှင့်ယွန်းထည်ပစ္စည်းအမျိုးမျိုး၊ စိုက်ပျိုးမွေးမြူရေးသုံးဆေးနှင့်ဆက်စပ်ပစ္စည်းအမျိုးမျိုး၊ လျှပ်စစ် နှင့်အီလက်ထရွန်နစ်ပစ္စည်းအမျိုးမျိုး၊ အဝတ်အထည်နှင့်ဖက်ရှင်အသုံးအဆောင်ပစ္စည်းအမျိုးမျိုး၊ ကလေးအာဟာရနို့မှုန့်အမျိုးမျိုး၊ ဖိနပ်အမျိုးမျိုး၊ ပလတ်စတစ်ပစ္စည်းအမျိုးမျိုး၊ တိုင်းရင်းဆေးဝါးနှင့် အနောက်တိုင်းဆေးဝါးအမျိုးမျိုး၊ စက်မှုလက်မှု လုပ်ငန်းသုံးပစ္စည်းအမျိုးမျိုး၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးစက်နှင့် ဆက်စပ်ပစ္စည်းအမျိုးမျိုး၊ သတင်းနှင့်နည်းပညာဆိုင်ရာပြခန်းများ၊ သကြားလုံး၊ ခေါက်ဆွဲနှင့် စားသောက်ကုန်ပစ္စည်းအမျိုးမျိုးတို့ကို ပြခန်းများ ဖွင့်လှစ်ရောင်းချသွားမည်ဖြစ်သည်။

ပြပွဲလာပြည်သူများအား အဆင့်မြင့်ထုတ်ကုန်ပစ္စည်းများကို လက်တွေ့သရုပ်ပြ ကြော်ငြာခြင်းများ၊ အရောင်းမြှင့်တင်ရေးအစီအစဉ်များကို နေ့စဉ်အခမဲ့ဖျော်ဖြေတင်ဆက်ပေးမည်ဖြစ်ရာ ကုမ္ပဏီများ၊ ပုဂ္ဂလိက တိုင်းရင်းသားစီးပွားရေးလုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များ၊ အတတ်ပညာရှင်များသည် Alpha Group ဖုန်း-၀၁-၇၀၁၂၁၅ သို့ဆက်သွယ်စုံစမ်း၍ ဝင်ရောက်ပြသနိုင်ကြောင်း သိရသည်။ **(က-ပ)**

ဓမ္မစကြာရွတ်ဆိုပြိုင်ပွဲကျင်းပ

တာချီလိတ် အောက်တိုဘာ ၁၅

တာချီလိတ်မြို့နယ် မကာဟိုခမ်းရပ်ကွက် မြို့လယ်ဓမ္မာရုံတွင် အောက်တိုဘာ ၆ရက်က ခရိုင်/မြို့နယ် အမျိုးသမီးရေးရာ လုပ်ငန်းကော်မတီက ကြီးမှူး၍ ဓမ္မစကြာ ဒေသနာတော် ရွတ်ဆိုပြိုင်ပွဲကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်ညွှန့်သိန်းက အဖွင့်အမှာစကား ပြောကြားပြီး ဓမ္မစကြာ ရွတ်ဆိုပြိုင်ပွဲတွင် ဆုရရှိသော ဝတ်အသင်းများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

နိုင်ငံသားအရည်အချင်းပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲကို ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၃၄) စံပြရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတွင် ကျင်းပရာ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနဦးစီးမှူး ဦးစန်းအောင်က နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်စဉ်။ (က-ပ)

အောက်တိုဘာ ၂၅ ရက်က မင်္ဂလာဒုံမြို့နယ် အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်းတွင် ကျောင်းနှင့်ဝန်းကျင် သန့်ရှင်းရေးကို ကျောင်းအုပ်ဆရာကြီး ဦးဝင်းအောင်နှင့် ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများစုပေါင်းဆောင်ရွက်ကြစဉ်။ (က-ပ)

မြန်မာ–ထိုင်းနှစ်နိုင်ငံချစ်ကြည်ရေးတင်းနစ်လက်ရည်စမ်း ပွဲစဉ်များစတင် အားကစားဝန်ကြီးနှင့်တင်းနစ်အဖွဲ့ချုပ်နာယကတက်ရောက်ကြည့်ရှုအားပေး

ရန်ကုန် အောက်တိုဘာ ၂၈

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် ယနေ့ နံနက် ၈ နာရီက သိမ်ဖြူတင်းနစ်အားကစားကွင်းတွင်ကျင်းပပြုလုပ်သော မြန်မာ–ထိုင်းနှစ်နိုင်ငံ ချစ်ကြည်ရေးတင်းနစ် လက်ရည်စမ်းပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြည့်ရှုအားပေးသည်။

အခမ်းအနားသို့မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်နာယကဗိုလ်ချုပ်ကျော်ဝင်း၊ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံရုံးမှ သံအမတ်ကြီး H.E. Mr. Oum Maolanon နှင့်သံရုံးအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ်နာယကနှင့်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံတင်းနစ်အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်(Max Myanmar Co.,Ltd.)နှင့် အဖွဲ့ဝင်များ၊ဖိတ်ကြားထားသည့်ဧည့်သည်တော်များ၊ တင်းနစ်အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

အစီအစဉ်အရနှစ်နိုင်ငံလက်ရွေးစင်တင်းနစ်အသင်းအုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမားများ ကွင်းအတွင်း နေရာယူပြီး တိုင်းရင်းသား ကျောင်းသူကလေးများကပန်းစည်းများပေးအပ်ကာ မြန်မာ–ထိုင်း တင်းနစ်လက်ရွေးစင်အသင်းအုပ်ချုပ်သူများက နှစ်နိုင်ငံချစ်ကြည်ရေး အထိမ်းအမှတ်အလံများ ပေးအပ်ကြသည်။ မြန်မာနိုင်ငံတင်းနစ်အားကစားအဖွဲ့ချုပ်နာယက ဗိုလ်ချုပ်ကျော်ဝင်း၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်နှင့် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E.Mr. Oum Maolanon တို့က နှစ်နိုင်ငံတင်းနစ်အားကစား အသင်းအဖွဲ့ဝင်များအား လိုက်လံနှုတ်ဆက်ပြီး အမှတ်တရဓာတ်ပုံများရိုက်ကြသည်။

ဆက်လက်၍ နှစ်နိုင်ငံချစ်ကြည်ရေး တင်းနစ်ပြိုင်ပွဲများကို ဆက်လက်ကျင်းပရာ ဗဟိုကွင်းတွင်အမျိုးသားနှစ်ယောက်တွဲ ပွဲစဉ်အဖြစ် ထိုင်းနိုင်ငံမှ Vittaya နှင့် Attapol အတွဲနှင့် မြန်မာနိုင်ငံမှ ခင်မောင်ဝင်းနှင့် ဇော်ဇော်လတ်တို့အတွဲကလည်းကောင်း၊ ကွင်းအမှတ်(၂)၌အမျိုးသမီးတစ်ဦးချင်းပွဲစဉ်အဖြစ် ထိုင်းနိုင်ငံမှ Pichittra နှင့် မြန်မာနိုင်ငံမှ ကြည်မြဇော်တို့ကလည်းကောင်း ကစားကြသည်။

နံနက်ပိုင်းပွဲစဉ်များအဖြစ် ဗဟိုကွင်းတွင် အမျိုးသားတစ်ဦးချင်း ပြိုင်ပွဲ ပွဲစဉ်များနှင့် ကွင်းအမှတ်(၂)တွင် အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲနှင့် အမျိုးသမီးနှစ်ယောက်တွဲ ပွဲစဉ်များအဖြစ်လည်းကောင်း၊ညနေပိုင်းတွင်ဗဟိုကွင်း၌ မြန်မာ–ထိုင်းနှစ်ယောက်တွဲ အမျိုးသားပွဲစဉ်များအဖြစ်လည်းကောင်း၊ ကွင်းအမှတ်(၂)တွင် မြန်မာ–ထိုင်းနှစ်ယောက်တွဲ အမျိုးသမီးပွဲစဉ်များအဖြစ်လည်းကောင်း ဆက်လက်ကစားကြကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ–ထိုင်းနှစ်နိုင်ငံ ချစ်ကြည်ရေး တင်းနစ်လက်ရည်စမ်းပွဲ ဖွင့်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်နာယက ဗိုလ်ချုပ်ကျော်ဝင်းနှင့် နှစ်နိုင်ငံအသင်းအုပ်ချုပ်သူများ၊ အားကစားသမားများအမှတ်တရဓာတ်ပုံရိုက်စဉ်။ (အား/ကာ)

မြန်မာ–ထိုင်းနှစ်နိုင်ငံချစ်ကြည်ရေး တင်းနစ်လက်ရည်စမ်းပွဲ ဖွင့်ပွဲအခမ်းအနားတွင် ကျောင်းသူကလေးများကထိုင်းနိုင်ငံအားကစားသမားများအားပန်းစည်းလက်ဆောင်ပေးအပ်စဉ်။ (အား/ကာ)

ပဲခူးမြို့ ကြခတ်ဝိုင်း ပူဇော်ပွဲကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂၈

အဂ္ဂမဟာပဏ္ဍိတ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက အဘိဓဇမဟာရဋ္ဌဂုရု နိုင်ငံတော်သြဝါဒါစရိယ သက်တော်ရှည် ကြခတ်ဝိုင်း ပဓာနနာယကဆရာတော်ကြီးအား ရွှေကျင်နိကာယတွဲဖက်သာသနာပိုင်အဖြစ် ချီးကျူးဂုဏ်ပြုပူဇော်ပွဲ၊ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ တိုက်အုပ်ဆရာတော်ဘဒ္ဒန္တ ဧေယျဓမ္မာဘိဝံသအား ချီးကျူးဂုဏ်ပြုပူဇော်ပွဲ၊ (၅၄)ကြိမ်မြောက် စုပေါင်း မဟာဘုံကထိန်သင်္ကန်းဆက်ကပ် လှူဒါန်းပူဇော်ပွဲတို့ကို နိုဝင်ဘာ ၂ ရက် မွန်းတည့် ၁၂ နာရီတွင် ပဲခူးမြို့ ကြခတ်ဝိုင်းပရိယတ္တိစာသင်တိုက် ရာပြည့်ဓမ္မာရုံကြီး၌ မဟာဘုံကထိန်နှင့်ပူဇော်ပွဲကျင်းပရေးကော်မတီ ကြခတ်ဝိုင်းသာသနာပြုအသင်းကြီးက စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဗုဒ္ဓဂယာကျောင်းတော်ကြီး ဘုံကထိန်ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂၈

မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်းတော်ကြီး အကျိုးတော်ဆောင်အဖွဲ့ကကြီးမှူး၍ ဒုတိယအကြိမ် မဟာဘုံကထိန်ပွဲကို စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း၌(၁၃၆၅ ခုနှစ် တန်ဆောင်မုန်းလပြည့်)နိုဝင်ဘာ ၈ရက် (စနေနေ့) နံနက် ၉ နာရီခွဲမှ မွန်းတည့် ၁၂ နာရီအထိကျင်းပ၍ ပင့်သံဃာတော် ၁၁ ပါးတို့အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းမည်ဖြစ်ရာ တပည့်ဒါယကာ ဒါယိကာမများသည် မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ သီရိသုဓမ္မမဏိဇောတဓရ ရွှေပင်ငွေပင် ဦးသန်းထွန်းနှင့် အတွင်းရေးမှူး ဦးလှမြိုင် ဖုန်း–၅၃၄၇၆၄ တို့ထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

ကျောင်းနှင့်ဝန်းကျင် စုပေါင်းသန့်ရှင်း

မန္တလေး အောက်တိုဘာ ၂၆

ကျောင်းနှင့်ဝန်းကျင်သန့်ရှင်းရေးနေ့ အထိမ်းအမှတ်အဖြစ် မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ် ဇီးပင်ကြီးအစိုးရအထက်တန်းကျောင်း(ကျောင်းခွဲ)တွင် ယမန်နေ့ နံနက် ၇ နာရီက စုစည်းကွင်းအား ကျောက်ခင်းခြင်း၊ ကျောင်းဝင်းအတွင်းအပြင် ချုံနွယ်ပိတ်ပေါင်းများရှင်းလင်းခြင်း၊စိမ်းလန်းစိုပြည်သာယာလှပရေးအတွက်အရိပ်ရအပင်များ၊ အလှပန်းပင်များစိုက်ပျိုးခြင်းလုပ်ငန်းများကိုဆောင်ရွက်ကြရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဗဟိုလေ့ကျင့်ရေးဌာန(ဇီးပင်ကြီး) ကျောင်းအုပ်ကြီးရဲမှူးချုပ်ခင်မောင်၊အစိုးရအထက်တန်းကျောင်း(ကျောင်းခွဲ) ကျောင်းအုပ်ကြီး ဦးမောင်မောင်ညိုတို့က လိုက်လံကြည့်ရှုအားပေးကြသည်။ **(က–ပ)**

(၂၀)ကြိမ်မြောက် အာဆီယံခရီးသွားလုပ်ငန်း ဈေးကွက်ပူးတွဲမြှင့်တင်ရေးလုပ်ငန်းအဖွဲ့အစည်းအဝေး

(၉)ကြိမ်မြောက် ခရီးသွားလုပ်ငန်း လူ့စွမ်းအားဖွံ့ဖြိုးမှုလုပ်ငန်းအဖွဲ့အစည်းအဝေး

(၈)ကြိမ်မြောက် အာဆီယံခရီးသွားလုပ်ငန်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအဖွဲ့အစည်းအဝေး

ပုဂံ၊ မြန်မာနိုင်ငံ

၂၉–၁၀–၂၀၀၃ မှ ၃၀–၁၀–၂၀၀၃

ရုံးလုပ်ငန်း၊ ဝန်ထမ်းရေးရာ စီမံခန့်ခွဲမှုနှင့် အင်္ဂလိပ်စာကျွမ်းကျင်မှုသင်တန်း

ရန်ကုန် အောက်တိုဘာ ၂၈

ကုမ္ပဏီအဖွဲ့အစည်း၊ ရုံးဝန်ထမ်းနှင့် မန်နေဂျာများ၊ Secretary များအတွက် TECH Training Centre က နိုဝင်ဘာ ၂ ရက်တွင် ရုံးလုပ်ငန်းဆိုင်ရာ သဘောတရားများ၊ Business English Courses၊ Computer Application Packages၊ Internet & E-mail၊ Fax၊ Book Keeping Acount နှင့် Computerized Accounting စသည့်ဘာသာရပ်များကို သင်ကြားပေးမည်ဖြစ်သည်။ အဆိုပါ သင်တန်းသို့ တက္ကသိုလ်ဝင်တန်းဖြေဆိုအောင်မြင်ပြီးသူများ၊ ဘွဲ့ရများ၊ ရုံးဝန်ထမ်းနှင့် ကုမ္ပဏီဝန်ထမ်းများ၊ အလုပ်ခွင်ဝင်ရန် ပြင်ဆင်နေသူများ တက်ရောက်နိုင်ကြောင်းနှင့် GCE, TOEFL, IELTS, English Speaking (Business English, Pre-Intermediate, Intermediate Course) နှင့် Grammer Course များကို လစဉ် ဖွင့်လှစ်လျက်ရှိရာ အမှတ်၄၁၊ ရန်ကုန်အင်းစိန်လမ်း၊ လှည်းတန်းမီးပွိုင့်အနီး ဖုန်း–၅၀၅၉၈၆၊ ၇၀၅၇၀၂၊ ၅၃၉၅၃၁ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

သဲကုန်းမြို့နယ်အသင်း(ရန်ကုန်)က သဲကုန်းမြို့နယ်အတွင်းရှိ ကျောင်းခြောက်ကျောင်းမှ ၂၀၀၂/၂၀၀၃ခုနှစ်တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူးရကျောင်းသားကျောင်းသူ ၆၄ ဦးတို့အား ပညာရည်ချွန်ဆုပေးပွဲကို အောက်တိုဘာ ၈ ရက်က သဲကုန်းမြို့ အခြေခံပညာအထက်တန်းကျောင်း ပညာဗိမာန်ခန်းမ၌ ကျင်းပစဉ်။ (က–ပ)



ကလေးငယ်များ အထွေထွေဗဟုသုတတိုးပွားစေရန်နှင့် စိတ်ပျော်ရွှင်စေရန် ရည်ရွယ်၍ ကာတွန်းဇာတ်လမ်းများနှင့် ကလေးကဗျာဝိုင်း၊ ကလေးစာဖတ်ခန်း၊ ကလေးအင်တာဗျူး၊ စိတ်ကူးပဒေသာ၊ နိုင်ငံတကာပုံပြင်၊ သုတအထွေထွေကဏ္ဍများပါဝင်ပြီး ပုရပိုက်စာပေ၊ အမှတ် ၂၈(မြေညီထပ်)၊ တောင်မြင်းပြိုင်ကွင်းလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း–၅၄၁၃၃၁ က အသွင်သစ်ဖြင့် ဖြန့်ချိလိုက်သည့် နိုဝင်ဘာလထုတ်ကလေးသုတ စာစောင်မျက်နှာဖုံး။ (က–ပ)

e-Education Learning Centre

[illegible]

၂၇–၁၀–၂၀၀၃ [illegible]
- Soaps and Detergents (Soaps)
- Detergents

၂၈–၁၀–၂၀၀၃ [illegible]
- [illegible]

၂၉–၁၀–၂၀၀၃ [illegible]
- [illegible]
- Priority of Maritime Lien

၃၀–၁၀–၂၀၀၃ [illegible]
- Mammalian Heart
- [illegible]

၃၁–၁၀–၂၀၀၃ [illegible]
- [illegible]

၁–၁၁–၂၀၀၃ [illegible]
- [illegible]

၂–၁၁–၂၀၀၃ [illegible]
- [illegible]

▼ မြန်မာ့ရိုးရာမှ

ယနေ့ကျင်းပသည့် ကောဒသမအကြိမ်(၁၁ ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများ ကျင်းပရာသို့ ကောဒသမအကြိမ် (၁၁ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေးနာယကအဖွဲ့ဝင်နှင့် ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ပြိုင်ပွဲကျင်းပရေး နာယကအဖွဲ့ဝင်များဖြစ်ကြသော ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်နှင့် ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း၊ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်း၊ ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ အမှတ်(၃) စစ်ဒေသမှူး ဗိုလ်မှူးကြီးတင့်ဆန်းနှင့် လုပ်ငန်းကော်မတီဝင်များ၊ ဆပ်ကော်မတီအသီးသီးမှ တာဝန်ရှိသူများ၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာကိုလေးစားချစ်ခင် မြတ်နိုးကြသူများ၊ ကမ္ဘာလှည့်ခရီးသည်များ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြည့်ရှုနားသောတဆင် အားပေးကြသည်။

အဆိုပြိုင်ပွဲ

ကောဒသမအကြိမ်(၁၁ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲများ၏ ၁၅ ရက်မြောက်နေ့ အဆိုပြိုင်ပွဲကို နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အမျိုးသားပြတိုက်၌ ဆက်လက်ကျင်းပရာ ရှေးဦးစွာ အခြေခံပညာအဆင့် အသက်(၁၅)နှစ်မှ (၂၀)နှစ်(အမျိုးသမီး)မဓမ္မပူဇာတေးအဆိုပြိုင်ပွဲကို ကျင်းပရာ ကိုတင်အောင်သန်း ရေးစပ်သီကုံးပြီး တေးသံရှင်မနီနီ သီဆိုသည့် 'ဆုမြတ်ခေမာ' သီချင်းဖြင့် ကချင်ပြည်နယ်မှ မလဲ့လဲ့ဝင်း၊ ရန်ကုန်တိုင်းမှ မထက်ထက်အောင်၊ တနင်္သာရီတိုင်းမှ မခိုင်နီလင်း၊ ရှမ်းပြည်နယ်မှ မဥမ္မာလှိုင်၊ စစ်ကိုင်းတိုင်းမှ မနီလာဝင်း၊ မကွေးတိုင်းမှ မဝင်းမင်းသန်း၊ မွန်ပြည်နယ်မှ မကြည်ထွန်းမိုး၊ ပဲခူးတိုင်းမှ မချယ်ရီဝင်း၊ ရန်ကုန်တိုင်းမှ မခင်မြသက်နှင်း၊ မန္တလေးတိုင်းမှ မဝါဝါနွယ်၊ ကရင်ပြည်နယ်မှ မဖြူဖြူအောင်၊ ရခိုင်ပြည်နယ်မှ မခင်သက်စု၊ ချင်းပြည်နယ်မှ မဒေါက်ထာအီယာန်း၊ မန္တလေးတိုင်းမှ မရတနာဦးနှင့် ဧရာဝတီတိုင်းမှ မဇာလီစိုးတို့သီဆိုပြိုင်ပွဲဝင်ကြပြီး ပြိုင်ပွဲကိုခေတ္တရပ်နားသည်။

အဆိုပြိုင်ပွဲကို မွန်းလွဲ ၁ နာရီတွင် ပြန်လည်ကျင်းပရာ ဝါသနာရှင်အဆင့် (အမျိုးသား) ခေတ်ဟောင်း/ကာလပေါ်တေးအဆိုပြိုင်ပွဲ၌ ရွှေပြည်အေး ရေးစပ်သီကုံးပြီး တေးသံရှင်ကိုမြကြီး သီဆိုသည့် 'မိုး'သီချင်းဖြင့် ချင်းပြည်နယ်မှ မောင်ကျုံးလျုံထောင်၊ ပဲခူးတိုင်းမှ ဦးမြင့်ကြည်၊ မန္တလေးတိုင်းမှ ဦးသိန်းဇော်၊ မကွေးတိုင်းမှ ဦးတင်မြင့်၊ ရန်ကုန်တိုင်းမှ ဦးပိုးလေး(ခ) မျိုးမင်းဝင်း၊ ကချင်ပြည်နယ်မှ မောင်သက်ဝင်း၊ ကရင်ပြည်နယ်မှ စိုင်းသောင်းမြင့်ထွန်း၊ ဧရာဝတီတိုင်းမှ ဦးမောင်မြင့်၊ တနင်္သာရီတိုင်းမှ ဦးစောဝင်း၊ ရန်ကုန်တိုင်းမှ ဦးဇော်ထွန်း၊ စစ်ကိုင်းတိုင်းမှ ဦးနန်းဝေ၊ မွန်ပြည်နယ်မှ ဦးရဲထိုက်၊ ကယားပြည်နယ်မှ မောင်လေးမြင့်၊ မန္တလေးတိုင်းမှ ဦးရဲသွေး(ခ)မောင်ဖိုလ်ထူး၊ ရှမ်းပြည်နယ်မှ စိုင်းညီမြင့်နှင့် ရခိုင်ပြည်နယ်မှ ဦးကိုကိုနိုင်တို့ သီဆိုပြိုင်ပွဲဝင်ကြပြီး ညနေ ၃နာရီ မိနစ်၄၀တွင် ၁၅ ရက်မြောက်နေ့ အဆိုပြိုင်ပွဲ အစီအစဉ်များကို ရပ်နားလိုက်သည်။

မယ်ဒလင်အတီးပြိုင်ပွဲ

ကောဒသမအကြိမ်(၁၁ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊ အရေး၊အတီးပြိုင်ပွဲ၏ မယ်ဒလင်အတီးပြိုင်ပွဲကို နံနက်၉နာရီတွင် ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပသည်။

ရှေးဦးစွာ အခြေခံပညာအဆင့် အသက်(၅)နှစ်မှ(၁၀)နှစ်(အမျိုးသား) မယ်ဒလင်အတီးပြိုင်ပွဲကို စတင်ကျင်းပရာ 'ဝေဘာဂီရီ'(ကြိုး)သီချင်းဖြင့် ပဲခူးတိုင်းမှ မောင်ရဲဝင်းအောင်၊ မကွေးတိုင်းမှ မောင်မြမိုးနှင့် ဧရာဝတီတိုင်းမှ မောင်အောင်နိုင်စိုးတို့ ပါဝင်ယှဉ်ပြိုင်ကြသည်။

ထို့နောက် အခြေခံပညာအဆင့် အသက်(၅)နှစ်မှ(၁၀)နှစ်(အမျိုးသမီး) မယ်ဒလင်အတီးပြိုင်ပွဲကို ကျင်းပရာ 'ဘုံဆောင်မြင့်'(ကြိုး)သီချင်းဖြင့် မကွေးတိုင်းမှ မကြည်ကြည်မာ ပါဝင်ယှဉ်ပြိုင်သည်။

မွန်းလွဲပိုင်းတွင် ဝါသနာရှင်အဆင့် (အမျိုးသား)မယ်ဒလင်အတီးပြိုင်ပွဲကို ဆက်လက်ကျင်းပရာ 'မင်္ဂလာသီရိ' (ဘွဲ့)သီချင်းဖြင့် စစ်ကိုင်းတိုင်းမှ ဦးဌေးလွင်၊ ဧရာဝတီတိုင်းမှ မောင်ကျော်ထက်အောင်၊ မန္တလေးတိုင်းမှ ဦးကျော်မြင့်၊ မကွေးတိုင်းမှ ဦးဖြိုး၊ ရန်ကုန်တိုင်းမှ ဦးမောင်မောင်လွင်(ခ)ပေါက်ခေါင်းမောင်မောင်လေး၊ ရှမ်းပြည်နယ်မှ ဦးဝင်းလှိုင်၊ ကယားပြည်နယ်မှ ဦးမောင်မောင်သက်၊ မန္တလေးတိုင်းမှ ဦးတာနော၊ မွန်ပြည်နယ်မှဦးဌေးဝင်း၊ ရခိုင်ပြည်နယ်မှ ကိုအောင်နိုင်ဝင်း၊ ရန်ကုန်တိုင်းမှ ဦးခင်မောင်ဝင်း၊ တနင်္သာရီတိုင်းမှ ဦးစည်သူထွန်း၊ ပဲခူးတိုင်းမှ ဦးမင်းဇော်နှင့် ချင်းပြည်နယ်မှ ဦးကျော်အေးတို့ ပါဝင်ယှဉ်ပြိုင်ကြသည်။

ထို့နောက် ဝါသနာရှင်အဆင့် (အမျိုးသမီး) မယ်ဒလင်အတီးပြိုင်ပွဲတွင် ဥသြဘသောင်းသီဆိုခဲ့သည့် 'မင်းကုသ'ခေတ်ဟောင်း/ကာလပေါ် သီချင်းဖြင့် ဧရာဝတီတိုင်းမှ ဒေါ်ဥမ္မာ ပါဝင်ယှဉ်ပြိုင်သည်။

ဒုံမင်းအတီးပြိုင်

ကောဒသမအကြိမ်(၁၁ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဒုံမင်းအတီးပြိုင်ပွဲကို နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ အနုပညာဦးစီးဌာန ကမ္ဘောဇဇာတ်ရုံ၌ ကျင်းပသည်။

ဝါသနာရှင်အဆင့်(အမျိုးသား) ဒုံမင်းအတီးပြိုင်ပွဲတွင် 'မိုး'ကာလပေါ် သီချင်းဖြင့် ရန်ကုန်တိုင်းမှ ဦးသက်နောင်၊ ရခိုင်ပြည်နယ်မှ ဦးသောင်းမြင့်ထွန်း၊ မန္တလေးတိုင်းမှ ဦးချစ်စိန်၊ ရှမ်းပြည်နယ်မှ ဦးလှကြိုင်၊ ရန်ကုန်တိုင်းမှ ဦးတင်ဝင်း၊ ဧရာဝတီတိုင်းမှ ဦးမောင်ဟန်၊ မွန်ပြည်နယ်မှ ဦးနိုင်ဦး၊ စစ်ကိုင်းတိုင်းမှ ဦးအောင်ငြိမ်း၊ ကရင်ပြည်နယ်မှ ဦးစိုင်းကျော်ထူး၊ ပဲခူးတိုင်းမှ ဦးစိန်တင်အောင်၊ မန္တလေးတိုင်းမှ ဦးလှဆောင်နှင့် ကချင်ပြည်နယ်မှ ဦးခင်မောင်ညွန့်တို့ ပါဝင်ယှဉ်ပြိုင်ကြသည်။

ဝါသနာရှင်အဆင့်(အမျိုးသမီး) ဒုံမင်းအတီးပြိုင်ပွဲတွင်'မိုးကာလပေါ်' သီချင်းဖြင့် ပဲခူးတိုင်းမှ ဒေါ်ယုနန္ဒာနှင့် ဧရာဝတီတိုင်းမှဒေါ်အေးအေးမော်တို့ ပါဝင်ယှဉ်ပြိုင်ကြသည်။

အခြေခံပညာအဆင့် အသက်(၅)နှစ်မှ(၁၀)နှစ် (အမျိုးသား)ဒုံမင်းအတီးပြိုင်ပွဲတွင်'သီတာသီတာမြသား'(ကြိုး) သီချင်းဖြင့် ရန်ကုန်တိုင်းမှ မောင်ဇေယျာစိုးဦးနှင့် ပဲခူးတိုင်းမှ မောင်မောင်အောင်ကျော်မြင့်တို့ ပါဝင်ယှဉ်ပြိုင်ကြသည်။

အခြေခံပညာအဆင့် အသက်(၅)နှစ်မှ(၁၀)နှစ် (အမျိုးသမီး)ဒုံမင်းအတီးပြိုင်ပွဲတွင်'သီတာသီတာမြသား' (ကြိုး)သီချင်းဖြင့် ရှမ်းပြည်နယ်မှ မအိ၊ ရန်ကုန်တိုင်းမှ မရွှေစင်ချစ်နှင့်ပဲခူးတိုင်းမှ မအိမွန်ကျော်တို့ ပါဝင်ယှဉ်ပြိုင်ကြသည်။

ဒိုးပတ်အတီးပြိုင်ပွဲ

ကောဒသမအကြိမ်(၁၁ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊ အရေး၊အတီးပြိုင်ပွဲ၏ ဒိုးပတ်အတီးပြိုင်ပွဲကို နံနက်၉နာရီတွင် စမ်းချောင်းမြို့နယ် ဗားကရာလမ်းရှိ ပဒုမ္မာဇာတ်ရုံ၌ ဆက်လက်ကျင်းပသည်။

ရှေးဦးစွာ အခြေခံပညာအဆင့် အသက်(၅)နှစ်မှ(၁၀)နှစ် ဒိုးပတ်အတီးပြိုင်ပွဲတွင် ဧရာဝတီတိုင်းမှ မောင်ညိုတုတ်နှင့်အဖွဲ့၊ မန္တလေးတိုင်းမှ မောင်အောင်လပြည့်ကိုနှင့်အဖွဲ့၊ စစ်ကိုင်းတိုင်းမှ မောင်သီဟဇော်နှင့်အဖွဲ့၊ မန္တလေးတိုင်းမှ မောင်ရန်ကျော်နှင့်အဖွဲ့၊ ရန်ကုန်တိုင်းမှ မောင်ကောင်းမြတ်သူနှင့်အဖွဲ့တို့ ပြိုင်ပွဲဝင်ကြပြီး ပြိုင်ပွဲကို ခေတ္တရပ်နားသည်။

မွန်းလွဲပိုင်းတွင် ပညာရှင်အဆင့် ဒိုးပတ်အတီးပြိုင်ပွဲကို ဆက်လက်ကျင်းပရာ စစ်ကိုင်းတိုင်းမှ ချင်းတွင်းစနေနှင့်အဖွဲ့၊ ရန်ကုန်တိုင်းမှ ဦးသိန်းဝင်းထွန်းနှင့်အဖွဲ့၊ ဧရာဝတီတိုင်းမှ ဦးညွန့်ဦးနှင့်အဖွဲ့၊ မန္တလေးတိုင်းမှ ဦးအုန်းငွေနှင့်အဖွဲ့၊ မန္တလေးတိုင်းမှ ဦးစိန်ကုလားနှင့်အဖွဲ့တို့ ပြိုင်ပွဲဝင်ကြသည်။

ပတ္တလားအတီးပြိုင်ပွဲ

ကောဒသမအကြိမ်(၁၁ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ၏ ပတ္တလားအတီးပြိုင်ပွဲကို ယမန်နေ့ နံနက်၉နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ အနုပညာဦးစီးဌာန ကမ္ဘောဇဇာတ်ရုံ၌ ကျင်းပခဲ့သည်။

အခြေခံပညာအဆင့် အသက်(၁၀) နှစ်မှ(၁၅)နှစ် (အမျိုးသမီး) ပတ္တလားအတီးပြိုင်ပွဲတွင် 'ဗဟိုမွှက် သံ'(ကြိုး) သီချင်းဖြင့် ရှမ်းပြည်နယ်မှ မလှိုင်သက်ထားဖြူ၊ ရန်ကုန်တိုင်းမှ မကေဇင်ချစ်စု၊ ဧရာဝတီတိုင်းမှ မဇာဇာစိုး၊ မကွေးတိုင်းမှမအင်ကြင်းဦး၊ ကယားပြည်နယ်မှ မခိုင်ခိုင်သော်၊ ပဲခူးတိုင်းမှ မခိုင်သန္တာစိုး၊ မန္တလေးတိုင်းမှ မချမ်းမြေ့သူ၊ စစ်ကိုင်းတိုင်းမှ မဆုမြတ်စန္ဒီကျော်၊ ရန်ကုန်တိုင်းမှ မဇာဇာလင်း(ခ)ပေါက်ကျော်မ၊ ကရင်ပြည်နယ်မှ မဆုပြည့်ထွန်း၊ မွန်ပြည်နယ်မှ မခင်ဆွေမွန်၊ ရခိုင်ပြည်နယ်မှ မစုမူမူထွေးနှင့် မန္တလေးတိုင်းမှ မဆုမြတ်မွန်တို့ ပါဝင်ယှဉ်ပြိုင်ကြသည်။

(သတင်းစဉ်)

မဇ္ဈိမဂုဏ်ရည်ဆရာတော် တရားဟောကြားမည်

ရန်ကုန် အောက်တိုဘာ ၂၈

သာကေတမြို့နယ် မဇ္ဈိမဂုဏ်ရည် မဟာစည် သာသနာ့ရိပ်သာ၏ ပဓာနနာယက မဟာစည် နယ်လှည့် ဓမ္မကထိက သာသနတက္ကသီလ ဓမ္မာစရိယ ဒေါက်တာအရှင်ကောဝိဒ အရှင်သူမြတ်သည် နိုဝင်ဘာ ၃ ရက် ည ၈ နာရီတွင် သာကေတမြို့နယ် (၈) ရပ်ကွက် သဒ္ဓမ္မဝေပုလ္လဓမ္မာရုံ၊ နိုဝင်ဘာ ၄ ရက် ည၇နာရီတွင် မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်တောရရိပ်သာကျောင်းတော်ကြီးရေစက်ချ၊ နိုဝင်ဘာ ၅ ရက် ည ၇ နာရီတွင် မှုဒုံမြို့ တောင်ကလေးတောရကျောင်းတိုက်၊ နိုဝင်ဘာ ၇ ရက် ည ၇ နာရီတွင် ပုဇွန်တောင်ဈေး (၂၅) ကြိမ်မြောက် ငွေရတုမဟာဘုံကထိန်၊ နိုဝင်ဘာ ၁၀ ရက်နှင့် ၁၁ ရက် ည ၈ နာရီ တွင် သာကေတမြို့နယ် အနော်မာ ၁၇ လမ်းအရှေ့၊ နိုဝင်ဘာ ၁၇ ရက်နှင့် ၁၈ ရက် ည ၈ နာရီတွင် သာကေတမြို့နယ် (၃)မာန်ပြေ မာရဝိဇယဓမ္မာရုံ၊ နိုဝင်ဘာ ၂၁ ရက် ည ၈ နာရီတွင် သာကေတမြို့နယ် ၂/မြောက် ထူပါရုံလမ်း ၂၀၊ နိုဝင်ဘာ ၂၉ ရက်နှင့် ၃၀ ရက် ည ၇ နာရီတွင် ပုဇွန်တောင်ဘုရားဖြူကျောင်းတိုက် ဝိနည်းစာပြန်ပွဲတို့၌ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

မောင်နှင်းဆွေ စီစဉ်တင်ဆက်သည့် ၂၀၀၃ နိုဝင်ဘာလထုတ် မြင်ကွင်းစုံမှုခင်း မဂ္ဂဇင်းမျက်နှာဖုံး။ (က-ပ)

ဒါတွေကိုသိဖို့လိုတယ်

- ❖ မြောက်တိုင်းလည်း မမြောက်နဲ့
- ❖ ခြောက်တိုင်းလည်း မကြောက်နဲ့
- ❖ ချော့တိုင်းလည်း မပျော့နဲ့

မွေးနေ့ဆုမွန်

သမီးလေးမရွှမ်းလဲ့ဝတ်ရည်သော်၏ ၂၈-၁၀-၂၀၀၃နေ့တွင် ကျရောက်သည့် မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင် ဘဝခရီးတစ်လျှောက် ချမ်းမြေ့ပျော်ရွှင်ခြင်းများစွာဖြင့်ပြည့်စုံပြီး နိုင်ငံ၏သမီးကောင်းရတနာလေးဖြစ်ပါစေ။

ဖေဖေ-ဒုတိယဗိုလ်မှူးကြီးဇော်ဝင်း
(B.Sc, D.S.A)
မေမေ-ဒေါ်သီသီမြင့် B.A(History)
ကိုကို-မောင်ဝေဟင်အာကာဇော်

Myanmar Triumph International Limited (MTIL) (In Members Boluntary Liquidation)

(1) Room No. 256, Inya Lake Hotel, No. 37, Kaba Aye Pagoda Road
(2) No. 64B Komin Kochin Road, Shwegon Plaza, Yangon Telephone Nos: 662866/ 662857/ 662858/ 662859 (Extension 1256)

The following assets of MTIL will be sold in one Lot or Lots by Sealed Tender Bids. Interested Persons are kindly invited to visit us, inspect for detailed terms and conditions of the Tender and make bids for the following-

1.0 (1) Sewing Machines Lot No. 1 to 5
(2) Other Machines Lot No. 6
(3) Textile Inventory Lot No. 7

2.0 Place for Inspection — Blocks No. 89/90 Makkaya Min Thar Gyi Maung Phyo Road, Hlaing Thayar Industrial Zone (2) Hlaing Tharyar Township, Yangon

3.0 Period for Inspection — During Office Hours from October 30, 2003 to November 5, 2003.

4.0 Tender forms, Terms and Conditions Are available at the above address on payment of K3000/- Per set during office hours at 09:30 am to 4:30 pm from October 30,2003 to November 5,2003.

5.0 Tender Closing Date/Time — 16;00 hours November 6, 2003
6.0 Tender Opening Date/Time — 11;00 hours November 7,2003
7.0 Public Declaration of Results Date and Time — 14:00 hours November 7, 2003

U Hla Tun
Chairman, Disposal Committee

မင်္ဂလာဒုံမြို့နယ် အမှတ်(၁၅) အခြေခံပညာမူလတန်း(လွန်) ကျောင်းတွင်အလှူရှင်ဦးအောင်ဖြိုး-ဒေါ်ဥမ္မာဝင်းတို့၏သား တတိယတန်းမှ မောင်ဆေယံဖြိုး၏ မွေးနေ့အထိမ်းအမှတ်အဖြစ် အောက်တိုဘာ ၈ ရက်က ကျောင်းသားကျောင်းသူလေးများအား အာဟာရအဖြစ် အုန်းနို့သာဂူ တိုက်ကျွေးလှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီးဒေါ်ခင်မေဖုန်းနှင့် ဆရာမများက ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (က-ပ)

ကောဒသမအကြိမ်(၁၁ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ပြိုင်ပွဲကျင်းပရေးဆပ်ကော်မတီ၏ ပြိုင်ပွဲအစီအစဉ်ဇယား

နေရာ ➥		(အမျိုးသားပြတိုက်)	(အမျိုးသားဇာတ်ရုံ)	(ကမ္ဘောဇဇာတ်ရုံ)	(ပဒုမ္မာဇာတ်ရုံ)
စဉ်	ရက်စွဲ	အဆို	အတီး	အတီး	အတီး
၁၆	၂၉-၁၀-၂၀၀၃ (ဗုဒ္ဓဟူးနေ့)	**မဓမ္မပူဇာတေး(နံနက်)** (၁) ပညာရှင်(ကျား) **ခေတ်ဟောင်း/ကာလပေါ် (နေ့လယ်)** (၂) အခြေခံ(၁၀-၁၅)(မ)	**မယ်ဒလင်** (၁) ပညာရှင်(ကျား-မ) **(နံနက်)** (၂) အခြေခံ(၁၅-၂၀)(ကျား-မ) **(နေ့လယ်)**	**ပတ္တလား** (၁) ပညာရှင်(ကျား) **(နံနက်)** (၂) ပညာရှင်(မ) **(နေ့လယ်)**	**ဆိုင်းအဖွဲ့လိုက်** (၁) ပညာရှင် (မ) **(နံနက်)** (၂) အခြေခံ(၁၅-၂၀) (မ) **(နေ့လယ်)** (၃) အခြေခံ(၅-၁၀) (မ) **(နေ့လယ်)**

(ဆက်လက်ဖော်ပြပါမည်။)

ဖွံ့ဖြိုးဝေဆာ မြန်မာနိုင်ငံ၏ပန်းမြို့တော် ပူတာအိုမှာ ပြည်ထောင်စုဖွား တိုင်းရင်းသားများ စုပေါင်းနေထိုင် လှပထူးခြားသော သဘာဝလျှို့ဝှက်ချက်များစုံလင်နေ

သတင်းဆောင်းပါး-ဆွေသန့်ကို ဓာတ်ပုံ-ထွေးကြည်

ကချင်ပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် သာယာလှပမှုတို့သည် လေ့လာကြည့်ရှုသူများအဖို့ အားမရ၊ ကြည့်မဝနိုင်အောင်ပင်။

၂၀၀၃ ခုနှစ် စက်တင်ဘာ ဒုတိယပတ် ကုန်ခါနီးမှာ ကချင်ပြည်နယ် ပူတာအိုခရိုင် ပူတာအိုမြို့နယ်နှင့် မချမ်းဘောမြို့နယ်တို့သို့ ရောက်သွားသည်။ ကနဦးရောက်ရှိသည်က ပူတာအိုမြို့။

ပူတာအိုမြို့ လေဆိပ်ကို ဆင်းလိုက်သည်ဆိုလျှင်ပင် စုလစ်မွမ်းချွန်မြန်မာဆန်ဆန် ဗိသုကာဟန်ဖြင့် တည်ဆောက်ထားသည့် လေဆိပ်အဆောက်အအုံက နွေးထွေး ကြည်သာစွာ ဣန္ဒြေရရ ကြိုဆိုနေသည့်ဟန် ရှိနေသည်ကို ခံ့ခံ့ညားညားကြီး တွေ့လိုက်ရ၏။ ဣန္ဒြေရရဟုဆိုသော်လည်း ဖော်ရွေပျူငှာနေသည့်ဟန်က အပြည့်။

ပူတာအိုမြို့မှာ ပူးတောင်းကျေးရွာကို အစွဲပြု၍ ပူတာအိုဟု ခေါ်ဝေါ်ခဲ့ကြခြင်းဖြစ်သည်။ ပူတာအိုတွင် နေထိုင်သူ အများစုမှာ ရဝမ်၊လီဆူး၊ ခန္တီးရှမ်းနှင့် ဂျိန်းဖော လူမျိုးစုများ။

ပူတာအိုခရိုင်အတွင်းတွင် ဖွဲ့စည်းထားသည့် မြို့နယ် ငါးမြို့နယ်ရှိသည်။ ယင်းငါးမြို့နယ်မှာ ပူတာအို၊မချမ်းဘော၊ နောင်မွန်း၊ ခေါင်လန်ဖူးနှင့် ဆွမ်ပရာဘွမ်။ ပူတာအိုမြို့သည် မြန်မာနိုင်ငံ၏ မြောက်ဘက်အစွန်ဆုံး ခရိုင်မြို့တစ်မြို့ ဖြစ်၏။ ပူတာအိုခရိုင်သည် မြန်မာနိုင်ငံ၏ မြောက်ဖျားဒေသဖြစ်ပြီး ဝေးလံသီခေါင်သည့်ဒေသဟု ဆိုနိုင်သော်လည်း ဖွံ့ဖြိုးတိုးတက်မှုတွင်ကား နောက်ကျ၍မနေ။

နိုင်ငံတော်က တည်ဆောက်ပေးထားသည့် စာသင်ကျောင်းတွေ၊ ဆေးရုံဆေးပေးခန်းတွေ၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းတွေ၊ တည်ဆောက်ရေးလုပ်ငန်းတွေ၊ ဆည်မြောင်းတာတမံတွေ၊ လမ်းတံတားတွေစုံလို့၊ သူ့ဒေသနှင့်သူ ကွက်တိ။

သည်အထဲမှာမှ ဆည်မြောင်းတာတမံတွေကို ရွေးထုတ်ကောက်နုတ်တင်ပြလို၏။ ဆည်မြောင်းတာတမံများစွာရှိ၏။ ဆည်များမှာ မူလာရှီးဒီ/လယ်မဝါချီဆည်၊ ဆဝန်ခွမ်ဒမ်း/နန်တာလဲဆည်၊ ရှန်တောင်/လန်တောင်ဆည်၊ မာမူးလဲ့/မူလာရှီးဒီရေပိုက်လိုင်း၊ တုံလာဝမ်ဆည်၊ နမ်းခမ်းဆည်/နမ်ဘူ ယန်ဆည်၊ ခါနန်ထီဆည်တို့တည်း။ ထင်ရှားသည့် တံတားများကိုလည်း ဖော်ထုတ်တင်ပြလို၏။ ပူတာအိုခရိုင်တွင် ကြိုးတံတားကြီးများကို အများဆုံး အသုံးပြုလျက်ရှိ၏။ ပေ၄၄၀ကျော်ရှိ မူလာရှီးဒီ ဂျစ်ကားကူး ကြိုးတံတား၊ ပေ ၇၀၀ရှိ မချမ်းဘော ကြိုးတံတား၊ ပေ ၃၇၀ရှိ ကဆန်ဝေါင် ကြိုးတံတား၊ ပေ ၃၀၀ရှိ ရှုရှုချောင်း ကြိုးတံတား၊ ပေ၃၃၀ရှိ ရီဒမ်းကြိုး တံတား၊ ပေ၁၅၀ရှိချီထုဖန်ကြိုးတံတား၊ ပေ၁၅၀ရှိ အချန်ချောင်းကြိုးတံတား၊ ပေ၂၉၀ရှိ ထီနူးကြိုးတံတား၊ ၂၆၅ပေရှိ တီယန်ဇွတ် သံပေါင်ကြိုးတံတား၊ ပေ၁၆၀ရှိ ဒရူခ ဘေလီတံတား၊ ပေ၁၅၀ရှိ ဇီနန်ခ သံပေါင်ရက်မ ကြိုးတံတား၊ ပေ၂၁၀ရှိ ဖုန်အင်ခဘေလီတံတား၊ ပေ၁၈၀ရှိ ဖုန်ချန်ခဘေလီတံတားတို့မှာ ပူတာအိုခရိုင်ရှိ ထင်ရှားသောကြိုးတံတားများ။

ဒေသထွက်သီးနှံတွင်လည်း ဂရိတ်ဖရု၊ ဝါရှင်တန်သီး၊ ရှုဘီသီး၊ လိမ္မော်သီး၊ အမေရိကန်သံပရာသီး၊ သွေးသီး၊ မနီလာသီး၊ တည်သီး၊ သစ်တော်သီးတို့သည် ထင်ရှားသော သီးနှံများဖြစ်၏။ ယင်းသီးနှံများသည် လူကြိုက်များသော ဈေးကွက်ဝင် သီးနှံများဖြစ်၏။ ဈေးကွက်ဝင်ရုံမက ရောင်း၍ ပင်မလောက်။

သစ်၊ဝါး၊ ခနိတို့သည်လည်း ဒေသထွက်ကုန်များ ဖြစ်နေ၏။ လူကြိုက်များပြီး ထင်ရှားသည့်ဒေသထွက်ကုန်များမှာ သက်ကယ်ဆေးရွက်၊ မချစ်ဥ၊ ဆေးမြစ်စုံ၊ ခန်းတောက်မြစ်တို့ဖြစ်၏။ ပူတာအိုထွက် ဆေးဖက်ဝင် သစ်ဥ သစ်ဖုများတွင် မချစ်ဥ၊ နွှီးပတီး၊ ခန်းတောက်နှင့် ဆေးမြစ်စုံတို့မှာ လူကြိုက်အများဆုံး၊ အသုံးအများဆုံး။

ပူတာအိုခရိုင်တွင် ဆေးဖက်ဝင် ပရဆေးပင်များလည်း များစွာပေါက်ရောက်လျက်ရှိ၏။ ပရဆေးပင်အစုံ။ ပူတာအိုမှာမရနိုင်သည့် ပရဆေးပင်ဟူ၍ မရှိသလောက်ပင်။

ပူတာအိုခရိုင်အတွင်း ထင်ရှားသော အချက်များကိုလည်း ဆက်လက်ဖော်ပြလို၏။ ဖုန်ကန် ရေခဲတောင်၌ သဘာဝ ပန်းအလှစုံ ဖူးပွင့်ဝေဆာလျက်ရှိ၏။ ကမ္ဘာတွင်အလွန်ရှားပါးသော သစ်ခွနက်လည်းရှိ၏။ ပူတာအိုကို မြန်မာနိုင်ငံ၏ ပန်းမြို့တော်ဟုပင် တင်စားခေါ်ဆိုကြ၏။ ပန်းလိပ်ပြာစုံလည်း မြူးထူးကျက်စားလျက်ရှိ၏။ ကမ္ဘာလှည့်ခရီးသည်တို့ အလွန်မက်မောသည့် နေရာတစ်ခု။

အခြားထင်ရှားသော အချက်များမှာ ပူတာအိုခရိုင် မချမ်းဘောမြို့နှင့် မလှမ်းမကမ်းတွင် ကျောက်နဂါးကြီး ဝပ်လျက်ရှိ၏။ ထန်ဂါးကျေးရွာအနီး ထန်းရွမ်းခေါ် အလွန်လှပသည့် ရေတံခွန်ကြီးရှိ၏။ ဆန်ခူးကျောက်ဂူနှင့် ထနကျောက်ဂူတို့သည် အလွန်ထူးခြားထင်ရှား၏။ ရီဒမ်းကျောက်ဂူကြီးတွင် လယ်တောများတွေ့ရ၏။ ဒယ်အိုးပုံသဏ္ဌာန်ကျောက်တုံး၌ ရေကြည်များ ပြည့်လျှံနေ၏။ အကူးအုပ်စု ဆနန်ကျေးရွာနှင့် နမ်ဘူကျေးရွာအကြား ဒဒမ်းရေတံခွန်ကြီးသည် ပေ ၁၀၀၀၀ ကျော်မြင့်၍ အကြီးမားဆုံးရေတံခွန်ကြီးဟူ၍ အသိအမှတ်ပြုထားကြသည်။

ဒဟပ်ကျေးရွာအုပ်စု ဆမ်ဆုံကျေးရွာတွင် နှစ်စဉ်မေလနှင့်ဇွန်လဆန်းတွင် မြွေမျိုးစုံထောင်သောင်းနှင့် ချီစုဝေး၍ ဥ ဥမြဲဖြစ်သည်။ ထိုအချိန်တွင် လူကို အန္တရာယ်မပြုဘဲ ငြိမ်သက်နေသော မြွေမျိုးစုံကို အလွယ်တကူဖမ်းယူနိုင်သည်။ ဥ ဥပြီးလျှင် ထိုမြွေများအားလုံး မိမိကြိုက်နှစ်သက်ရာ အရပ်သို့ ပြန်သွားကြသည်။ ထိုမြွေရာသီသည် ရက် ၂၀အတွင်း၌သာ ဖြစ်သည်ဟု ဆို၏။ ဤသည်လည်း ထူးခြားချက်တစ်ခု။

ထို့ပြင် ဟိမဝန္တာအရှေ့ဖျားဒေသ ရေခဲဖုံးတောင်စဉ် တောင်တန်းရှုခင်းများ၊ ဆောင်းအခါ သာယာလှပစွာ ရှုစားအပန်းဖြေနိုင်၏။ ဤကဲ့သို့ အလွန်အမင်း သာယာလှပသော ရေခဲဖုံး တောင်စဉ်တောင်တန်းသည် အရှေ့တောင်အာရှတွင် သည်တစ်နေရာတည်းတွင်ရှိသည်ဟုသိရသည်။

ပူတာအိုခရိုင်အတွင်း ထင်ရှားသော အဆောက်အအုံများကိုလည်း ရေတွက်ကြည့်ရှုရန်လိုမည်ထင်အံ့။

ခါကာဘိုရာဇီဉ်ရိပ်သာ၊ ဂူဘားဉ်ရိပ်သာ(မချမ်းဘော)၊ဆောက်လုပ်ရေးဉ်ရိပ်သာ၊ ရဝမ်ရိုးရာယဉ်ကျေးမှုအဆောက်အအုံနှင့် ရိုးဘားရိပ်သာတို့သည် ပူတာအိုခရိုင်တွင် ချမ်းမြေ့သာယာဖွယ်အရှိဆုံးနှင့် အထင်ရှားဆုံး။

ပူတာအိုခရိုင်အတွင်း လေ့လာစရာများ အလွန်များပြားပြီး မှတ်သားစရာများ မကုန်မခန်းရှိရုံ သာမက ထူးခြားချက်များလည်း ရေတွက်ခြင်းငှာ မစွမ်းသာ။

ထို့ကြောင့် ပူတာအိုလမ်းများ၊ တောတောင်များရှိ အလွန်ထူးခြားလှပမွှေးကြိုင်သည့် ပန်းမျိုးစုံ၏အလှနှင့် ရနံ့ကိုကြည့်ရှုခံစားရင်း ကမ္ဘာ့ပန်းရုံကြီးလို ပူတာအိုဟုတင်စားမှတ်တမ်းတင်လိုက်ရပါသည်။ ॥

မြတ်နိဗ္ဗာန်ရည်မျှော် ကောင်းမှုလုံစေတီတော်။

မြန်မာ့ဗိသုကာလက်ရာတို့ စုဝေးရာ ပူတာအိုလေဆိပ်။

မူလာရှီးဒီကြိုးတံတား။



အခြေခံပညာကျောင်းပေါင်းစုံအားကစားပြိုင်ပွဲကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၇

၂၀၀၃ ခုနှစ် ပဲခူးတိုင်း(အနောက်ပိုင်း) အခြေခံပညာ ကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲ ဖွင့်ပွဲ ကို အောက်တိုဘာ ၁၂ ရက် မွန်းလွဲ ၂ နာရီတွင် ပြည်မြို့ ခေတ္တရာအားကစားပြိုင်ကွင်း၌ ကျင်းပရာ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အနောက်ပိုင်းတိုင်းခွဲ) အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များ၊ တိုင်းပညာရေးမှူး ဦးသုခ၊ ပြည်ခရိုင်နှင့် သာယာဝတီခရိုင်တို့မှ ပညာရေးမှူးများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ဆရာ ဆရာမများ၊ ပြိုင်ပွဲဝင် အားကစားသမားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အနောက်ပိုင်းတိုင်းခွဲ) အတွင်းရေးမှူးက အမှာစကားပြောကြားပြီး တိုင်းပညာရေးမှူး ဦးသုခက ပြိုင်ပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ပြိုင်ပွဲကို အောက်တိုဘာ ၁၇ ရက်အထိ ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမြို့မြို့ အနယ်နယ် သတင်းများ

ဓမ္မစကြာဝတ်ရွတ်ပူဇော်ပွဲဆုနှင်းသဘင်သံတွဲမြို့၌ကျင်းပ

သံတွဲ အောက်တိုဘာ ၁၈

သံတွဲခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးကျင်းပသည့် သတ္တမအကြိမ် ဓမ္မစကြာဝတ်ရွတ်ပူဇော်ပွဲဆုနှင်းသဘင်အခမ်းအနားကို အောက်တိုဘာ၉ရက်က သံတွဲမြို့ ဒွါရာဝတီခန်းမ၌ ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုး ရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ခင်မောင်သန်းက သာသနာရေးဆိုင်ရာများ ဩွာက်ထားသည်။

ဆက်လက်၍ သံဃာတော်များအား ခရိုင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက နဝကမ္မ အလှူငွေနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ ဆုရရှိသော အကောင်းဆုံး တစ်ဦးချင်းဝတ်ရွတ်ပူဇော်သူများနှင့် ဝတ်အသင်းများအား ခရိုင်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။ **(ခရိုင် ပြန်/ဆက်)**

နတ်တလင်းမြို့မအလက အာစရိယပူဇော်မည်

နတ်တလင်း အောက်တိုဘာ ၂၅

နတ်တလင်းမြို့ မြို့မ အလကတွင် အမှုထမ်းခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သော ဆရာကြီး ဆရာမကြီးများအား တန်ဆောင်မုန်းလဆန်း ၁၄ရက်နေ့တိုင်း နှစ်စဉ်မပျက်ကျင်းပမြဲ အာစရိယပူဇော်ပွဲကို ယခုနှစ်တွင်လည်း (နိုဝင်ဘာ ၇ရက်)သောကြာနေ့ မွန်းလွဲ ၁နာရီတွင် မြို့မအလက ပတ္တမြားခန်းမ၌ ကျင်းပမည်ဖြစ်ရာ ရပ်ဝေးရပ်နီးကျောင်းသားဟောင်းများသည် ဦးသန်းရှိန်(ကျောင်းအုပ်ဆရာကြီး) နတ်တလင်းမြို့နှင့် ဦးကျော်ဇင်ဦး (ကံကြီးလမ်းတို့)နှင့် ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

အောက်တိုဘာ ၁၄ ရက်က မအူပင်ခရိုင် အမျိုးသမီး အားကစားမြှင့်တင်ရေး အဖွဲ့ဥက္ကဋ္ဌ ဖလား အမျိုးသမီး ဘောလုံးပြိုင်ပွဲ နောက်ဆုံး ဗိုလ်လုပွဲတွင် ဗိုလ်စွဲသွားသော ညောင်တုန်း(က)အသင်းအား ခရိုင်အမျိုးသမီး အားကစားမြှင့်တင်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး သိန်းလှိုင်က တံခွန်စိုက် ဖလားနှင့် ဆုငွေ ချီးမြှင့်စဉ်။

(ဝ၉၈)

နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲ

မန္တလေး အောက်တိုဘာ ၂၅

မန္တလေးတိုင်း ချမ်းအေးသာစံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သော နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်နှင့် မှတ်တမ်းဓာတ်ပုံပြပွဲ ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၆ ရက် နံနက်က ချမ်းအေးသာစံမြို့နယ် ပြည်ကြီးပျော်ဘွယ်(အရှေ့)ရပ်ကွက် သာသနာ့ဟိတမွေရုံတွင် ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးသက်နိုင်ဦးက ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

အခမ်းအနားတွင် ပြပွဲအတွင်း ခင်းကျင်းပြသထားသော နံရံကပ်စာစောင်များ၊ မှတ်တမ်းဓာတ်ပုံများနှင့် စာအုပ်စာတမ်းများကို အခမ်းအနား တက်ရောက်လာသူများက စိတ်ဝင်စားစွာ လေ့လာကြည့်ရှုကြရာပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဝန်ထမ်းများကရှင်းလင်းပြသကြသည်။

(မြို့နယ် ပြန်/ဆက်)

အလှကုန်၊လူသုံးကုန်ပစ္စည်း(ကုန်စည်)ပြပွဲ ဧရာဝတီတိုင်း၌စည်ကားစွာကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂၇

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ခွင့်ပြုချက်ဖြင့် ရန်ကုန်တိုင်း ရွှေခြင်္သေ့ သမဝါယမအသင်း လီမိတက်က ကုန်စည်ပြပွဲနှင့် ဈေးရောင်းပွဲတော်ကို မြောင်းမြမြို့ မြို့မအားကစားကွင်း၌ နိုဝင်ဘာ ၁၉ ရက်မှ ၂၃ ရက် အထိလည်းကောင်း၊ ပုသိမ်မြို့ ကန်သာယာ ကွင်း၌ နိုဝင်ဘာ ၂၇ ရက်မှ ဒီဇင်ဘာ ၁ ရက်အထိ လည်းကောင်း၊ ဟင်္သာတမြို့ မြို့တော်ခန်းမ၌ ဒီဇင်ဘာ ၅ ရက်မှ ၉ ရက်အထိလည်းကောင်း စနစ်တကျ ကျင်းပရန် စီစဉ်ဆောင်ရွက်နေပြီဖြစ်သည်။

အဆိုပါ ဈေးရောင်းပွဲတော်၌ ဖိုးလပြည့်ကုမ္ပဏီလီမိတက်က အဓိက ပံ့ပိုးကူညီပြီး Scorpion C' Plus, Lemon Tea Plus နှင့် 2 in 1 အားဖြည့်အချိုရည်များကို အထူးဈေးနှုန်းဖြင့်ရောင်းချပေးသွားမည်ဖြစ်ပြီး ကျော်တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေး လုပ်ငန်းမှ တွဲဖက်ပံ့ပိုးကူညီသည့်အပြင် စားသောက်ကုန်များ၊ အလှကုန်နှင့် လူသုံးကုန်ပစ္စည်းအမျိုးမျိုး၊ စိုက်ပျိုးရေးလုပ်ငန်းသုံးပစ္စည်းများ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းသုံးပစ္စည်းများ၊ လျှပ်စစ်နှင့် အီလက်ထရွန်နစ်ပစ္စည်းအမျိုးမျိုး၊ ပလတ်စတစ်နှင့် ဖိုင်ဘာပစ္စည်းများ၊ ရုံးသုံး၊ ကျောင်းသုံးစာရေးကိရိယာများ၊ စက်မှုလက်မှု နည်းပညာဆိုင်ရာ ပြခန်းများ၊ ပြည်တွင်းဖြစ်တိုင်းရင်းဆေးဝါးနှင့် နိုင်ငံခြားဆေး အမျိုးမျိုး၊ အိမ်အလှဆင်ပစ္စည်းအမျိုးမျိုး၊ အဝတ် အထည်နှင့် ဖက်ရှင်အသုံးအဆောင် ပစ္စည်းအမျိုးမျိုးနှင့် အခြားလူသုံးကုန်ပစ္စည်းများကို အထူးဈေးနှုန်းများဖြင့် ရောင်းချပေးသွားမည်ဖြစ်သည်။

ပါဝင်ရောင်းချလိုသော ကုမ္ပဏီများ၊ လုပ်ငန်းရှင်များ၊ သမဝါယမ အသင်းများနှင့် စက်မှုအသင်းများသည် ရန်ကုန်တိုင်း ရွှေခြင်္သေ့ သမဝါယမအသင်းလီမိတက် အဆောင်(၂)၊ ပထမထပ်၊မဟာကျော်ကုန်တိုက်၊ သိမ်ကြီးဈေး(စီ)ရုံ၊ ရွှေတိဂုံဘုရားလမ်း၊ ရန်ကုန်မြို့၊ ဖုန်း–၃၇၁၈၀၀၊ (လိုင်းခွဲ)–၃၉၄၊ ၄၀၈၊ ၂၄၀၆၀၀ (လိုင်းခွဲ)–၄၃၂၊ ရုံးချိန်ပြင်ပ ဖုန်း–၆၃၅၂၆၄ သို့ ဆက်သွယ် ဆောင်ရွက်နိုင်ကြောင်း သိရသည်။

(က–ပ)

ဟင်္သာတအသင်း(ရန်ကုန်) ကထိန်သင်္ကန်းလှူဒါန်းမည်

ရန်ကုန် အောက်တိုဘာ ၂၇

ဟင်္သာတအသင်းက ကြီးမှူး၍ နာယက ဦးစိုးမောင်–ဒေါ်ခလေးမ သားသမီးမြေးများနှင့်ပစ္စည်း လေးပါးဒါယကာ၊ ဒါယိကာမများ၏ စတုတ္ထအကြိမ်စုပေါင်းမဟာဘုံကထိန်သင်္ကန်းကပ်လှူပွဲကို ဟင်္သာတမြို့ မဟာဓမ္မိကာရုံကျောင်းတိုက်တွင် နိုဝင်ဘာ ၈ရက်(တန်ဆောင်မုန်းလပြည့်)၌ ကျင်းပမည်ဖြစ်သည်။

တစ်ဦးချင်း အလှူရှင်များကလည်း အသင်းကြီး၏ကြီးကြပ်မှုဖြင့်ဟင်္သာတမြို့ စစ်ပင်ကျောင်းတိုက်၊ သပြေပင်ကျောင်းတိုက်နှင့်ရှားခဲကျေးရွာ ဇီးကုန်းကျောင်းတိုက်တို့၌ ကထိန်သင်္ကန်းများ ဆက်ကပ် လှူဒါန်းကြမည်ဖြစ်၍ ရန်ကုန်မြို့ ဟင်္သာတ အသင်းတိုက်မှ မော်တော်ယာဉ်များဖြင့် နိုဝင်ဘာ ၅ရက် နံနက် ၆ နာရီတွင် ထွက်ခွာကြမည်ဖြစ်ရာ လိုက်ပါလှူဒါန်းကြရန်နှင့် ကြိုတင်လှူဒါန်းလိုသူများသည် ဦးမျိုးဆွေ ဖုန်း–၅၈၄၇၃၄၊ ဦးလှကြည် ဖုန်း–၅၃၄၅၄၈၊ ဦးတင်အေး ဖုန်း–၆၅၀၇၂၈၊ ဦးသန်းဦး ဖုန်း–၂၉၄၄၉၈၊ ၂၅၃၁၁၀၊ ဒေါက်တာအောင်ဝင်းမောင် ဖုန်း–၂၉၆၄၁၄၊ ၂၀၂၅၃၉၊ ဒေါ်ညွန့်ညွန့် ဖုန်း–၂၄၅၃၉၅သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။

(က–ပ)

ခြောက်မြို့နယ်အမျိုးသမီးကြံ့ခိုင်မှုပြိုင်ပွဲဆုချီးမြှင့်

ဟင်္သာတ အောက်တိုဘာ ၂၀

၂၀၀၃ ခုနှစ် ဟင်္သာတခရိုင် အမျိုးသမီးရေးရာလုပ်ငန်း ကော်မတီနှင့် အမျိုးသမီးအားကစားမြှင့်တင်ရေးအဖွဲ့တို့ ကြီးမှူးကျင်းပသည့် ဟင်္သာတခရိုင် ခြောက်မြို့နယ် အမျိုးသမီးကိုယ်ကာယကြံ့ခိုင်မှု လေ့ကျင့်ခန်းများပြိုင်ပွဲကို အောက်တိုဘာ ၁၈ ရက်က ဟင်္သာတမြို့ မိုးလုံလေလုံ အားကစားရုံ၌ ကျင်းပကြပြီး ခရိုင်အမျိုးသမီး အားကစားမြှင့်တင်ရေး အဖွဲ့ဥက္ကဋ္ဌ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း နာယက ဒေါ်ရီရီမြင့်က အမှာစကားပြောကြားသည်။

ဆက်လက်၍ ပထမတံခွန်စိုက်ဆုရ ဟင်္သာတမြို့နယ်အသင်းနှင့် ပြိုင်ပွဲဝင်အသင်းများအား ခရိုင်အမျိုးသမီးအားကစား မြှင့်တင်ရေး အဖွဲ့ဥက္ကဋ္ဌ ဒေါ်ရီရီမြင့်နှင့် တာဝန်ရှိသူများကဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်ကြသည်။ **(အောက်ပုံ)**

(ခရိုင် ပြန်/ဆက်)

မန္တလေးအသင်း(ရန်ကုန်) ဘုံကထိန်ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂၇

မန္တလေးအသင်း (ရန်ကုန်) ၏ (၂၄)ကြိမ်မြောက် မဟာဘုံကထိန်ကို နိုဝင်ဘာ ၁ ရက်(စနေနေ့) ညနေပိုင်းတွင် ပန်းဘဲတန်းမြို့နယ် ကုန်သည်လမ်းအသင်းတိုက် ရတနာပုံခန်းမ ဆောင်၌ လှူဖွယ်ပစ္စည်းများ ခင်းကျင်း၍ ကြွရောက်လာသူများအား မန္တလေး၏ ဓလေ့ထုံးစံနှင့်အညီ မန္တလေးကြာဇံဟင်း၊ တာဝတိံသာ သီးသီးသုတ်၊ ပြင်ဦးလွင် မက်မန်းပေါင်း၊ ဆီးဖြူသီးဆားရေစိမ်၊ ငါးပိကြော်တို့ဖြင့် ဧည့်ခံကျွေးမွေးမည် ဖြစ်သည်။

နိုဝင်ဘာ ၂ ရက် နံနက်ပိုင်းတွင် မြေနီကုန်း မစိုးရိမ်ပရိယတ္တိစာသင်တိုက်မှ ဆရာတော် အမှူးပြုသော ရဟန်း သံဃာတော်အပါး ၅၀ တို့အား အသင်းတိုက်ခန်းမဆောင်ကြီးသို့ ပင့်ဖိတ်၍ ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်မည်ဖြစ်သည်။

စေတနာရှင်များ၊ အသင်းဝင်များ ဘုံကထိန်လျာပွဲသို့လာရောက်ကြည်ညိုကြပါရန်နှင့် လှူဖွယ်ပစ္စည်းများကို အသင်းတိုက် ဖုန်း–၂၈၆၀၉၉ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း နှိုးဆော် ထားသည်။

(က–ပ)

အောက်တိုဘာ ၁၄ ရက်က ရေကြည်မြို့ ကျောင်းလမ်း လမ်းပေါက်ဖာခြင်းလုပ်ငန်း ဝန်ထမ်းများ ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးစိန်မှန်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသက်နိုင်သိန်းတို့က ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ် ပြန်/ဆက်)

ကောင်းသန့် စာပေ၊ အမှတ် ၂၀၉၊ ပထမထပ် (ယာ)၊ ၃၈လမ်း (အထက်)၊ ရန်ကုန်မြို့၊ ဖုန်း –၇၂၂၀၅၃ က ဖြန့်ချိသည့် သဲအောင်၏ ချစ်သော ဖေဖေ စာအုပ်မျက်နှာဖုံး။

(က–ပ)

အမှတ် ၈၂ (မြေညီ)၊ ၅၁ လမ်း (လယ်)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန် မြို့၊ ဖုန်း–၂၉၃၆၆၇က ဖြန့်ချိသည့် အောင်လင်း (ဘီအီး အီလက်ထရွန်နစ်)၏ ကွန်ပျူတာ ဖြင့်ရုပ်သံ တည်းဖြတ် နည်းလက်စွဲ စာအုပ် မျက်နှာဖုံး။ (က–ပ)



မြန်မာ့အသံ

၂၉–၁၀–၂၀၀၃
(ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၀၇:၀၀ မင်းကွန်းဆရာတော်ကြီး၏ မေတ္တာသုတ်နှင့် ခန္ဓသုတ်

နေ့လယ်ပိုင်း

၁၁:၁၅ စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား (စိုက်ပျိုးရေးရာပြန်ကြားလွှာ)
၁၁:၃၀ သောတရှင်အတွက်ပြန်ကြားချက်
၁၂:၀၀ မြန်မာမှုအထွေထွေ(ကနီဦးလူညွှန့်) (ဟေမာဉတုလူထုသိဖွယ်)
၁၂:၂၅ သူ့အတွေးနဲ့သူ့အရေး (အပြုအမူကောင်းတို့အတွက် ရည်မှန်းချက်–နန္ဒာသိန်းဇံ)
၁၂:၃၅ ခရီးသွားစကားဝိုင်း (မြန်မာနိုင်ငံ ဟိုတယ်လုပ်ငန်း)
၁၃:၁၀ ယဉ်ကျေးမှုအနုပညာ (ရာမသို့ချဉ်းကပ်ခြင်း– ရွှေကူနန်းနွဲ့နွဲ့)

ညနေပိုင်း

၁၇:၀၀ လားရှိုးခရိုင်မှ သောတရှင်များနှင့် တွေ့ဆုံဆွေးနွေးခန်း
၁၇:၃၀ ခံတွင်းမြိန်စရာ သူ့လက်ရာ (ငါးတန်ဆီပြန်ဟင်းနှင့် ချဉ်ပေါင်ဟင်းရည်)
၁၇:၄၅ သူ့လက်သံလက်စွမ်းပြ (မကွေးတိုင်း စလင်းမြို့ စိန်တင်းရွှေရဲ့ပတ္တလားလက်သံ)
၁၈:၁၅ မျက်မှောက်ရေးရာဆွေးနွေးစရာ (ပြည်သူတို့ တစ်ခဲနက်ထောက်ခံသောရေ့လုပ်ငန်းစဉ်ခုနစ်ရပ်)
၁၈:၄၀ စာအုပ်စာပေလူ့မိတ်ဆွေ (၁)ကူနီနန်းနှင့် ပခန်းမြေ (ဒေါက်တာသက်လွင်) (၂)မြို့တော်နှစ်မြို့အကြောင်း (မောင်သိန်းလွင်ပြန်ဆိုသည်)
၁၉:၁၅ မန်းသီရိတေးသံသွင်းမှ မေတ္တာလက်ဆောင်ပေးပို့တဲ့ မြတ်နိုးသူတေးစီးရီး

Account Care Group
Training & Service Centre
Investment Decision, Financial Management and International Business Finance Course
No.(125), 1st Floor, Corner of 38th Street & Mahabandoola Road, Kyauktada Township, Yangon, Myanmar.Tel: 95-1-280850, 09500 2812

သမဝါယမဝန်ကြီးဌာန
အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန
ယွန်းပညာကောလိပ်ဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း

၁။ မြန်မာ့ယဉ်ကျေးမှု လက်မှုအနုပညာ အတတ်ပညာတစ်ရပ်ဖြစ်သည့် ယွန်းထည်လုပ်ငန်းများ မတိမ်ကောမပပျောက်စေရေးနှင့် ယွန်း ထည်လုပ်ငန်း အတတ်ပညာများဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်၍ လူ့စွမ်းအား အရင်းအမြစ်များဖွံ့ဖြိုးတိုးတက်ရေးနှင့်အလုပ်အကိုင်ရရှိမှု အခွင့်အလမ်းများဖန်တီးပေးနိုင်ရေးအတွက် ပုဂံမြို့ယွန်းပညာကောလိပ် သင်တန်းများကို ၂၀၀၃ ခုနှစ် ဒီဇင်ဘာလတွင်ဖွင့်လှစ်သင်ကြားမည်ဖြစ်ပါ၍ တက်ရောက်လိုသူများလျှောက်ထားနိုင်ပါသည်။

၂။ **သင်တန်းများ–**
(က) ယွန်းအတတ်ပညာဒီပလိုမာ (၂)နှစ်သင်တန်း
Dip.L.I (Diploma in Lacquerware Technology) 2 years course.
(ခ) ယွန်းအတတ်ပညာဒီပလိုမာ (၁)နှစ်သင်တန်း
Dip.L.T (Diploma in Lacquerware Technology) 1 years course.

၃။ **သင်တန်းဝင်ခွင့်အရည်အချင်းသတ်မှတ်ချက်များ–**
(က) (၂)နှစ်သင်တန်းအတွက် ၂၀၀၃ ခုနှစ်နှင့်၎င်းနှစ်မတိုင်မီ တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူဖြစ်ရမည်။
(ခ) (၁)နှစ်သင်တန်း အတွက်အစိုးရအသိအမှတ်ပြုတက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်။
(ဂ) (၂)နှစ်သင်တန်းအတွက် ၂၀၀၃ ခုနှစ် ဒီဇင်ဘာလ ၁ ရက်တွင် အသက် ၂၅နှစ်ထက်မကျော်သူဖြစ်ရမည်။
(ဃ) (၁)နှစ်သင်တန်းအတွက် ၂၀၀၃ ခုနှစ် ဒီဇင်ဘာလ ၁ ရက်တွင်အသက် ၃၅နှစ်ထက်မကျော်သူဖြစ်ရမည်။
(င) ကိုယ်လက်အင်္ဂါကျန်းမာသန်စွမ်းပြီး ကိုယ်ရောစိတ်ပါ ကျန်းမာသူဖြစ်ရမည်။

၄။ ပေးအပ်မည့်ဘွဲ့/ဒီပလိုမာ–
(က) ယွန်းအတတ်ပညာဒီပလိုမာ
Dip.L.T (Diploma in Lacquerware Technology)
(ခ) ယွန်းအတတ်ပညာ ဒီပလိုမာ (၂)နှစ်သင်တန်းအောင်မြင်ပြီးသူများသည် မိတ္ထီလာ စီးပွားရေးတက္ကသိုလ် သို့မဟုတ် အလားတူစီးပွားရေးတက္ကသိုလ်တစ်ခုခု၏ ဒုတိယနှစ်သို့လည်းကောင်း၊ အဝေးသင် တက္ကသိုလ် (မန္တလေး)၏ဒုတိယနှစ်ဝိဇ္ဇာ(စီးပွားရေး)သို့လည်းကောင်း တက်ရောက်ခွင့်ရရှိမည်ဖြစ်ပါသည်။

၅။ **လျှောက်လွှာနှင့်အတူပူးတွဲတင်ပြရမည့်စာရွက်စာတမ်းများ–**
(က) (၂)နှစ်သင်တန်းအတွက် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ် (မိတ္တူ)နှင့် အမှတ်စာရင်း (မိတ္တူ) (ရွေးချယ်ခြင်းခံရပါကမူရင်းတင်ပြရမည်)
(ခ) (၁)နှစ်သင်တန်းအတွက်ဘွဲ့လက်မှတ် (မိတ္တူ) (ရွေးချယ်ခြင်းခံရပါက မူရင်းတင်ပြရမည်)
(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရဲစခန်း ထောက်ခံချက်မူရင်း၊
(ဃ) ကျန်းမာကြောင်းမြို့နယ်ဒေသန္တရကျန်းမာရေးဌာန၏ ထောက်ခံချက်မူရင်း၊

၆။ လျှောက်လွှာများကို ဝင်ခွင့်စိစစ်ရွေးချယ်ရေးအဖွဲ့ဖြင့် စိစစ်ရွေးချယ်မည်ဖြစ်ပါသည်။

၇။ လျှောက်လွှာနှင့်ဝင်ခွင့်လမ်းညွှန်များကို အောက်ဖော်ပြပါဌာနများတွင် ဝယ်ယူနိုင်ပါသည်–
(က) အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန(ရုံးချုပ်) မြောက်ဥက္ကလာပ၊ ရန်ကုန်မြို့
ဖုန်း–၀၁–၆၆၁၃၅၃၊ ၀၁–၆၆၁၀၄၆၊ ၀၁–၆၆၂၉၅၆
(ခ) အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ အထက်မြန်မာပြည်ရုံးခွဲ (မန္တလေး)၊ ၂၅ လမ်းနှင့် ၈၂ လမ်းထောင့်၊ မန္တလေးမြို့ ဖုန်း–၀၂–၃၉၆၀၃
(ဂ) အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ အောက်မြန်မာပြည်ရုံးခွဲ (ရန်ကုန်) အမှတ် ၇၉၇၊ တတိယထပ်၊ မဟာဗန္ဓုလလမ်း၊ ရန်ကုန်မြို့ ဖုန်း–၀၁–၂၂၂၂၃၅
(ဃ) ယွန်းပညာကောလိပ်၊ ပုဂံမြို့
ဖုန်း–၀၂–၆၇၂၀၈၊ ၀၂–၆၇၂၃၁

၈။ ကျောင်းဝင်ခွင့်လျှောက်လွှာများကိုယွန်းပညာကောလိပ်၊ ပုဂံမြို့သို့လည်းကောင်း၊ မိမိတို့လျှောက်လွှာဝယ်ယူရာအထက်ပါဌာနများတွင်လည်းကောင်းတင်သွင်းရမည်ဖြစ်ပြီး လျှောက်လွှာပိတ်ရက်မှာ ၂၀၀၃ ခုနှစ်၊ နိုဝင်ဘာ ၂၁ရက်ဖြစ်ပါသည်။

၉။ အသေးစိတ် သိလိုသည့်အချက်များကို အထက်အပိုဒ်၇–ပါ ဌာနများတွင်စုံစမ်းနိုင်ပါသည်။

RUBY Car Rental
725317, 650823

TOP 243363 705877

ဝန်ထမ်းအလိုရှိသည်
(ပြည်တွင်း၌သာမြန်မာကျပ်ငွေဖြင့်ခန့်ထားရန်)

Sakura Trade Centre Co., Ltd. လက်အောက်ရှိ (1) Sakura Medical Centre., (2) Sakura Construction Group တို့တွင် တာဝန်ထမ်းဆောင်ရန် အောက်ဖော်ပြပါ ဝန်ထမ်းများ အလိုရှိပါသည်။

(၁) အင်ဂျင်နီယာ AGTI, B. E(Civil), B.Arch (Auto CAD) မ(၂)ဦး
(၂) သူနာပြု BNSC/Dip Nursing ကျား/မ (၅၀)ဦး

ကြော်ငြာပါသည့်နေ့မှနှစ်ပတ်အတွင်းဓာတ်ပုံတစ်ပုံ၊အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ အမျိုးသားမှတ်ပုံတင်၊ အကျင့်စာရိတ္တ ကောင်းမွန်ကြောင်းထောက်ခံစာ၊ ပညာအရည်အချင်း အထောက်အထား မူရင်း/မိတ္တူများနှင့် အတူ လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။

ဆက်သွယ်ရန်– Sakura Medical Centre (ဆာကူရာအထူးကုဆေးရုံ) ဗဟိုလမ်းနှင့် ရှင်စောပုလမ်းထောင့်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး
အမှတ် ၃၀၂၊ ၃၀၄၊ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့
ကော့စတစ်ဆိုဒါဖော့စဖရစ်အက်စစ်နှင့်အရောင်ချွတ်မှုန့်ဝယ်ယူလိုကြောင်း
ချိပ်ပိတ်တင်ဒါ ကြေညာခြင်း

၁။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးလက်အောက်ရှိ ဖွဲ့နှဆီစက်များတွင်ဆီသန့်စင်အသုံးပြုရန် ကော့စတစ်ဆိုဒါ တန် ၁၂၀၊ အရောင်ချွတ်မှုန့် တန် ၉၀၊ ဖော့စဖရစ်အက်စစ် လေးတန်ကို နိုင်ငံသားပိုင်ကုမ္ပဏီများ၊ နိုင်ငံခြားသားနှင့် ဖက်စပ်လုပ်ကိုင်လျက်ရှိသော ကုမ္ပဏီများ၊ ရောင်းဝယ်ရေးလုပ်ငန်းများမှ မြန်မာကျပ်ငွေဖြင့်ဝယ်ယူ လိုပါသည်။

၂။ ကော့စတစ်ဆိုဒါနှင့် အရောင်ချွတ်မှုန့်ချိပ်ပိတ်တင်ဒါ တင်သွင်းလိုပါက မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး ရုံးချုပ် တတိယ ထပ်ရှိဖွဲ့နှဆီစက်ဌာနတွင် သတ်မှတ်ထားသော တင်ဒါစည်းကမ်းပါပုံစံများ ဝယ်ယူ၍ တင်သွင်းယှဉ်ပြိုင်နိုင်ပါသည်။

၃။ အသေးစိတ်အချက်အလက်များသိလိုပါက ဖွဲ့နှဆီစက်ဌာနတွင် စုံစမ်းမေးမြန်းနိုင်ပြီး တင်ဒါပိတ်ရက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။
(က) **တင်ဒါပိတ်ရက်–** ၇–၁၁–၂၀၀၃ရက်(သောကြာနေ့) ၁၆:၀၀ နာရီ

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး(ရုံးချုပ်)

Resort Group

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထား
ချိပ်ပိတ်တင်ဒါ(Saled Tender)များ ခေါ်ယူခြင်း

၁။ မြန်မာ့မီးရထားမှ အောက်ပါပစ္စည်းများကို အမေရိကန်ဒေါ်လာ၊ ယူရို၊ မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ ချိပ်ပိတ်တင်ဒါ(**Saled Tender**)များကို ပေးသွင်းရန် ဖိတ်ခေါ်ပါသည်–

စဉ်	ချိပ်ပိတ်တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
1.	12(T)12/MR(ML) 2003-2004	Spare Parts for 1200 HP India Locomotives (YDM-4/DLW)	(49-Items)
2.	12(T)13/MR(ML) 2003-2004	Spare Parts for Diesel Electric Locomotives	(9-Items)

ချိပ်ပိတ်တင်ဒါပိတ်ရက်နှင့်အချိန်– ၂–၁၂–၂၀၀၃ (အင်္ဂါနေ့) ၁၂:၀၀ နာရီ
ချိပ်ပိတ်တင်ဒါဖွင့်ဖောက်မည့်ရက်နှင့်အချိန်– ၂–၁၂–၂၀၀၃ (အင်္ဂါနေ့) ၁၄:၀၀ နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါ ဌာနတွင် ၂၉–၁၀–၂၀၀၃ ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ၎င်းဌာနသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

ဒုတိယအထွေထွေမန်နေဂျာ၊ ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား
ကုန်သည်လမ်းနှင့် ၅၁၊ လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း–၂၉၁၉၈၂၊ ၂၀၁၅၅၅–လိုင်းခွဲ–၆၀၂၊ ၆၀၅၊ ၆၁၂

ကြေညာချက်

Myanmar Tractors & Trading Co., Ltd. (MTTCO) ... Myanmar Tractors Ltd. (MTL) ...

Myanmar Tractors Ltd.
Tel : 547310–313, 547140–142
Fax : 547307
E-mail : mtlygn@mptmail.net.mm

SAYA-TONY
IELTS/TOEFL
Spoken English Course
Grammar & Writing Course
All Round Development (4Skills)
Foreign Going English Course

ကျေးဇူးဆပ်ပါမည်

ကျွန်တော်၏ နိုင်ငံသားစိစစ်ရေးကတ်အမှတ် ၁၂/ဒဂတ(နိုင်) ၀၄၆၀၇၀ ကတ်နှင့်အရေးကြီးစာရွက်စာတမ်းများ ထည့်ထားသော ပိုက်ဆံအိတ် ပျောက်သွားပါသဖြင့် တွေ့ရှိပါက ထိုက်ထိုက်တန်တန် ကျေးဇူးဆပ်ပါမည်။ **ဦးရဲနိုင်ထွန်း**
ဖုန်း–၅၈၀၄၈၇၊၅၈၀၅၂၃

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်ခင်သင်းနွဲ့ (၈၈)နှစ်

ဒေါ်မင်းသက်မွန် (ဌာနမှူး–ငြိမ်း)၊ ဗိသုကာဌာန (YTU)၏ မိခင် ဒေါ်ခင်သင်းနွဲ့သည် ၂၁–၁၀–၂၀၀၃ ရက်တွင် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲမိပါကြောင်း။
ပါမောက္ခချုပ်
ဒေါက်တာလှသန်း
ရန်ကုန်နည်းပညာတက္ကသိုလ်

အမည်ပြောင်း

ဦးမြင့်စိုး၏သား မောင်ထိန်လင်းစိုး ၁/မကန(နိုင်) ၁၀၀၄၇၃ အားယနေ့မှစ၍ မောင်ထိန်လင်းစိုး(ခ) မောင်ထိန်လင်းဦးဟု ပြောင်းလဲခေါ်ပါရန်။
မောင်ထိန်လင်းစိုး(ခ)မောင်ထိန်လင်းဦး

Master Ace Surf
2C, Diesel
09-500-4680

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်မင်းသက်မွန် (ဌာနမှူး–ငြိမ်း)၊ ဗိသုကာဌာန (YTU)၏ မိခင် ဒေါ်ခင်သင်းနွဲ့သည် ၂၁–၁၀–၂၀၀၃ရက် တွင်ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူဝမ်းနည်းကြေကွဲမိပါကြောင်း။
ဌာနမှူးဆရာ၊ ဆရာမ၊ ဝန်ထမ်းများနှင့်
မဟာဗိသုကာသင်တန်းသား၊သင်တန်းသူများ၊ ဗိသုကာဌာန၊ YTU

(၁၂)နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း
(ဗိုလ်မှူးကြီးသူရဖေအောင်)

အနန္တကျေးဇူးရှင် ချစ်ဖေဖေ မိသားစုနှင့် ခွဲခွာသွားသည်မှာ ၂၉–၁၀–၂၀၀၃ရက်တွင် (၁၂)နှစ် ပြည့်ပြီဖြစ်သော်လည်း နေ့စဉ်နှင့်အမျှမေ့မရပါ။ နေ့စဉ်၊ နှစ်စဉ်နှင့် ယနေ့ သံဃာတော်အရှင်မြတ်တို့အား ဆွမ်း၊ သင်္ကန်း၊ ဝတ္ထု အစုစု တို့အား လှူဒါန်းရသော ကုသိုလ်ဒါနများကို အမျှပေးဝေပါသည်။ ချစ်ဖေဖေ မြင့်မြတ်ရာဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ။ **သူရဖေအောင်မိသားစု၊ သုဝဏ္ဏ**

(၂)နှစ်ပြည့်အလွမ်း
ဒေါ်စောမြင့် (ခ)
ဒေါ်ဟာဘီဘာ
(မြိတ်)

မယ်မယ် အလ္လာရှင်မြတ်အမိန့် ခံသွားသည်မှာ ၂၁–၁၀–၂၀၀၃ ရက်တွင် (၂)နှစ်ပြည့်သွားပြီ ဖြစ်သော်လည်း သားသမီးမြေးများအားလုံးရဲ့ ရင်ထဲမှာ တစ်နေ့မှမေ့မရပါ။
ချစ်ခင်ပွန်း –
ဦးအီဗရာဟင်နှင့်
ချစ်သားသမီး မြေးတစ်စု။

နိုင်ငံတကာ အဆင့်မီ

ရွှေနန်းတော်

အာမခံ စိန်ရွှေရတနာဆိုင်

ဆိုင်ဖွင့်လှစ်ခြင်း (၁၀)နှစ်ပြည့်အထိမ်းအမှတ်အထူးအစီအစဉ်

နိုဝင်ဘာ(၈)ရက်နေ့အထိ

အဖိုးတန်ဆုမဲများစွာ ဆက်လက်ဖွင့်လှစ်ပေးပါမည်။

ကံထူးရှင်များစာရင်း

[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	-	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	-	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	-	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]

[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	-	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	-	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	KTV - [illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	CA - [illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	HBU - [illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	-	[illegible]	[illegible]	[illegible]
[illegible]	[illegible]	-	[illegible]	[illegible]	[illegible]
[illegible]	[illegible]	SPO - [illegible]	[illegible]	[illegible]	[illegible]

Golden Palace Diamond Card

နိုဝင်ဘာ(၈)ရက်နေ့အထိ

ဆက်လက်မဲနှိုက်ရမည့် ကျန်ရှိနေသေးသည့်ဆုမဲကြီးများ

VCD Player

E-mail : ant@myanmar.com.mm Website : www.goldenpalacejewellery.com

အထက ကျုံပျော် အာစရိယပူဇော်ပွဲ ဖိတ်ကြားလွှာ

အထက ကျုံပျော်တွင် တာဝန်ထမ်းဆောင်ခဲ့ကြသော အသက်(၆၀)ပြည့် အငြိမ်းစား ဆရာ ဆရာမကြီးများအား ပထမအကြိမ်ဂုဏ်ပြုပူဇော်ပွဲကို ၂၀၀၄ခု ဖေဖော်ဝါရီလတွင် ကျင်းပရန်စီစဉ်ထားပါ၍ အဝေးရောက် ဂုဏ်ပြုခံ ဆရာ ဆရာမကြီးများက ဆက်သွယ်ကြပါရန်နှင့် တပည့်ဟောင်းကြီးများကလည်း အလှူငွေထည့်ဝင်ကြပါရန် လေးစားစွာ ဖိတ်ကြား နှိုးဆော်အပ်ပါသည်။

ဆက်သွယ်ရန်(ရန်ကုန်)
ဦးမြင့်သောင်း ၀၁–၅၈၄၅၇၇
ဗိုလ်ကြီးစိန်သန်း(ငြိမ်း)၀၉–၅၀–၁၇၈၃၉
ဦးဇော်အောင် ၀၉–၅၀–၁၉၉၆၉
Dr.ဝင်းအောင် ၀၉–၅၀–၁၅၃၈၈
ဦးသန်းစိုး ၀၉–၉၉–၂၅၇၁၂

ဆက်သွယ်ရန်(ကျုံပျော်) Ex-044-21970
ဦးသောင်း(ပညာရေးမှူး–ငြိမ်း)
ဦးအင်းဟော်(စတိုးဆိုင်)ဖုန်း–၁၀၃၊
ဦးကျော်လှိုင်(ရာပြည့်ကဖီး) ဖုန်း–၈၂၊
ဦးသန်း(အထက–ကျုံပျော်) ဖုန်း–၂၆၇၊
ဦးသန်းစိုး(ရွှေဆိုင်)ဖုန်း–၀၄၄–၇၀၀၈၅၊

ရွှေထူးလွှင် ဘုရားဖူးပို့ဆောင်ရေး

TV, Air con Express

Ph : 254608, 250006,

Ph : 254530, 254529,

PANDA Engineering group
TV/VCD, DVD, MONITOR, WASHING MACHINE
AIR CON, REFRIGENATOR

ဒေါ်အိအိငြိမ်းနှင့်အများသိစေရန်

အမှတ်၁၂၅၊ Looking good ဗီဒီယိုအခွေဆိုင် ဦးချစ်မောင်လမ်း၊ ဗဟန်းမြို့နယ်နေ ဒေါ်အိအိငြိမ်း မှတ်ပုံတင်အမှတ် TMEO - 21434ကိုင်ဆောင်သူသိစေရန်မှာ ဗဟန်းမြို့နယ်၊ ဦးချစ်မောင်လမ်း၊ အမှတ် ၁၃၃(ဒုတိယထပ်)နေ ဒေါ်ခင်ဖုန်းကြွယ်နှင့် ချုပ်ဆိုထားသော ငွေကြေးစာချုပ်စာတမ်းများကိစ္စကို ယနေ့ကြေညာသည့်နေ့မှ ခုနစ်ရက်အတွင်း လာရောက်ဖြေရှင်းရန်နှင့် ပျက်ကွက်ပါက ကတိစာချုပ်အရ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

ဒေါ်ခင်ဖုန်းကြွယ်
S/OKA 087732

သားအဖြစ်မှစွန့်လွှတ်ခြင်း

မကွေးမြို့နယ် ဒဟတ်ကန်ကျေးရွာနေ ဦးဉာဏ်ထွဏ်း–ဒေါ်အေးမြင့်တို့၏ သားဖြစ်သူ မောင်တင်အောင်ထွန်း ၈/မကန(နိုင်) ၀၀၂၄၈၃ ကိုင်ဆောင်သူသည် မိဘတို့၏ဆိုဆုံးမမှုကို မခံယူပါ၍ ၁၈–၁၀–၂၀၀၃ ရက်နေ့မှစပြီး သားအဖြစ်မှ စွန့်လွှတ်လိုက်ပါသဖြင့် ကျန်အိမ်ထောင်စုဝင်အားလုံးနှင့်ပါ လုံးဝ မသက်ဆိုင်ပါကြောင်းနှင့် ၎င်းနှင့် ပတ်သက်သည့် ကိစ္စအဝဝကို လုံးဝ တာဝန်မယူပါကြောင်း ကြေညာပါသည်။

မိဘများ–
ဦးဉာဏ်ထွဏ်း
MGE 039988
ဒေါ်အေးမြင့်
MGE 004156

အမြန်ရောင်းမည်

Laptop Computer, IBM P-II(U.S.A Original) Model:300SL,HD:4GB,Memory:96MB,CD:16x Internal, Floppy Drive, Fax Modem Internal with carry case, UPS 600, Windows' 98
Contact Ph: 292941

အမြန်ရောင်းမည်

DATSUN (1500)
၁/––––––––(နက်)
ညှိနှိုင်းဈေး (ပွဲစားမလို)
ဖုန်း–၆၄၃၆၈၆
(မနက် ၉:၀၀ နာရီမှ ညနေ ၃:၀၀ နာရီအတွင်း)

မွေးသက္ကရာဇ်အမှန်

တာချီလိတ်မြို့ အခြေခံပညာ အထက်တန်းကျောင်း ဆဋ္ဌမတန်းမှ မောင်ရဲခိုင်စိုး၏ မွေးသက္ကရာဇ် အမှန်မှာ ၂၀–၈–၉၀ပြည့်နှစ် ဖြစ်ပါသည်။

ကလေးမြို့ အထက(၁)၏ ရွှေရတုအထိမ်းအမှတ်(၁၉၅၃-၂၀၀၃)

စစ်ကိုင်းတိုင်း ကလေးမြို့ အထက(၁)၏ နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ် အခမ်းအနားကို ဒီဇင်ဘာလ (၂၇/၂၈)ရက်များတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပါသည်။ ကျောင်းသားကျောင်းသူဟောင်းများအနေဖြင့် အောက်ပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်နိုင်ကြပါသည်။

- ဦးစန်းလှိုင်(ကျောင်းအုပ်ကြီး) (ငြိမ်း)	၀၇၃-၂၁၀၁၀
- ဒေါက်တာမြင့်အောင်	၀၇၃-၂၁၁၂၃
- ဒေါက်တာတင်ထွန်း	၀၇၃-၂၁၄၁၉
- ဦးတင်လှိုင် (ခရိုင်ဦးစီးမှူး၊ မွေး/ကုဦးစီး)	၀၇၃-၂၁၀၁၂
- ဒေါ်ခင်အေးကြူ (ရိုးမဘဏ်)	၀၇၃-၂၁၆၁၁
- ဦးကျော်စွာလင်း(မီလျှံနာ)	၀၇၃-၂၁၆၆၇

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း
GSM **မိုဘိုင်းတယ်လီဖုန်းစနစ်တည်ဆောက်ရေးစီမံကိန်း၊ ရန်ကုန်မြို့**

GSM မိုဘိုင်းတယ်လီဖုန်းသုံးစွဲသူများသိသာရန်

၂၀၀၃ ခုနှစ် စက်တင်ဘာလအတွက် ရန်ကုန်မြို့ GSM မိုဘိုင်းတယ်လီဖုန်းများ၏ ပြည်တွင်း၊ ပြည်ပခေါ်ဆိုခ အခွန်ငွေတောင်းခံလွှာများကို ပေးဝေထားပြီး ဖြစ်ပါသည်။ စမ်းချောင်းမြို့နယ် ဟံသာဝတီလမ်းရှိ ဝေဇ္ဇုဝန် ငွေလက်ခံစခန်းနှင့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ငွေစာရင်းဌာန၊ အမှတ် ၄၆၅/၄၆၉၊ မဟာဗန္ဓုလလမ်း၊ ရန်ကုန်မြို့တို့တွင် ၂၀-၁၀-၂၀၀၃ ရက်မှ ၃၁-၁၀-၂၀၀၃ ရက်အထိ ငွေပေးသွင်းနိုင်ကြပါသည်။ သတ်မှတ်သည့်ကာလအတွင်း ငွေတောင်းခံလွှာမရရှိပါက ဝေဇ္ဇုဝန်ငွေလက်ခံစခန်းတွင် ငွေတောင်းခံလွှာမိတ္တူများ တောင်းယူ၍ ငွေပေးသွင်းနိုင်ကြပါသည်။ **အခွန်ငွေကြွေးကျန် တယ်လီဖုန်းများကို ဆက်သွယ်မှု ဖြတ်တောက်မည်ဖြစ်၍ ဆောလျင်စွာ ပေးသွင်းကြပါရန် နှိုးဆော်အပ်ပါသည်။**

အခွန်ငွေများကို လစဉ်ပေးသွင်းခြင်းမပြုလိုသူများအတွက် ကြိုတင်ငွေပေးသွင်းသည့်စနစ်ကို ကျင့်သုံးလိုပါက တစ်လပျမ်းမျှကျသင့်ငွေ၏ အနည်းဆုံး သုံးလစာကို ကြိုတင်ငွေအဖြစ် ပေးသွင်းထားရှိနိုင်ပါသည်။ အသေးစိတ်သိရှိလိုပါက GSMမိုဘိုင်း တယ်လီဖုန်းငွေလက်ခံစခန်း၊ ငွေစာရင်းဌာန(ဝေဇ္ဇုဝန်)၊ ဖုန်း-၅၀၅၂၀၈ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း
GSM **မိုဘိုင်းတယ်လီဖုန်းစနစ်တည်ဆောက်ရေးစီမံကိန်း**

စားပွဲနှင့် ကုလားထိုင်များ ငှားရန်

အလှူ၊ ထိမ်းမြားမင်္ဂလာ၊ အစည်းအဝေး အခမ်းအနားများတွင် ခေတ်မီ ပလတ်စတစ် စားပွဲနှင့် ကုလားထိုင်များ ဈေးနှုန်းသက်သာစွာဖြင့် ငှားရမ်းနေပါသည်။

နံနက် ၉:၃၀ မှ ညနေ ၄:၃၀ နာရီအတွင်း ဆက်သွယ်နိုင်ပါသည်။

အမှတ် ၂၂၈၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်
ဖုန်း-၂၄၅၆၂၀၊ ၂၄၅၆၄၂



ဘုရား၊ သိမ်၊ ကျောင်း၊ ဆေးရုံ၊ ဇရပ်၊ ရေတွင်း၊ ရေကန်၊ တံတိုင်း၊ ရေအလှူရှင် ဒါယကာကြီး
(ကျုံမငေး၊ ညောင်တုန်း၊ ဝါးခယ်မအသင်းနာယက)

ဦးတင်နွယ်

အသက်(၉၀)

ရန်ကုန်မြို့၊ အုတ်စက်ရုံအမှတ်(၁)၊ အရာရှိရိပ်သာ၊ တညင်းကုန်း၊ အင်းစိန်မြို့နယ်နေ (ဒေါ်ကြည်ကြည်)၏ခင်ပွန်း၊ ဦးဇော်မင်း (UNHCR)၊ ဒေါက်တာဒေါ်ခင်ဇမူ(ပါမောက္ခ၊ ခွဲစိတ်အထူးကုဆရာဝန်ကြီး၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ဆေးတက္ကသိုလ်-၁)၊ ဒေါက်တာမြင့်ဟန် (ဒု-ညွှန်ချုပ်၊ ငြိမ်း၊ MSTRD)၊ ဒေါ်ခင်မြင့်ခိုင် (RUBY)၊ ဦးဝေလွင် (အထွေထွေမန်နေဂျာ၊ ကြွေ/မြေ၊ စက်မှု-၁)-ဒေါ်တင်သိန်းနွယ်(ဒုလက်ထောက်ညွှန်မှူး၊ MAMI၊ စက်မှု-၂)တို့၏ကျေးဇူးရှင်ဖခင်ကြီး၊ မစုယမင်း(ခေတ္တ-စင်ကာပူ)၊ မဖြူမာသိမ့်(Grape City Ltd.)၊ မောင်အောင်မျိုးသက်(C/O Eastwind Co.)၊ မမေဦးဟန်(U.M.A)၊ မပွင့်မာဟန်(U.M.A)၊ မောင်တက်တိုးဟန်(Pilot Malaysian Flying Academy)၊ အလုပ်သင်ဗိုလ် ဒေါက်တာစည်သူလွင် (တပ်မတော်ဆေးတက္ကသိုလ်)တို့၏ ချစ်လှစွာသောအဘိုး၊ မြစ် နှစ်ယောက်တို့၏အဘေးသည် ၂၇-၁၀-၂၀၀၃ရက် (တနင်္လာနေ့) နံနက် ၃:၂၀ နာရီတွင် ကွယ်လွန်သွားပါ၍ ကွယ်လွန်သူ၏ဆန္ဒအရ ခန္ဓာကိုယ်အား ယင်းနေ့တွင်ပင် တပ်မတော်ဆေးတက္ကသိုလ်(မင်္ဂလာဒုံ)သို့ လှူဒါန်းပြီးဖြစ်ပါကြောင်း။

၂-၁၁-၂၀၀၃ရက် (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဒေါ်ကြည်ဝင်းမြင့် (လွယ်လင်)

အသက်(၄၄)နှစ်

လွယ်လင်မြို့နေ (ဦးစိုးမြင့်-ဒေါ်စိန်အေး)တို့၏ ဒုတိယသမီး၊ ပဲခူးမြို့၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းနေ (ရဲမှူးကြီးဦးရွှေကြာ-ဒေါ်ခင်ခင်အေး)တို့၏ သမီးချွေးမ၊ (ဦးသာဌေး)၏ဇနီး၊ စိုင်းမြင့်ကျော်၊ စိုင်းယဉ်မင်းအေး၊ ကျော်မင်းသန့်(ခ)လုံးတုံးတို့၏မိခင်သည် ၂၇-၁၀-၂၀၀၃ရက် ည ၉:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၁၀-၂၀၀၃ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (ရန်ကုန်ပြည်သူ့ဆေးရုံကြီး ရင်ခွဲရုံမှ ကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူညီအစ်ကိုများ။

ကျေးဇူးဆပ်ပါမည်

ကျွန်တော်၏ နိုင်ငံသားစိစစ်ရေးကတ်အမှတ် ၁၂/ဒဂတ(နိုင်)၀၄၆၀၇၀ ကတ်နှင့်အရေးကြီးစာရွက်စာတမ်းများ ထည့်ထားသော ပိုက်ဆံအိတ် ပျောက်သွားပါသဖြင့် တွေ့ရှိပါက ထိုက်ထိုက်တန်တန် ကျေးဇူးဆပ်ပါမည်။ **ဦးရဲနီထွန်း**
ဖုန်း-၅၈၀၄၈၇၊၅၈၀၅၂၃

ကန့်ကွက်နိုင်ပါသည်

မော်တော်ယာဉ်အမှတ် က/၄၃၇၆ ယာဉ်လက်ဝယ်ရှိသူက မော်တော်ယာဉ် မှတ်ပုံတင်စာအုပ် (ကမ-၃) မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည်သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကညန၊ တိုင်းဦးစီးမှူးရုံး (ပဲခူး) သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။
ကညန၊တိုင်းဦးစီးမှူးရုံး(ပဲခူး)

ဦးမြင့်စိုး

ကြီးကြပ်ရေးမှူး(အငြိမ်းစား)
မြန်မာ့အသေးစားချေးငွေလုပ်ငန်း
(ရုံးချုပ်)
မဲဇာလီရွာမ
အသက်(၆၄)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်၊ ဈေးကလေး ၄ လမ်း၊ အမှတ် ၃၀ နေ (ဦးမောင်သန်း)-ဒေါ်စိန်သွင်တို့၏သားကြီး၊ ဦးဝင်းလှိုင်-ဒေါ်အေးသိန်းတို့၏ အစ်ကို၊ ကိုမျိုးသန်းထွန်း-မနွယ်နွယ်ဝင်း၊ ကိုဇော်မင်းထွန်း-မနီလာဝင်း၊ ကိုအောင်မြင့်စိုး-မဖြူဖြူဝင်း၊ မောင်ဖြိုးဝေဝင်းတို့၏ဘကြီး၊ သန့်စင်အောင်၏ အဘိုးသည် ၂၈-၁၀-၂၀၀၃ရက် (အင်္ဂါနေ့) နံနက် ၉:၅၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၁၀-၂၀၀၃ ရက်(ကြာသပတေးနေ့)မွန်းလွဲ ၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁:၄၅ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

အလ္လာရှင်မြတ်အမိန့်တော်ခံယူခြင်း

ဒေါ်အမာ(ခ)မာဘီယာ

(မြစ်ကြီးနား)
အသက်(၆၁)နှစ်

ပင်ဘောမြို့နေ ဦးစံမြ-ဒေါ်အုံးတို့၏ သမီး၊ မိုးညှင်းမြို့နေ (ဦးအာမတ်)-ဒေါ်ဇော်တို့၏ချွေးမ၊မန္တလေးမြို့၊ ရန်မျိုးလုံ၊ကုလားပျိုရပ်၊ အမှတ် ၁၀နေ မမျိုးနီလာ(ကုန်ပို့ကိုယ်စားလှယ်၊ ပါဆယ်-၁)၊ မြစ်ကြီးနားမြို့နေ ဦးအောင်နိုင်-မစိုးမာလာ၊ ကိုမင်းဦး-မသင်းသင်းခိုင်၊ ကိုမောင်မောင်လတ်-မမိမိကြိုင်၊ မသင်းသင်းမာ၊ မမိမိခိုင်တို့၏မိခင်၊မြေး ၁၀ ယောက်၊ မြစ် တစ်ယောက်တို့၏အဘွား၊ မိုးညှင်းမြို့နေ (ဦးဂနီ)-ဒေါ်အမီနာ၊ မန္တလေးမြို့၊ ရန်မျိုးလုံရပ်နေ ဒေါ်ခင်စီ၏ညီမ၊ စစ္စတာဒေါ်ခင်သီ (မနနလ ဆေးရုံ)၏အစ်မ၊ (ဦးခင်မောင်သင်း)၏ ဇနီးသည် ၂၅-၁၀-၂၀၀၃ရက် (စနေနေ့) ည ၇ နာရီတွင် အလ္လာရှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၂၆-၁၀-၂၀၀၃ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် ကုလားပျိုနေအိမ်မှ ကြာနီကန်ကဘာရ်စတန်သို့ ပို့ဆောင်ဒါဖနာပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ကျုံမငေး၊ညောင်တုန်း၊
ဝါးခယ်မအသင်းနာယက

ဦးတင်နွယ်

အသက်(၉၀)

ရန်ကုန်မြို့၊အုတ်စက်ရုံအမှတ်(၁)၊ အရာရှိရိပ်သာ၊ တညင်းကုန်း၊ အင်းစိန်မြို့နယ်နေ (ဦးခရား-ဒေါ်ခွေး)တို့၏ သားထွေး၊ (ဦးစိန်ဟုန်)၊ (ဦးမြဟုန်)၊ (ဒေါ်တင်မြ)၊(ဦးစစ်တင်-ဒေါ်တင်စိန်) တို့၏ညီ/မောင်၊ (ဒေါ်ကြည်ကြည်)၏ ခင်ပွန်း၊ (ဒေါ်ရီရီ)၏အစ်ကို၊ တူ တူမ ၁၀ ယောက်တို့၏ဦးလေး၊ မြေး ၁၄ ယောက်တို့၏ အဘိုးသည် ၂၇-၁၀-၂၀၀၃ရက် (တနင်္လာနေ့) နံနက် ၃:၂၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ကွယ်လွန်သူ၏ ဆန္ဒအရ ခန္ဓာကိုယ်အား ယင်းနေ့တွင်ပင် တပ်မတော်ဆေးတက္ကသိုလ်သို့ လှူဒါန်းပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဒေါ်သန်းစိန်

(သန်လျင်)
အသက်(၈၁)နှစ်

ရန်ကုန်တိုင်း၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ (ဂ)ရပ်ကွက်၊ ဗိုလ်တေဇ ၃ လမ်း၊ အမှတ် ၈ နေ (ဦးတေတူး-ဒေါ်ရွှေဆုံ) တို့၏သမီး၊ (ဦးတင်မောင်)၏ဇနီး၊ ဦးမျိုးမြင့် - ဒေါ်လှသွင် (M.P.E)၊ ဦးတင်စိန် (M.P.P.E၊ မန္တလေး)-ဒေါ်သီသီလှ(ပခုက္ကူတက္ကသိုလ်)၊ ဦးဖေကြည်(M.O.G.E၊ ချောက်)-ဒေါ်ဌေးဌေးဝင်း၊ ဦးသန်းအောင်-ဒေါ်တင်တင်မြ (မြန်မာ့ရပ်ရှင်လုပ်ငန်း)၊ ဦးသိန်းလွင် (ဆလရ၊ ဗဟိုပစ္စည်းထိန်း၊ စိန်ဂျွန်း)-ဒေါ်တင်တင်လှ(အထက-၁၊ သဃ်္ဃန်းကျွန်း)၊ ကိုခင်သူတို့၏မိခင်သည် ၂၈-၁၀-၂၀၀၃ရက် နံနက် ၄:၄၅ နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၃၀-၁၀-၂၀၀၃ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်သန်းကြည်

(ကော့ကဒွတ်)
အသက်(၇၇)နှစ်

ဘီးလင်းမြို့နယ်၊ကော့ကဒွတ်ကျေးရွာနေ (ဦးသာခင်-ဒေါ်ကြိုင်)တို့၏သမီး၊ (ဦးမောင်ထွား)-ဒေါ်သန်းကြွယ်တို့၏ ညီမ၊ [ဦးအောင်ဒင်(ခ)ဦးကြည်]၏ဇနီး၊ ရန်ကုန်မြို့၊ အမှတ် ၈၅၈/က၊ အင်းဝလမ်း၊ (၆)ရပ်ကွက်၊ တ/ဥက္ကလာပမြို့နယ်နေ ဦးရဲညွန့် (ရေနံဓာတု)-ဒေါ်သန်းသန်းဦး၊ ဦးညွန့်တင်-ဒေါ်သိန်းသိန်းဆင့်တို့၏မိခင်၊ မြေး ခြောက်ယောက်တို့၏အဘွားသည် ၂၇-၁၀-၂၀၀၃ ရက်(တနင်္လာနေ့)ည ၇:၄၅ နာရီတွင်ကွယ်လွန်ပါသဖြင့် ၂၉-၁၀-၂၀၀၃ ရက် (ဗုဒ္ဓဟူးနေ့)တွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

စဝ်မိုင်းခေါင်(ခ) Edwin Khong GTI (E.C)

အသက်(၅၆)နှစ်

ရန်ကုန်မြို့၊ အမှတ် ၇ (မြေညီထပ်) ညာခန်း၊ ကွင်းကျောင်း ၂ လမ်းနေ [စဝ်ဖုန်းခေါင်(ခ)ဦးညွန့်ခိုင်]-စဝ်ခမ်းခေါင်မ်တို့၏သား၊ ဦးဘကြည်-(ဒေါ်တင်လှိုင်)တို့၏ သားသမက်၊ ဒေါ်ညွန့်ညွန့်ထွေး၏ခင်ပွန်း၊ (စဝ်ရွက်အို)-နန့်လောင်လိုင်း၊ဦးယဉ်ထွေးသက်-နန်းအမရာ၊ ဦးအဟုန်-ဒေါက်တာနန်းအောင်ခမ်းတို့၏အစ်ကို၊နန်းဝိမာလာ [1st Yr (PR) G.T.C Thanlyin]၊ စိုင်းအောင်ဆေမိုင်း (I.A တန်း၊ အထက-၂၊ စမ်းချောင်း)တို့၏ဖခင်၊ မောင်ဝဏ္ဏ-နန်းရွက်ခေးလိုင်း၊စိုင်းပန်ဖ (ခေတ္တ-USA)၊ မနှင်းအေးဖြူတို့၏ ဘကြီးသည် ၂၇-၁၀-၂၀၀၃ရက် (တနင်္လာနေ့) နံနက် ၃:၂၅ နာရီတွင် အကယ်ဒမီအထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၁၀-၂၀၀၃ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၉:၄၅ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ခင်ညွန့်

(မိုးနိုင်ကြီး)
အသက်(၉၈)နှစ်

ရန်ကုန်မြို့၊ ရွှေဘုံသာလမ်း၊ အမှတ် ၄၁၂ နေ (ဦးထွန်းကျော်-ဒေါ်ဝါဥ)တို့၏ သမီးကြီး၊ (ဦးကျင်လှိုင်)၏ ဇနီး၊ ဦးအောင်ကြီး-ဒေါ်တင်တင်တို့၏မိခင်၊ ဦးဇောတိက၏အစ်မတော်၊ ဦးလှကျော်-ဒေါ်ကျင်နိုင်၊ (ဦးစန်းမြင့်)-ဒေါ်လှမြင့်၊ (ဦးသိန်းကြည်)-ဒေါ်ခင်အေးမြင့်၊ဦးတင်ထွန်း-ဒေါ်အေးအေး၊ ဦးဟန်သန်း-ဒေါ်သန်းသန်းမြင့်တို့၏ကြီးတော်၊ မြေး ၂၀ ယောက်တို့၏ အဘွားသည် ၂၈-၁၀-၂၀၀၃ရက် ည ၇:၀၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၉-၁၀-၂၀၀၃ရက် ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးမြင့်စိုး (Henry)

B.Sc(Hons), B.Sc(Ind, Chem) (B.H.U), D.P.A (The Hague)
ဒု-ညွှန်ကြားရေးမှူး(ငြိမ်း)
စက်မှုစီမံကိန်းဦးစီးဌာန
အသက်(၇၆)နှစ်

ရန်ကုန်မြို့နေ (ဦးစောယုဟောင်-ဒေါ်ခင်ဆုံ)တို့၏သား၊ အမှတ် ၁၁၁၊ ဗိုလ်တထောင်ဘုရားလမ်း၊ ရန်ကုန်မြို့နေ ဒေါ်ချစ်ချစ်၏ခင်ပွန်း၊ ဒေါ်မြင့်မြင့်၊ ဦးအောင်အောင်(ဆက်/ထောက်အရာရှိ၊ မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း)-ဒေါ်ခင်စုမော်၊ ဦးသက်နိုင်(အင်ဂျင်နီယာမှူးကြီး၊ Air Mandalay)-ဒေါ်နွယ်နီဝင်း(Air Mandalay)၊ ဗိုလ်မှူးခိုင်ခိုင်စု (တပ်မတော်ဆေးတက္ကသိုလ်) - ဗိုလ်ကျော်ဝဏ္ဏ၊ ဒေါ်ခင်ခင်စု၊ ဦးသီရိမောင်(CTT)တို့၏ဖခင်၊မောင်ဝေဖြိုး-မအေးစန္ဒာ၊ မောင်အောင်ကျော်၊ မောင်ညီထူးတို့၏အဘိုး၊ မောင်ဉာဏ်လင်းဖြိုး၏ ဘိုးဘိုးကြီးသည် ၂၇-၁၀-၂၀၀၃ရက် နံနက် ၀၀:၅၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၉-၁၀-၂၀၀၃ရက် မွန်းလွဲ ၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။(ဗိုလ်တထောင်ဘုရားလမ်းနေအိမ်မှကားများ နံနက် ၁၀:၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးငွန်ကြည်

(ပုသိမ်)
အသက်(၅၈)နှစ်

ပုသိမ်မြို့၊ အမှတ် ၄၉၊ မင်းကြီးလမ်းနေ ဦးစိန်ဌေး-(ဒေါ်ကြည်အေး)တို့၏ သား၊ ဦးလှသိန်း-ဒေါ်မြင့်မြင့်တို့၏ အစ်ကိုကြီး၊ ၂၁၁၊ အခန်း ၁၊ သရဖီလမ်း၊ (၂၅)ရပ်ကွက်၊ သုဝဏ္ဏမြို့နေ ဒေါ်ခင်မေတင့်၏ခင်ပွန်း၊ မနော်ဇာကြည်၊ မသူဇာကြည်၊ မညီဇာကြည်၊ မောင်အောင်ကိုကြည်၊ မယုဇာကြည်၊ မောင်ဟိန်းကိုကြည်တို့၏ဖခင်သည် ၂၇-၁၀-၂၀၀၃ရက် (တနင်္လာနေ့)တွင် သဃ်္ဃန်းကျွန်း စံပြဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၁၀-၂၀၀၃ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁:၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ရဟန်း၊သိမ်၊ကျောင်းဒါယကာ

သက်ကိုကိုမြင့်(ခ)ဘာဘူ

(ပြည်မြို့)
Bot Final (ပြည်တက္ကသိုလ်)
အသက်(၂၇)နှစ်

ပြည်မြို့၊ အမှတ် ၆၅၂၊ ပွဲစားလမ်း၊ အိုးတန်းရပ်နေ (ဦးချစ်-ဒေါ်မြရီ)အောင်မြန်မာပဲခွဲစက်တို့၏မြေး၊ (ဒုရဲမှူး ရဲမြင့်)-ဒေါ်စန်းစန်းချစ်(အမှတ်-၃၊ရုံးဈေးကြီး) တို့၏သားထွေး၊ ကိုသိန်းဦး၊ မရီရီချို (အမှတ်-၄၊ရုံးဈေးကြီး)၊ မနန်းကေခိုင် (ဓာတ်ခွဲကျွမ်းကျင်၊ ပြည်သူ့ဆေးရုံကြီး ပြည်မြို့)၏ ညီ/မောင်၊ မောင်စည်သူ၊ မမြင့်အိန္ဒြေဦးတို့၏ဦးလေးသည် ၂၈-၁၀-၂၀၀၃ရက်(အင်္ဂါနေ့)နံနက် ၄:၃၀ နာရီတွင်ကွယ်လွန်ပါသဖြင့် ၃၀-၁၀-၂၀၀၃ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် အထက်ပါနေအိမ်မှ ရွှေလင်ပန်းသုသာန်သို့ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ပေါင်းတည်အသင်း(ရန်ကုန်မြို့)

ဦးသိန်းအောင်

အသက်(၇၉)နှစ်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ကုန်သည်လမ်း၊ အမှတ် ၄၄၂ (ပထမထပ်/ဝဲ)နေ (ဒေါ်ခင်ထွေး)၏ခင်ပွန်း၊ ရာသက်ပန်အသင်းဝင်များဖြစ်ကြသော ဒေါ်ခင်လှမြတ်၊ ဒေါ်ရွှေစင်တို့၏ဖခင် ရာသက်ပန်အသင်းဝင် (ရာ-၇၆၇) ဦးသိန်းအောင်သည် ၂၄-၁၀-၂၀၀၃ရက်တွင်ကွယ်လွန်ပါ၍ ၂၅-၁၀-၂၀၀၃ရက် ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပြီးစီးပါကြောင်း။
အမှုဆောင်အဖွဲ့။

ရဟန်း၊သိမ်၊ကျောင်းအမကြီး

ဒေါ်အေးကြိုင်

အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၂)ရပ်ကွက်၊ ကံဘဲ့ဘူတာရုံလမ်း၊ အမှတ် ၁၂၂ နေ (ဦးပေါ်ရှင်-ဒေါ်စောတင်) တို့၏သမီး၊ (ဦးစိုးမောင်)၏ဇနီး၊ ဦးကျင်စိန်-ဒေါ်မြစိန်၊ ဦးဝင်းမြင့်-ဒေါ်မြညွန့်၊ (ဦးအောင်သိန်း) - ဒေါ်သန်းမြင့်၊ (ဦးသောင်းမြင့်)-ဒေါ်ဝင်၊ ဦးယဉ်ထွေး-ဒေါ်နှင်းနှင်းလှ၊ ဦးကြီးမြင့်-ဒေါ်ဥမ္မာ၊ ဒေါ်စန်းစန်းမူ၊ ဦးတင်အောင်-ဒေါ်စိုးစိုးသန်းတို့၏မိခင်၊ မြေး ၂၄ ယောက်၊ မြစ် သုံးယောက်တို့၏အဘွားသည် ၂၈-၁၀-၂၀၀၃ရက်(အင်္ဂါနေ့)နံနက် ၁၀:၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၁၀-၂၀၀၃ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁:၃၀နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး

ဦးချစ် (ကြည့်မြင်တိုင်)

အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဇေယျဝတီလမ်း၊ အမှတ် ၁၆နေ (ဦးဘ-ဒေါ်အေးလှ)တို့၏သား၊ (ဦးဘအေး-ဒေါ်သန်းတင်)တို့၏ သားသမက်၊ ဒေါ်ထားရီ၏ခင်ပွန်း၊ ဦးမြတ်မော်-ဒေါ်ချောစုမာ (လယ်ယာထွက်ကုန်)၊ ဦးစိုးမြင့်(LMT Co., Ltd.)-ဒေါ်မြင့်မြင့်ခင်၊ ဦးကျော်ဌေး-ဒေါ်ဌေးဌေးဝင်း၊ ဦးသန်းလွင်-ဒေါ်မြတ်မာထွန်း (ဟိန်းထက်သစ်ဆိုင်)၊ဦးခင်မောင်လွင်(ခေတ္တ-စင်ကာပူ)-ဒေါ်နိုင်နိုင်ကျော်၊ ဦးရဲလွင်၊ ဦးအောင်လွင်-ဒေါ်သီတာစိုးတို့၏ဖခင်၊ မောင်ကျော်သူ၊ မောင်တင်အောင်လွင်၊ မောင်အောင်ငြိမ်းမင်း၊ မောင်ဟိန်းထက်၊ မောင်အောင်သူ၊ မစန်းလဲ့နိုင်၊ မမေသူ၊ မဆုရတနာ၊ မောင်ဖိုးပြည့်၊ မမေသက်ကျော်၊ မောင်အောင်ငွေသိန်းတို့၏အဘိုးသည် ၂၈-၁၀-၂၀၀၃ ရက် နံနက် ၆ နာရီတွင်ကွယ်လွန်သွားပါ၍ ၃၀-၁၀-၂၀၀၃ ရက် ညနေ ၃ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည် ဖြစ်ပါသည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁:၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးအောင်မြင့်ကြည်

လေဆိပ်တာဝန်ခံ၊ ခန္တီးမြို့
အသက်(၄၈)နှစ်

ခန္တီးမြို့၊ လေကြောင်းဦးစီးဌာန ဝင်းနေ ဒေါ်အေးအေးမွန်၏ခင်ပွန်း၊ မအယ်ပြူး၊ မောင်ရန်ရန်၊ မမေသဲချို တို့၏ဖခင်သည် ၂၇-၁၀-၂၀၀၃ရက် နံနက် ၈:၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း ရပ်ဝေးရပ်နီး မိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။
ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး

ဦးဘိုနီမြင့်သိန်း

(အထက်တန်းသူနာပြု)
အသက်(၄၆)နှစ်

ရန်ကုန်တိုင်း၊ သုံးခွမြို့နယ်၊ ဦးရွှေဥာဏ်ပထုပ်ကျေးရွာနေ (ဦးထွန်းရွှေ-ဒေါ်ဝက်)တို့၏သားထွေး၊ ဦးညိုကြီး-(ဒေါ်ထွေးကြည်)၊ ဦးရွှေ၊ ဦးအောင်စိန်-[ဒေါ်မြသွင်(ခ)ဒေါ်ထူး]၊ ဒေါ်လှအုန်းကြည်၊ ဦးပေါက်စ-ဒေါ်သန်းဌေး၊ ဦးမြင့်ဆွေ-ဒေါ်အေးရီတို့၏ ညီ/မောင်သည် ၂၆-၁၀-၂၀၀၃ရက်တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးအထူးကြပ်မတ်ကုသဆောင်၌ကွယ်လွန်သွားပါ၍ ၃၀-၁၀-၂၀၀၃ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ဦးရွှေဥာဏ်ပထုပ်ကျေးရွာနေအိမ်မှ ကျေးရွာသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ် မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။ R. 488

စစ်တွေမြို့ရှိ အလိုတော်ပြည့်ကျောင်းတိုက် အလိုတော်ပြည့်ဆရာတော်အား ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်း

ရန်ကုန် အောက်တိုဘာ ၂၈

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများလိုက်ပါလျက် အောက်တိုဘာ ၂၇ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့်ထွက်ခွာကြရာ ရခိုင်ပြည်နယ် စစ်တွေလေဆိပ်သို့ နံနက် ၁၀ နာရီတွင် ရောက်ရှိကြသည်။

စာမျက်နှာ ၉ ကော်လံ ၃ *

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း စစ်တွေမြို့ အလိုတော်ပြည့်ကျောင်းတိုက်ဆရာတော်အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ **(သတင်းစဉ်)**

နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့် တူရကီနိုင်ငံအမျိုးသားနေ့သဝဏ်လွှာပေးပို့

ရန်ကုန် အောက်တိုဘာ ၂၉

၂၀၀၃ ခုနှစ် အောက်တိုဘာ ၂၉ ရက်နေ့တွင် ကျရောက်သော တူရကီသမ္မတနိုင်ငံ၏ အမျိုးသားနေ့အတွက် ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ထံမှ တူရကီသမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ ရီးဆပ် တေးရစ် အာဒိုဂန်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

တူရကီသမ္မတနိုင်ငံအမျိုးသားနေ့ နိုင်ငံခြားရေးဝန်ကြီးသဝဏ်လွှာပေးပို့

ရန်ကုန် အောက်တိုဘာ ၂၉

၂၀၀၃ ခုနှစ် အောက်တိုဘာ ၂၉ ရက်နေ့တွင်ကျရောက်သော တူရကီသမ္မတနိုင်ငံ၏အမျိုးသားနေ့အတွက် ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဝင်းအောင်ထံမှ တူရကီသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာအဗ္ဗဒူလာ ဂူး(လ်)ထံသို့ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ဆက်လက်ယှဉ်ပြိုင်

ရန်ကုန် အောက်တိုဘာ ၂၈

ကောဒသမအကြိမ် (၁၁ ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ၏ ၁၅ ရက်မြောက်နေ့ ပြိုင်ပွဲအစီအစဉ်များကို ရန်ကုန်မြို့ရှိ သတ်မှတ်နေရာအသီးသီး၌ စည်ကားသိုက်မြိုက်စွာဖြင့် ယနေ့ ဆက်လက်ကျင်းပသည်။

စာမျက်နှာ ၁၄ ကော်လံ ၁ ▼

ကောဒသမအကြိမ် (၁၁ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်ပရိသတ်များ ဝါသနာရှင် အဆင့်(အမျိုးသား) ခေတ်ဟောင်း/ကာလပေါ် အဆိုပြိုင်ပွဲကို ကြည့်ရှုအားပေးစဉ်။ **(သတင်းစဉ်)**

အခြေခံပညာ အဆင့် အသက် (၁၀ – ၁၅) နှစ် (အမျိုးသမီး) ပတ္တလားအတီး ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်စဉ်။ **(သတင်းစဉ်)**

ကျွဲကူး–ကျောက်ဖျာတံတား

ကျွဲကူး– ကျောက်ဖျာတံတားသည် မြိတ်-ထားဝယ် ကားလမ်းပေါ်၌တည်ရှိပြီး တံတားအရှည်မှာ ၃၆၁၂ ပေရှိသည်။ ယာဉ်သွားလမ်းအကျယ်မှာ ၂၈ ပေဖြစ်ပြီး တစ်ဖက်လျှင် ခြောက်ပေစီရှိသည့် လူသွားလမ်းတို့ ပါရှိသည်။ ခွင့်ပြုယာဉ်အလေးချိန်မှာ ယာဉ်တစ်စီးချင်းတန် ၆၀ ဖြစ်သည်။

ယနေ့ထုတ်စောင်ရေ

၂၀၂၂၇၆

29-10 (20).p65 1 3/24/05, 12:52 PM